# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# သတ္တမပုံမှန်အစည်းအဝေး
# (၁၇) ရက်မြောက်နေ့ မှတ်တမ်း

မူကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စည်းအဝေး တက်ရောက်မှုအခြေအနေကို မှတ်တမ်း တင်ခြင်း | ၄ |
| ၅ | ယာဉ်မတော်တဆဖြစ်စဉ်များ လျော့နည်းပပျောက်စေရန် ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမ ကြီးအား ခေတ်မီသော(၄)လမ်းသွား အဆင့်တိုးမြှင့် ဆောင်ရွက်ပေးခြင်းနှင့် အဆင့်မီလုံခြုံရေး အထောက်အကူပြုပစ္စည်းများ တပ်ဆင်ထိန်းကျောင်းပေးခြင်း၊ မော်တော်ယာဉ်နှင့် ပတ်သက်၍ လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများကို အထူးစီမံချက်များ ရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၆ | လာဘို့ရွာ-မင်းကင်း လမ်းကြောင်းပေါ်ရှိ ညောင်ကုန်းတံတားကို ခံနိုင်ဝန်အတိုင်းသာ ဖြတ်သန်းခွင့်ပြုရန်၊ ကွန်ကရစ်မခင်းရသေးသောလမ်းပိုင်း (၆) မိုင်ကို အမြန်ခင်းပေးရန်နှင့် ပျက်စီးသွားသော ကွန်ကရစ်လမ်းပိုင်းများ အမြန်ပြုပြင်ပေးရန်တို့နှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၀ |
| ၇ | ခေါင်လန်ဖူးမြို့နယ်အတွင်းရှိ ပြည်သူလူထုအမှန်တကယ်လိုအပ်သော လမ်းနှင့် တံတားများ ပြုလုပ် ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၂ |
| ၈ | မြစ်ကြီးနား-နမ္မတီး-တနိုင်း-ရှင်ဗွေယန်-တဒက်ခ-ပန်ဆောင်လမ်းကို ကတ္တရာ လမ်းခင်းနိုင်ရန် မည်ကဲ့သို့ စီမံဆောင်ရွက်နေသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၄ |
| ၉ | ဆောမြို့နယ်အတွင်းရှိ တပြင်းကျေးရွာမှ ကျောက်လိပ်ကျေးရွာအထိ ၁၈ မိုင်အရှည် ကျောက်ချောလမ်း အား ကွန်ကရစ် သို့မဟုတ် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်း သည့်မေးခွန်း | ၁၇ |
| ၁၀ | ကနီ-ကင်းလမ်းအူကြောင်းပိုင်းအား ကျေးရွာအများအပြားလက်လှမ်းမီ | ၁၈ |

အသုံးပြုနိုင်သော လမ်းအူကြောင်းတစ်ခုဖြစ်စေရန် ပြောင်းလဲ ဖောက်လုပ်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း

၁၁ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက တင်သွင်းသည့် မြန်မာနိုင်ငံ မိခင်နှင့် ၂၁
ကလေး စောင့်ရှောက်ရေးအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာ ထပ်မံဖတ်ကြား ရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

၁၂ ဒေါ်နန်းခမ်းအေး၊ နမ္မတူမဲဆန္ဒနယ်က တင်သွင်းသည့် ပြည်ထောင်စု၊ ၂၄
တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာန အဖွဲ့အစည်းများအနေဖြင့် တင်ဒါများအားခေါ်ယူဆောင်ရွက်ရာတွင် လုပ်ငန်းနှင့်သက်ဆိုင်သော ပစ္စည်းများ၏ သယ်ယူပို့ဆောင်ခစရိတ်များနှင့် နည်းပညာအရ ဝန်ကြီးဌာနမှ လုပ်ဆောင်ရန် မလိုသောလုပ်ငန်းတစ်ခုလုံးအပြီး ဆောင်ရွက်ရသည့် လုပ်ငန်းများကို တင်ဒါမခေါ်ဘဲ ကန်ထရိုက်ရတင်ဒါအောင်မြင်သူတစ်ဦးကဲ့သို့ လုပ်ကိုင်ဆောင်ရွက်နေခြင်း၊ ညွှန်ကြားချက်များ၊ လုပ်ငန်းလမ်းညွှန်ချက်များနှင့် ကွဲလွဲစွာဆောင်ရွက်နေခြင်းတို့ကို ညွှန်ကြားချက်များ၊ လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ အမြန်ဆုံးလိုက်နာဆောင်ရွက်ရန်နှင့် တင်ဒါပေးရာတွင် ဒေသနှင့်ကိုက်ညီသော ပြီးပြည့်စုံသည့်လုပ်ငန်းပုံစံ(Drawing)များနှင့် တွက် ချက်မှု (Estimate) များကို သက်ဆိုင်ရာဝန်ကြီးဌာနမှသာ တာဝန်ယူ ဆောင်ရွက်ပေးပြီး ဈေးနှုန်း(Rate)များကို တင်ဒါဆွဲမည့် ကုမ္ပဏီများကို ထည့်သွင်းရေးဆွဲစေခြင်းဖြင့် မျှတစွာယှဉ်ပြိုင်မှုကို ဖော်ဆောင်ပေးရန်အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

၁၃ ဒေါ်နန်းခမ်းအေး၊ နမ္မတူမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ၄၆
သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

၁၄ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၇) ရက် ၅၅
မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၈) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး

## (၁၇)ရက်မြောက်နေ့ အစီအစဉ်

## [ ၁၄-၂-၂၀၁၈ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း-

(က) ဦးစိုင်းဝေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၏ **ယာဉ်မတော်တဆဖြစ်စဉ်များ လျော့နည်းပပျောက်စေရန် ရန်ကုန်- နေပြည်တော်- မန္တလေး အမြန်လမ်းမကြီးအား ခေတ်မီ (၄)လမ်းသွား အဆင့်တိုးမြှင့်ဆောင်ရွက်ပေးခြင်းနှင့် အဆင့်မီလုံခြုံရေး အထောက်အကူပြုပစ္စည်းများ တပ်ဆင်ထိန်းကျောင်းပေးခြင်း၊ မော်တော်ယာဉ်နှင့်ပတ်သက်၍ လိုက်နာရမည့် စည်းမျဉ်း စည်းကမ်းများကို အထူးစီမံချက်များ ရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးမောင်မြင့်၊ မင်းကင်း မဲဆန္ဒနယ်၏ **လာဘ်တို့ရွာ–မင်းကင်း လမ်းကြောင်းပေါ်ရှိ ညောင်ကုန်းတံတားကို ခံနိုင်ဝန်အတိုင်းသာ ဖြတ်သန်းခွင့်ပြုရန်၊ ကွန်ကရစ်မခင်းရသေးသော လမ်းပိုင်း ၆ မိုင်ကို အမြန်ခင်းပေးရန်နှင့် ပျက်စီးသွားသော ကွန်ကရစ်လမ်းပိုင်းများ အမြန်ပြုပြင်ပေးရန်** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးအာမိုးဆီ၊ ခေါင်လန်ဖူး မဲဆန္ဒနယ်၏ **ခေါင်လန်ဖူးမြို့အတွင်းရှိ ပြည်သူလူထုအမှန်တကယ်လိုအပ်သော လမ်းနှင့် တံတားများ ပြုလုပ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးလင်းလင်းဦး၊ တနိုင်း မဲဆန္ဒနယ်၏ **မြစ်ကြီးနား–နမ္မတီး–တနိုင်း–ရှင်ဗွေယန်–တဒက်ခ–ပန်းဆောင်လမ်းကို ကတ္တရာလမ်းခင်းနိုင်ရန် မည်ကဲ့သို့ စီမံဆောင်ရွက်နေသည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးကျော်တင်၊ ဆော မဲဆန္ဒနယ်၏ **ဆောမြို့နယ်အတွင်းရှိ တပြင်းကျေးရွာမှ ကျောက်လိပ်ကျေးရွာအထိ (၁၈)မိုင်အရှည် ကျောက်ချောလမ်းအား ကွန်ကရစ် သို့မဟုတ် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးထွန်းထွန်းနိုင်၊ ကနီ မဲဆန္ဒနယ်၏ **ကနီ–ကင်းလမ်းအူကြောင်းပိုင်းအား ကျေးရွာအများအပြားလက်လှမ်းမီ အသုံးပြုနိုင်သော လမ်းအူကြောင်းတစ်ခု ဖြစ်စေရန် ပြောင်းလဲ ဖောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက တင်သွင်းသည့် **“မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ထပ်မံဖတ်ကြားရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ ဒေါ်နန်းခမ်းအေး၊ နမ္မတူ မဲဆန္ဒနယ်က တင်သွင်းသည့် **“ ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာနအဖွဲ့အစည်းများအနေဖြင့် တင်ဒါများအား ခေါ်ယူဆောင်ရွက်ရာတွင် လုပ်ငန်းနှင့်သက်ဆိုင်သော ပစ္စည်းများ၏ သယ်ယူပို့ဆောင်ခစရိတ်များနှင့် နည်းပညာအရ ဝန်ကြီးဌာနမှ လုပ်ဆောင်ရန် မလိုသော လုပ်ငန်းတစ်ခုလုံးအပြီး ဆောင်ရွက်ရသည့် လုပ်ငန်းများကို တင်ဒါမခေါ်ဘဲ ကန်ထရိုက်ရ တင်ဒါအောင်မြင်သူ တစ်ဦးကဲ့သို့ လုပ်ကိုင်ဆောင်ရွက်နေခြင်း၊ ညွှန်ကြားချက်များ၊ လုပ်ငန်းလမ်းညွှန်ချက်များနှင့် ကွဲလွဲစွာ ဆောင်ရွက်နေခြင်းတို့ကို ညွှန်ကြားချက်များ၊ လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ အမြန်ဆုံးလိုက်နာဆောင်ရွက်ရန်နှင့် တင်ဒါပေးရာတွင် ဒေသနှင့်ကိုက်ညီသော ပြီးပြည့်စုံသည့် လုပ်ငန်းပုံစံ (Drawing) များနှင့် တွက်ချက်မှု (Estimate) များကို သက်ဆိုင်ရာဝန်ကြီးဌာနမှသာ တာဝန်ယူဆောင်ရွက်ပေးပြီး ဈေးနှုန်း (Rate) များကို တင်ဒါဆွဲမည့် ကုမ္ပဏီများကို ထည့်သွင်းရေးဆွဲစေခြင်းဖြင့် မျှတစွာ ယှဉ်ပြိုင်မှုကို ဖော်ဆောင်ပေးရန် ”** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးစိုင်းဦးခမ်း၊ သိန္နီ မဲဆန္ဒနယ်၊

(ခ) ဦးစိုင်းသန့်ဇင်၊ သီပေါ မဲဆန္ဒနယ်၊

(ဂ) ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါ မဲဆန္ဒနယ်၊

(ဃ) ဒေါက်တာဒေါ်ကြည်မို့မို့လွင်၊ စဉ့်ကိုင် မဲဆန္ဒနယ်၊

(င) ဦးအောင်သိုက်၊ ဆိပ်ဖြူ မဲဆန္ဒနယ်၊

(စ) ဦးဉာဏ်ဟိန်း၊ သံဖြူဇရပ် မဲဆန္ဒနယ်၊

(ဆ) ဒေါက်တာဒေါ်ပြုံး၊ အင်းတော် မဲဆန္ဒနယ်၊

(ဈ) ဦးစိုင်းဆိုင်မိုင်း၊ မိုင်းကိုင် မဲဆန္ဒနယ်၊

(ဈ) ဒေါ်ဝင့်ဝါထွန်း၊ ရွာတော မဲဆန္ဒနယ်၊

(ည) ဦးဖြိုးဇေယျာသော်၊ ဇမ္ဗူသီရိ မဲဆန္ဒနယ်၊

(ဋ) ဦးတင်ကိုကိုဦး (ခ) ဦးအတွတ်၊ ဘီးလင်း မဲဆန္ဒနယ်၊

၈။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၈)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး
## (၁၇)ရက်မြောက်နေ့မှတ်တမ်း

### ၁၃၇၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်
### (၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)
### (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(၁၇)ရက်မြောက်နေ့အစီအစဉ်စတင်ပါတော့မယ်။

### ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

### ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(၁၇)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိတဲ့အနက် ၃၇၃ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၆.၁၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

မှုကြမ်း

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးသောင်းဋ္ဌေးလင်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့ ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(၁၇)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့်ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသောကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၇၃ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၅၆ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးဉာဏ်ထွန်း ခွင့် ၁ ရက်၊
(၂) သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင် ခွင့် ၂ ရက်၊
(၃) ကော့မှူးမဲဆန္ဒနယ်မှ ဦးကျော်ဆွေဝင်း(ခ)ဦးအာလူး ခွင့် ၁ ရက်၊
(၄) မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူ ခွင့် ၃ ရက်၊
(၅) ကန့်ဘလူမဲဆန္ဒနယ်မှ ဒေါက်တာလှိုင်မြင့်ဟန် ခွင့် ၁ ရက်၊
(၆) လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး ခွင့် ၁ ရက်၊
(၇) ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင် ခွင့် ၁ ရက်၊
(၈) ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်နီရွှေလျှန်း ခွင့် ၁ ရက်၊
(၉) တောင်ငူမဲဆန္ဒနယ်မှ ဦးခင်မောင်သန်း ခွင့် ၁ ရက်၊
(၁၀) တောင်ကြီးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သန်းငွေ ခွင့် ၁ ရက်၊
(၁၁) စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင် ခွင့် ၁ ရက်၊
(၁၂) တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း ခွင့် ၁ ရက်၊
(၁၃) ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင် ခွင့် ၃ ရက်၊
(၁၄) ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ ခွင့် ၁ ရက်၊
(၁၅) မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းစန်သိန်း ခွင့် ၁ ရက်၊
(၁၆) သာကေတမဲဆန္ဒနယ်မှ ဒေါက်တာဝေဖြိုးအောင် ခွင့် ၁ ရက်၊
(၁၇) ဝန်းသိုမဲဆန္ဒနယ်မှ ဦးနေစိုးအောင် ခွင့် ၁ ရက်၊
(၁၈) ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော ခွင့် ၃ ရက်၊
(၁၉) အုတ်ဖိုမဲဆန္ဒနယ်မှ ဦးဇော်မင်း ခွင့် ၃ ရက်၊

(၂၀)　မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ခွင့် ၁ ရက်၊
(၂၁)　မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး ခွင့် ၂ ရက်၊
(၂၂)　ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၁ ရက်၊
(၂၃)　ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးသောင်းဋ္ဌေးလင်း ခွင့် ၁ ရက်၊
(၂၄)　ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင် ခွင့် ၁ ရက်၊
(၂၅)　လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေး ခွင့် ၁ ရက်၊
(၂၆)　မြောင်မဲဆန္ဒနယ်မှ ဦးဌေးငွေ ခွင့် ၁ ရက်၊
(၂၇)　မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၃ ရက်၊
(၂၈)　မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး ခွင့် ၃ ရက်၊
(၂၉)　ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင် ခွင့် ၁ ရက်၊
(၃၀)　ဇလွန်မဲဆန္ဒနယ်မှ ဦးအောင်မင်း ခွင့် ၁ ရက်၊
(၃၁)　ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင် ခွင့် ၃ ရက်၊
(၃၂)　မြိတ်မဲဆန္ဒနယ်မှ ဦးစိုးပိုင်ဌေး ခွင့် ၃ ရက်၊
(၃၃)　ရေဖြူမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး ခွင့် ၃ ရက်၊
(၃၄)　တီးတိန်မဲဆန္ဒနယ်မှ ဦးကျင့်ရှင်းထန် ခွင့် ၁ ရက်၊
(၃၅)　မယ်စဲမဲဆန္ဒနယ်မှ ဦးသန်းလင်းလင်း ခွင့် ၃ ရက်၊
(၃၆)　မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင် ခွင့် ၁ ရက်၊
(၃၇)　စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်သိန်းခိုင် ခွင့် ၃ ရက်၊
(၃၈)　ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင် ခွင့် ၃ ရက်၊
(၃၉)　တွန်းဇံမဲဆန္ဒနယ်မှ ဦးခမ်ခန့်ထန် ခွင့် ၁ ရက်၊
(၄၀)　အင်္ဂပူမဲဆန္ဒနယ်မှ ဦးအေးဝင်း ခွင့် ၃ ရက်၊
(၄၁)　ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်စိုး(ခ)ဒေါ်မေစိုး ခွင့် ၁ ရက်၊
(၄၂)　လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဝင်းမင်း ခွင့် ၁ ရက်၊
(၄၃)　ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် ခွင့် ၁ ရက်၊
(၄၄)　အလုံမဲဆန္ဒနယ်မှ ဦးရဲလွင် ခွင့် ၁ ရက်၊
(၄၅)　အင်းစိန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဦး ခွင့် ၁ ရက်၊
(၄၆)　ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးနိုင် ခွင့် ၁ ရက်၊
(၄၇)　တန့်ယန်းမဲဆန္ဒနယ်မှ ဦးစိုင်းမောင်ပွင့်(ခ)ဦးအောင်ပွင့် ခွင့် ၁ ရက်၊
(၄၈)　နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၃ ရက်၊
(၄၉)　ဖားကန့်မဲဆန္ဒနယ်မှ ဦးတင့်စိုး ခွင့် ၂ ရက်၊
(၅၀)　ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ် ခွင့် ၁ ရက်၊
(၅၁)　အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို ခွင့် ၁ ရက်၊
(၅၂)　မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ခွင့် ၃ ရက်၊
(၅၃)　သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ် ခွင့် ၃ ရက်၊
(၅၄)　တိုက်ကြီးမဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၃ ရက်၊

**မူကြမ်း**

(၅၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမိုးမြင့်အောင် ခွင့် ၂ ရက်နှင့်

(၅၆) ဗဟန်းမဲဆန္ဒနယ်မှ ဦးထွန်းမြင့် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၄ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၅၆ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၆၀ ဦးရှိပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ်ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး ယခင်ကခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၄ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၅၆ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၆၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ယာဉ်မတော်တဆဖြစ်စဉ်များ လျော့နည်းပပျောက်စေရန် ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးအား ခေတ်မီသော(၄)လမ်းသွား အဆင့်တိုးမြှင့်ဆောင်ရွက်ပေးခြင်းနှင့် အဆင့်မီလုံခြုံရေးအထောက်အကူပြုပစ္စည်းများ တပ်ဆင်ထိန်းကျောင်းပေးခြင်း၊ မော်တော်ယာဉ်နှင့်ပတ်သက်၍ လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများကို အထူးစိမ်ချက်များရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းငေါင်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ဦးစိုင်းဝေါင်းဆိုင်ဟိန်း ဖြစ်ပါတယ်။ နိုင်ငံသားများအကျိုးစီးပွားအတွက် တိကျမှန်ကန်၍ ဘေးအန္တရာယ်ကင်းရှင်းသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများပေါ်ထွန်းလာစေရေးအတွက် ဒီမေးခွန်းကို မေးမြန်းခွင့်တောင်းခံအပ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံ၌ ယာဉ်အန္တရာယ်ကြောင့် သေဆုံး၊ ဒဏ်ရာရရှိမှုနှုန်းထားသည် အာဆီယံနိုင်ငံများတွင် ထိုင်း၊ ဗီယက်နမ်၊ မလေးရှားနိုင်ငံတို့ပြီးလျှင် စတုတ္ထများအဖြစ်ဆုံးနိုင်ငံဖြစ်နေကြောင်း ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန၏ သတင်းအချက်အလက်များအရ သိရှိရပါတယ်။ ကျွန်တော်တို့နိုင်ငံရှိ လက်ရှိယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများလေ့လာကြည့်လျှင်လည်း အားနည်းချက်၊ လိုအပ်ချက်များစွာရှိနေသေးတာကို မြင်တွေ့နေရပါတယ်။ အမြန်လမ်းပေါ်တွင် ကီလိုမီတာ ၁၀၀ အထက် ပိုမိုမောင်းနှင်ခြင်းမပြုရန် မြို့တွင်းလမ်းများတွင် ကီလိုမီတာ ၆၀၊ ကီလိုမီတာ ၃၀ စသဖြင့် ပိုမိုမောင်းနှင်ခြင်းမပြုရန် သတိပေးဆိုင်းဘုတ်များ စိုက်ထူထားသော်လည်း ပိုမိုမောင်းနှင်ကြသဖြင့် မိမိတို့ပြဋ္ဌာန်းထားသော စည်းမျဉ်းစည်းကမ်းကို မိမိတို့ကိုယ်တိုင်မလိုက်နာသကဲ့သို့ ဖော်ပြနေပါတယ်။ ရန်ကုန်-နေပြည်တော်-မန္တလေးအမြန်လမ်းမကြီးပေါ်ရှိ စောင့်ကြည့်ကင်မရာများမှ အရှိန်ဖမ်းနှုန်း၊ အရှိန်ဖမ်းစက်၊ အမြန်နှုန်းဖမ်းစက်တို့မှလည်း တိကျစွာမဖော်ပြနိုင်ခြင်း၊ ချို့ယွင်းနေခြင်းတို့ကြောင့် အားကိုးအားထား၍ မရနိုင်ပါ။ ၁-၈-၂၀၁၇ ရက်နေ့တွင် အမြန်လမ်းပေါ်၌ သတ်မှတ်ကီလိုမီတာဖြင့် ပိုမိုမောင်းနှင်ပါက ဒဏ်ငွေ ငါးသောင်းရိုက်မည်ဖြစ်ပြီး စမ်းသတ်ကာလအားဖြင့် တစ်လညွှန်ကြား၍ အကောင်အထည်ဖော်ဆောင်ရွက်နေတာကို တွေ့ရှိပါတယ်။ Express ခရီးသည်ယာဉ်များ တစ်နာရီလျှင် ၉၀ ကီလိုမီတာ ကုန်တင်ဝန်ပေါ့၊ ဝန်လေး။ တစ်နာရီလျှင် ၆၀ ကီလိုမီတာ လူစီး Salon Station Wacom Double Cap တစ်နာရီလျှင်ကီလိုမီတာ ၁၀၀ ပိုမိုမောင်းနှင်ခြင်းမပြုရန် ညွှန်ကြားထားပြီး ရွေ့လျားအဖွဲ့အရှိန်ဖြင့် အရှိန်ဖမ်း၊ အမြန်နှုန်းဖမ်းစက်များဖြင့် စောင့်ကြည့်စိစစ်သွားမည်ဟု သိရှိရပါသည်။ သတ်မှတ်ဒဏ်ငွေနည်းပါးသဖြင့် လိုက်နာကျင့်ကြံမှုအားနည်းနိုင်ပါသည်။ အမြန်လမ်းမကြီးကို ခေတ်မီလေးလမ်းသွားစနစ် တိုးချဲ့ဆောင်ရွက်ပေးခြင်း စနစ်ကျသော စောင့်ကြည့်ကင်မရာမှ မှတ်တမ်းတင်စိစစ်ပေးခြင်းဖြင့် ပိုမိုတိကျကောင်းမွန်သော ရလဒ်ကိုရရှိနိုင်မှာဖြစ်ပါတယ်။ ဒဏ်ငွေရိုက်ခြင်းနှစ်မျိုးဖြင့် ကောင်းမွန်သောယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖြစ်မလာနိုင်ပါ။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မှန်ကန်သော အချက်ပြမီးစနစ်နဲ့ပတ်သက်၍ ၁၉၈၉ ခုနှစ် မော်တော်ယာဉ်နည်းဥပဒေအရ အနောက်ဘက်မှ မော်တော်ယာဉ်အားကျော်တက်နိုင်ကြောင်း လယ်ယာဘက်မီးဖြင့်အချက်ပြရန် သတ်မှတ်ထားသော်လည်း လက်ရှိမော်တော်ယာဉ်အများစုမှာ လက်ယာဘက်နောက်မီးပြလျှင် လမ်းမရှင်းသေး ညာဘက်နှင့်ကပ်ထားရန် လက်ဝဲဘက်နောက်မီးပြပါက လမ်းကြောင်းရှင်း၍ကျော်တက်နိုင်ကြောင်း သုံးစွဲခဲ့သည်မှာ ကာလကြာမြင့်ပြီဖြစ်ပါတယ်။ လမ်းကျဉ်းမြောင်းသော တောင်ပေါ်ဒေသအကွေ့အကောက်များသောဒေသမှာ ယနေ့အချိန်ထိ သုံးစွဲနေကြဆဲဖြစ်ပါတယ်။ အချက်ပြနည်းစနစ်နှစ်ခုမှာ လုံးဝဆန့်ကျင်ဘက်ဖြစ်နေပါတယ်။ ဤလက်ယာ ဘက်စနစ်ဖြင့်ကျောက်တက်ရန် အချက်ပြစနစ်ကို ၁-၉-၂၀၁၇ ရက်နေ့ နံနက် ၆ နာရီမှစ၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း စတင်ကျင့်သုံးကြရန် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ အထူးမေတ္တာရပ်ခံချက် လက်ကမ်းစာစောင်များကို ပုံနှင့်တကွဖြန့်ဝေထားပါတယ်။ -------- ပြည်သူလူထုအများဆုံးသုံးစွဲသောလမ်းပိုင်းများကို အဆင့်မီချဲ့ထွင်ပေးရန်

လိုအပ်ပါတယ်။ ယခုဆိုရင်လည်း အမြန်လမ်းမကြီးရဲ့လမ်းလယ်ကျွန်းတွေကို ပြန်လည် ဖျက်စီးပြီးမှ ပြုပြင်နေတာကိုတော့ တွေ့မြင်နေရပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တိကျသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို နိုင်ငံသားများတစ်ပြေးညီလိုက်နာကျင့်သုံးခြင်းဖြင့် နိုင်ငံတော်၏ဂုဏ်သိက္ခာနှင့် အဆင့်အတန်းကို မြှင့်တင်ရာရောက်စေပါတယ်။ အားလုံးအတွက် ဘေးအန္တရာယ်ကင်းရှင်းလုံခြုံစေပါတယ်။ ကျွန်တော်တို့နိုင်ငံတွင် လာမည့်အနာဂတ်၌ မော်တော်ယာဉ်စီးရေများ ထပ်မံတိုးပွားလာမှာဖြစ်သကဲ့သို့ မော်တော်ယာဉ်အသုံးပြုသူမှာလည်း တိုးတက်များပြားလာမှာ အသေချာဆုံးသော ပြောင်းလဲမှုနှင့် စိန်ခေါ်မှုများဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံသားများအကျိုးစီးပွားအတွက် အောက်ပါမေးခွန်းများကို မေးမြန်းအပ်ပါတယ်ခင်ဗျား။ ယာဉ်မတော်တဆဖြစ်စဉ်များ လျော့နည်းပပျောက်စေရန် ရန်ကုန်-နေပြည်တော်-မန္တလေးအမြန်လမ်းမကြီးအား ခေတ်မီသော ၄ လမ်းသွားအဆင့်တိုးမြှင့်ဆောင်ရွက်ပေးခြင်းနှင့် အဆင့်မီလုံခြုံရေးအထောက်အကူပြုပစ္စည်းများ တပ်ဆင်ထိန်းကျောင်းပေးခြင်း၊ မော်တော်ယာဉ်နှင့်ပတ်သက်၍ လိုက်နာမည့်စည်းမျဉ်းစည်းကမ်းများကို အထူးစီမံချမှတ်ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်မည့်အစီအစဉ်များကို သိရှိလိုပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းဖြစ်ပါတယ်။ ကျွန်တော်အနေဖြင့် ရှမ်းပြည်နယ်၊ မောက်မယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝေါင်းဆိုင်ဟိန်းမှ မေးမြန်းထားတဲ့ ယာဉ်မတော်တဆဖြစ်စဉ်များ လျော့နည်းပပျောက်စေရန် ရန်ကုန်-နေပြည်တော်-မန္တလေးအမြန်လမ်းမကြီးအား ခေတ်မီသော ၄ လမ်းသွားအဆင့်တိုးမြှင့်ဆောင်ရွက်ပေးခြင်းနှင့် အဆင့်မီလုံခြုံရေးအထောက်အကူပြုပစ္စည်းများ တပ်ဆင်ထိန်းကျောင်းပေးခြင်း၊ မော်တော်ယာဉ်နှင့်ပတ်သက်၍ လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများကို အထူးစီမံချက်များ ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့်ရှင်းလင်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ International Expressway အဆင့်တစ်ခုဖြစ်ဖို့အတွက်က နိုင်ငံတကာစံနှုန်းနဲ့ကိုက်ညီဖို့ Fully Access Control ဖြစ်ရမှာဖြစ်ပါတယ်။ Fully Access Control ဖြစ်ဖို့အတွက် အချက်(၃) ချက်နဲ့ ကိုက်ညီရမှာဖြစ်ပါတယ်။ နံပါတ်(၁)အချက်က Fast လို့ခေါ်တဲ့ မြန်မြန်မောင်းနိုင်ရပါမယ်။ ဒီလမ်းပေါ်မှာ မီးပွိုင့်တွေ၊ Junctions တွေရှိလို့ မရပါဘူး။ လူနေအိမ်ခြေတွေ ရှိလို့မရပါဘူး။ ဈေးဆိုင်တွေရှိလို့ မရပါဘူး။ နံပါတ်(၂)အချက်က Comfortable လို့ခေါ်တဲ့ ယာဉ်မောင်းရော၊

ခရီးသည်တွေရော၊ သက်တောင့်သက်သာရှိတဲ့ လမ်းတွေဖြစ်ရပါမယ်။ ဒီနေရာမှာ လမ်းရဲ့ Pavement တွေအနေနဲ့ Flexible Pavement ဖြစ်ရပါမယ်။ အကွေ့တွေ၊ လမ်းမှာရှိတဲ့ လမ်းညွှန်ဆိုင်းဘုတ်တွေ ကလည်း တစ်လမ်းလုံးပြည့်စုံအောင် Gantry နဲ့ဖော်ပြထားတာမျိုးတွေဖြစ်ပြီးတော့ လမ်းတွေမှာ လည်း တစ်နာရီတစ်ကြိမ်ရပ်နားရမယ့် ရပ်နားစခန်းတွေ၊ Toilet တွေအပြည့်အစုံရှိပြီးဖြစ်ရပါမယ်။ Telephone တွေ၊ လျှပ်စစ်မီးတွေနဲ့ပတ်သက်ပြီးတော့လည်း Comfortable ဖြစ်ဖို့အတွက် အပြည့်အစုံရှိပြီးဖြစ်ရပါမယ်။ နောက်တစ်ခုကတော့ Safety ဖြစ်ပါတယ်။ Safety နဲ့ပတ်သက်ပြီးတော့ လုံခြုံစိတ်ချမှုအပြည့်ဖြစ်ရပါမယ်။ လမ်းတစ်လျှောက်လုံးမှာ ကျွန်တော်တို့ Inner Shoulder တွေ၊ Outer Shoulder တွေအပြည့်အစုံပါရှိပါမယ်။ Guardrail တွေ အပြည့်အစုံပါရှိရမှာဖြစ်ပါတယ်။ ပြီးတော့ ဒီထဲကို လူတွေ၊ နွားတွေ၊ တိရစ္ဆာန်တွေဖြတ်သန်းဝင်ရောက်ခြင်းမပြုနိုင်ရန်အတွက် ခြံစည်းရိုးတွေခတ်ထားရတဲ့လမ်းမျိုးဖြစ်ရပါမယ်။ ပြီးတော့ ဒီထဲမှာပဲ သတ်မှတ်ထားတဲ့ယာဉ်တွေပဲ မောင်းနှင်ရမှာဖြစ်ပါတယ်။ အနှေးယာဉ်တွေ၊ ထော်လာဂျီတွေစသည်တို့ ဒီလိုမျိုးဖြတ်သန်းမောင်းနှင် တာမျိုးတွေကို ခွင့်ပြုလို့မရပါဘူး။ ဒါကြောင့်မို့လို့ အမြန်လမ်းမကြီးသည် International အဆင့်မီ အမြန်လမ်းဖြစ်ဖို့အတွက် Fully Access Control ဖြစ်ဖို့ သတ်မှတ်ထားတဲ့ အချက်သုံးချက်ဖြစ်တဲ့ Fast၊ Comfortable၊ Safety စတဲ့ အချက်သုံးချက်နဲ့ ကိုက်ညီမှုမရှိသေးပါဘူး။ ကျွန်တော်တို့မူလက Expressway အဖြစ်ဖောက်ဖို့ ရည်ရွယ်ထားတဲ့အနေအထားမှာ ယခုပြီးစီးသလောက်အခြေအနေနဲ့ ပြည်သူတွေကို အသုံးထားတာဖြစ်တဲ့အတွက် လက်ရှိအမြန်လမ်းလို့ခေါ်တဲ့ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးသည် နိုင်ငံတကာအဆင့်မီလမ်း မဟုတ်သေးပါဘူး။ ကိုယ်စားလှယ်တော်ကြီး တင်ပြလာသလို အဆိုပါလမ်းမကြီးကို ခေတ်မီ ၄ လမ်းသွားအဆင့် တိုးမြှင့်ဆောင်ရွက်ပေးခြင်းနှင့် အဆင့်မီလုံခြုံရေးပစ္စည်းများတပ်ဆင်ပေးရေးအတွက် လက်ရှိဆောင်ရွက်နေတဲ့အချက်လေးတွေကို ကျွန်တော့်အနေနဲ့ တင်ပြသွားပါမယ်။ ဒီအမြန်လမ်းကြီးကို ၂၀၀၉ ခုနှစ်က စတင်ဖွင့်လှစ်လိုက်တဲ့ အချိန်ကစပြီး ဒီနေ့ထိအမြဲနှစ်စဉ်ပြုပြင်ထိန်းသိမ်းမှုနဲ့ အဆင့်မြှင်တင်ခြင်းလုပ်ငန်းတွေကို ဆောင်ရွက် ခဲ့ပါတယ်။ စုစုပေါင်းအနေနဲ့ လမ်းအရှည် ၃၆၆ မိုင်ရှိပြီး အသွားအပြန်မိုင်ပေါင်း ၇၃၂ မိုင်ရှိတဲ့အနက် မှ ယနေ့အထိ ၁၆၄ မိုင်ကို AC Overlay ခင်းပြီး ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ဖော်ပြပါပုံများမှာ AC ခင်းပြီး လမ်းအနေအထားကို Drone နဲ့ရိုက်ထားတဲ့ပုံတွေဖြစ်ပါတယ်။ နောက်ဒီနေရာမှာပဲ Pilot Project အနေနဲ့ တင်ပြလို့ရရင် မူလကဒီလမ်းမကြီးမှာ လမ်းလယ်ကျွန်းက Raised Median ဖြစ်နေပါတယ်။ Raised Median က တကယ်တမ်းကျတော့ ၆ လမ်းသွားနဲ့အထက် လမ်းမကြီးတွေ မှာသာလျှင် လမ်းလယ်ကျွန်းအမြင့်အနေနဲ့ တည်ဆောက်ရမယ်လို့ International စည်းမျဉ်း စည်းကမ်းမှာ သတ်မှတ်ထားပါတယ်။ ဒီလို ၄ လမ်းသွားမှာဆိုရင်တော့ လမ်းလယ်ကျွန်းအနိမ့် Depressed Median ကိုကျင့်သုံးရမှာဖြစ်ပါတယ်။ တကယ်လို့ Raised Median ကို ၄ လမ်းသွားမှာကျင့်သုံးမယ်ဆိုရင်တော့ တစ်မီတာနဲ့အထက်ရှိတဲ့ Concrete Walling ကာထားတဲ့ Raised Median မျိုးကို ကျင့်သုံးရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ၄ လမ်းသွားလမ်းကို လမ်းလယ်ကျွန်းအမြင့်နဲ့တည်ဆောက်ထားပြီးတော့ ဘယ်/ညာလမ်းပုခုံးသားမရှိတဲ့အတွက် ကားဘီး တာယာတွေဟာ ပွတ်တိုက်ပြီးတော့ ဘီးပေါက်မှုတွေ၊ ကွဲအက်မှုတွေဖြစ်နိုင်ပါတယ်။ ဒါကြောင့်မို့လို့ ပထမဦးဆုံး ၁၆ မိုင်ကို Pilot Project အနေနဲ့ Raised Median ကို Depressed Median အနေနဲ့ ချခြင်း၊ အတွင်းလမ်းပုခုံးသားနှင့် ပြင်လလမ်းပုခုံးသားတွေ ဆောင်ရွက်ခြင်း၊ Guardrail များ

ကာရံခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး အဲဒီအပေါ်မှာ AC လမ်းခင်းခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါတယ်။ စုဖောင်ဒေးရှင်းမှလည်း ကုလသမဂ္ဂရဲ့ Sustainable Development Goal Program အနေနဲ့ မြန်မာနိုင်ငံမှာရှိတဲ့ လမ်းအင်ဂျီနီယာတွေကို Safety ဆိုင်ရာသင်တန်းများ လာရောက်ပို့ချခဲ့ပြီး ဖြစ်ပါတယ်။ ၎င်းအပြင် လမ်းညွှန်ဆိုင်းဘုတ်တွေ၊ သတိပေးဆိုင်းဘုတ်တွေကိုလည်း ကူညီတပ်ဆင်ပေးခဲ့ပါတယ်။ အမြန်လမ်းမကြီးရဲ့ အဆင့်မြှင့်တင်တိုးတက်ရေးအတွက် လမ်းလယ်ကျွန်းတွေကို Depressed Median တင်ပြောင်းတာမဟုတ်ပါဘူး။ Median Shoulder အဖြစ်တည်ဆောက်ခြင်း၊ ရေမြောင်းများတည်ဆောက်ခြင်း၊ Safety လုပ်ငန်းများဆောင်ရွက်ခြင်းစသည့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို နှစ်အလိုက်ဖော်ပြပါပုံများအတိုင်း တိုးတက်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ဌာနတစ်ခုတည်းမဟုတ်ဘဲနဲ့ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ရဲတပ်ဖွဲ့အနေနဲ့ လမ်းတစ်လျှောက်လုံးမှာ ရဲတပ်ဖွဲ့စခန်း ၁၆ ခုကို တည်ဆောက်ထားပါတယ်။ အမြန်လမ်းမကြီး ရဲတပ်ဖွဲ့(Highway Police)အနေနဲ့ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတစ်ခုလုံး လုံခြုံစိတ်ချရဖို့အတွက် လုံခြုံရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ကယ်ဆယ်ရေး၊ အသိပညာပေးရေးလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိကြောင်း ဒီနေရာကနေ တင်ပြအပ်ပါတယ်။

ဒီနေရာမှာပဲ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ယူထားတဲ့ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ဗဟိုကော်မတီအနေနဲ့ Campaign များချမှတ်ပြီးတော့ ယာဉ်အန္တရာယ်များကင်းရှင်းရေး၊ ဆိုင်းဘုတ်များတပ်ဆင်ရေးတို့ကို ဆောင်ရွက်ခဲ့ပါတယ်။ ယခုလည်း ဆောင်ရွက်လျက်ရှိသလို ရှေ့ဆက်ပြီးဆောင်ရွက်သွားမယ့်အစီအစဉ်များလည်း စီမံထားရှိပြီးဖြစ်ပါတယ်။ ခရီးသွားယာဉ်များလိုက်နာရမယ့် စည်းမျဉ်းစည်းကမ်းများ၊ သတိပေးပိုစတာများ၊ ဖုန်းနံပါတ်များပါဝင်တဲ့ လက်ကမ်းစာစောင်များကို ခရီးသွားပြည်သူတွေကို အခါအားလျော်စွာ ဖြန့်ဝေပေးလျက်ရှိပါတယ်။ ယာဉ်အန္တရာယ်အများဆုံးဖြစ်ပွားလေ့ရှိတဲ့ နေရာ ၂၂ နေရာမှာလည်း Road Sign၊ Rumble Strip၊ Road Line၊ Road Lane နဲ့ Solar Lamp Post တွေကို တောက်လျှောက်တပ်ဆင်ထားရှိပါတယ်။ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီရဲ့ ဆုံးဖြတ်ချက်အရ သတ်မှတ်အမြန်နှုန်းထက်ပိုမမောင်းဖို့ကိုလည်း အသိပညာပေးခြင်း၊ အရှိန်ထိန်းကိရိယာများတပ်ဆင်ခြင်းများ ဆောင်ရွက်ထားရှိပြီးတော့ ယခုဆိုရင် အရှိန်ထိန်းကိရိယာ ၁၁ ခုကို ထပ်မံဝယ်ယူထားရှိပါတယ်။ စည်းကမ်းဖောက်ဖျက်တဲ့ယာဉ်များကို အရေးယူဆောင်ရွက်ရာမှာ ဖော်ပြပါဇယားအရ ၂၀၁၀၆ ခုနှစ်မှ ၂၀၁၀၈ ခုနှစ်အချိန်ထိ စုစုပေါင်း ယာဉ်အစီးရေ ၂၂၆၅၆ စီးကို အရေးယူဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

အမြန်လမ်းမကြီးရဲ့ ယာဉ်အန္တရာယ်နဲ့ပတ်သက်ပြီးတော့ ပြောရမယ်ဆိုရင်တော့ ဖော်ပြပါဇယားက ၂၀၁၅ ခုနှစ်မှ ယနေ့အထိ ယာဉ်အစီးရေတိုးတက်လာတဲ့ ဇယားဖြစ်ပါတယ်။ ယာဉ်အစီးရေအနေနဲ့တော့ ၃၁ ရာခိုင်နှုန်းလောက်တိုးတက်လာပြီး Accident ဖြစ်ပွားမှုကတော့ လျော့နည်းသွားတာကို တွေ့ရမှာဖြစ်ပါတယ်။ သေဆုံးမှုအနေနဲ့လည်း ၂၀၁၇ ခုနှစ်မှာ ယခင်နှစ်များထက် သေဆုံးမှုနှုန်းလျော့ကျသွားအောင် ဆောင်ရွက်နိုင်ခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါတွေဟာ ဝန်ကြီးဌာနအားလုံးရဲ့ ပူးပေါင်းဆောင်ရွက်မှု၊ ပြည်သူတွေရဲ့အသိတရားနဲ့ ပါဝင်လိုက်နာမှုတို့ကြောင့် လျော့ကျလာတာဖြစ်ပါတယ်။ အမြန်လမ်းမကြီးတစ်ခုလုံးကို နိုင်ငံတကာအဆင့်မီ အမြန်လမ်းအဆင့်

ရောက်ရှိအောင် ဆောင်ရွက်လျက်ရှိတဲ့နေရာမှာ ADB ရဲ့အကူအညီနဲ့ ပထမဦးဆုံး ၀ မိုင်မှ ၄၀ မိုင် ခန့်ကို ဖော်ပြပါပုံအတိုင်း အဆင့်မြှင့်တင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဆိုပါ အဆင့်မြှင့်တင် ဆောင်ရွက်သွားဖို့အတွက် ADB မှ ချေးငွေကို Cabinet ကနေ ခွင့်ပြုပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မကြာခင်မှာ ပြည်ထောင်စုလွှတ်တော်သို့ သဝဏ်လွှာပေးပို့တင်ပြပြီး မိုင် ၄၀ ကို နိုင်ငံတကာအဆင့်မီ စတင်ပြီးအဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဒီနေရာကနေ တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတစ်လျှောက် ဖြစ်ပေါ်နေတဲ့ ယာဉ်မတော်တဆမှုဖြစ်စဉ်များ လျော့နည်းပပျောက်ရန်အတွက် ကြပ်မတ်ဆောင်ရွက် ခြင်း၊ ခေတ်မီလေးလမ်းသွား အဆင့်မြှင့်တင်တည်ဆောက်သွားခြင်းနှင့် လုံခြုံရေးအထောက်အကူပြု ပစ္စည်းများ တပ်ဆင်ခြင်းတို့အပြင် ခရီးသည်များနှင့်ယာဉ်မောင်းများ စည်းမျဉ်းစည်းကမ်းလိုက်နာဖို့ အတွက် ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးစိုင်းဝေါင်ဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့ခင်ဗျ။ ဆက်စပ်မေးခွန်း အနည်းငယ်မေးမြန်းခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်။ ဝန်ကြီးက အခုလိုရှင်းပြတဲ့အတွက် အမြန်လမ်းနဲ့ပတ်သက်တဲ့ လုပ်ထုံးလုပ်နည်းတွေကို ကောင်းစွာသိခွင့်ရပါတယ်။ ပြီးခဲ့တဲ့ရက်ကပဲ ကျွန်တော်ကိုယ်တိုင် မန္တလေး-နေပြည်တော်လမ်းမှာ မိုင်တိုင် ၃၂၄ မှာ ကတ္တရာပစ္စည်းခင်းကျင်း လုပ်ငန်းတွေဆောင်ရွက်နေတာ တွေ့ရှိရပါတယ်။ ကတ္တရာသားအထိအတွေ့နဲ့ ကွန်ကရစ်အထိအတွေ့ နဲ့က တော်တော်လေးညက်ညောမှုကွာဟတာကို တွေ့ရတာဖြစ်ပါတယ်။ အခုဝန်ကြီးရှင်းပြသွားတဲ့ အထဲမှာ လမ်းတွေချဲ့ထွင်တယ်ဆိုတာ မဖြစ်နိုင်သေးတောင်မှ ကတ္တရာခင်းကျင်းအဆင့် BC အဆင့်မျိုး ကိုတော့ ဆောင်ရွက်ပေးနိုင်ရင်တော့ ပိုမိုကောင်းမွန်မယ်လို့ ယုံကြည်ယူဆပါတယ်။ ကတ္တရာခင်းကျင်း ပြီးစီးအောင် ရန်ကုန်-နေပြည်တော်-မန္တလေးအဆင့်ထိက လျာထားတာရှိပါသလား။ ဘယ်နှစ်အပိုင်းမှာ ဆောင်ရွက်ပြီးစီးနိုင်မလဲ ဆိုတာလေးလည်း ရှိပါသလားဆိုတာကို မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး ပြောသွားတဲ့ကိစ္စဖြစ်ပါတယ်။ ကွန်ကရစ်လမ်းမှာ ကားတာရာထိတွေ့မှုနဲ့ စာရင် ကတ္တရာလမ်း AC လမ်းပေါ်မှာထိတွေ့မှုက အများကြီးသက်သာပါတယ်။ အပူထွက်နှုန်းလည်း လျော့တဲ့အတွက် ယာဉ်အန္တရာယ်ဖြစ်မှုလျော့ပါတယ်။ ဒါကြောင့်မို့လို့ Resect လုပ်ထားတဲ့ အခြေအနေအရ AC လမ်းပေါ်မှာဆိုရင် ယာဉ်အန္တရာယ်ပိုပြီးတော့ နည်းတာကိုတွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ တစ်နှစ်ကို ကျွန်တော်တို့ အနည်းဆုံးမိုင် ၂၀ လောက် AC ခင်းသွားဖို့အတွက် Plan တွေရှိထားပါတယ်။ ဒါကလည်း ဒီတိုင်းသွားမယ်ဆိုလို့ရှိရင် ခုလောက် မိုင် ၇၀၀ ကျော်ကြီးကို တစ်နေ့မိုင် ၂၀ ဆိုရင် အကြာကြီးသွားမှာဖြစ်တဲ့အတွက် နိုင်ငံတကာ အကူအညီတွေလည်း ADB အပြင်ကို ကျန်တဲ့နိုင်ငံတကာအကူအညီတွေလည်း တောင်းခံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

**မူကြမ်း**

**လာဘို့ရွာ-မင်းကင်း လမ်းကြောင်းပေါ်ရှိ ညောင်ကုန်းတံတားကို ခံနိုင်ဝန်အတိုင်းသာ ဖြတ်သန်းခွင့်ပြုရန်၊ ကွန်ကရစ်မခင်းရသေးသောလမ်းပိုင်း (၆)မိုင်ကို အမြန်ခင်းပေးရန်နှင့် ပျက်စီးသွားသော ကွန်ကရစ်လမ်းပိုင်းများ အမြန်ပြုပြင်ပေးရန်တို့နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော် မင်းကင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မြင့် ဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးနဲ့ပတ်သက်တဲ့မေးခွန်းတစ်ခု မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါရန်အတွက် တင်ပြအပ်ပါတယ်။ မုံရွာ-ယာကြီး-ကလေးဝကားလမ်းဟာ ကလေးဝ- တမူးနဲ့ ချင်းပြည်နယ်(မြောက်ပိုင်း)ကို မဟာဗျူဟာကျကျထောက်ပံ့ပေးနိုင်တဲ့လမ်းကြောင်းတစ်ခုဖြစ်ပြီးတော့မှ တပ်မတော်အစိုးရလက်ထက်က ဖောက်လုပ်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီလမ်းပိုင်းမှာ မြေသားမကောင်းတဲ့ အစိတ်အပိုင်းက မိုင် ၂၀ ခန့်ရှိပြီးတော့မှ မိုးတွင်းဆိုလို့ရှိရင် မြေကျွံတယ်၊ ဗွက်ပေါက်လေ့ရှိပါတယ်။ ယာကြီး-ကလေးဝကားလမ်းဟာ အိန္ဒိယ-မြန်မာ-ထိုင်း Trilateral Linkage မှာလည်း အကျုံးဝင်တဲ့လမ်းဖြစ်လို့ မြန်မာဘက်ကလည်း အိန္ဒိယဘက်ကပြင်ပေးမယ့်အချိန်ကို စောင့်ဆိုင်းပြီးတော့မှ ကြီးမားတဲ့ပြုပြင်ထိန်းသိမ်းမှုမရှိခဲ့ပါဘူး။ အဲဒီလမ်းမှာပဲ လာဘို့ဆိုတဲ့ရွာကနေပြီးတော့မှ ၂၆ မိုင်အကွာအဝေးရှိတဲ့ မင်းကင်းမြို့ကို Concrete Tract လမ်း စတင်ပြီးတော့မှ လွန်ခဲ့တဲ့ နှစ်နှစ်ကခင်းခဲ့ပါတယ်။ မနှစ်က ပွင့်လင်းရာသီထိဆိုလို့ရှိရင်တော့ စုစုပေါင်း မိုင် ၂၀ ပြီးစီးသွားပြီဖြစ်ပါတယ်။ အလားတူပဲ လာဘို့နဲ့ မင်းကင်းလမ်းကြောင်းမှာရှိတဲ့ ပုထိုးလုံးချောင်းကိုလည်း ပေ ၆၀၀ ရှည်တဲ့တံတားတစ်စင်း ထိုးပြီးသွားပြီဖြစ်ပါတယ်။ တစ်ဖန်မင်းကင်းကနေပြီးတော့မှ ယာကြီး-ကလေးဝလမ်းပေါ်မှာရှိတဲ့ တောင်တွင်းဒေသမြို့မရွာအထိကိုလည်း မြေသားလမ်းနဲ့ကျောက်ချောလမ်းအပိုင်းလိုက် ခင်းပြီးဖြစ်လို့ လမ်းပန်းဆက်သွယ်ရေးဟာ တစ်ချိန်ကလို ချင်းတွင်းမြစ်ကြောင်းတစ်ခုတည်းကိုပဲ အားကိုးရတဲ့ အချိန်ကနေပြီးတော့ ကားလမ်းကိုပါအသုံးပြုနိုင်လို့ ပိုမိုပြီးတော့မှ မြန်ဆန်သွက်လက်လာခဲ့ပါတယ်။ ဒါပေမဲ့ ပြီးခဲ့တဲ့မိုးတွင်းမှာတော့ လာဘို့-တောင်တွင်းလမ်းပိုင်းဟာ သွားလာလို့မရတဲ့ကာလကများနေတဲ့အတွက် မော်တော်ယာဉ်တော်တော်များများက မုံရွာ-လာဘို့-မြို့မ-ကလေးဝလမ်းအစား မုံရွာ-လာဘို့-မင်းကင်း-မြို့မ-ကလေးဝလမ်းကို ပိုမိုပြီးတော့မှ အသုံးပြုလာကြပါတယ်။ ကျွန်တော် တင်ပြခဲ့သလို လာဘို့-မင်းကင်းလမ်းက Concrete Tract လမ်းလေးပဲဖြစ်ပါတယ်။ ကွန်ကရစ်တစ်လွှာပဲခင်းထားတာဖြစ်တယ်။ ဒါကြောင့် တန်ချိန် ၂၀၊ ၂၅ ရှိတဲ့မော်တော်ယာဉ်တွေ သွားလာလို့ရေရှည်မှာအဆင်မပြေနိုင်ပါဘူး။ ပြီးခဲ့တဲ့မိုးတွင်းမှာ တန်ချိန်များတဲ့ကားတွေ သွားလာတဲ့အတွက် ပူပူနွေးနွေးခင်းထားတဲ့ လမ်းကြီးဟာ မြင်တဲ့အတိုင်း ကွန်ကရစ်တွေကျိုးပျက်၊ ကားတွေလည်း ဗွက်နစ်ပြီးတော့မှ တင်ပြပါအခြေအနေအတိုင်းဖြစ်နေတာကို တွေ့ရှိရပါတယ်။ အဲဒီလိုအခြေအနေတွေဖြစ်နေတာကြောင့်မို့လို့ ကျွန်တော်တို့ ရက်ပိုင်းမျှသွားလာမှုပြတ်တောက်ခဲ့ရပြီးတော့မှ ပိတ်မိနေတဲ့ကားတွေကိုလည်း Backhoe တွေ၊ Budoza တွေနဲ့ ကျွန်တော်တို့ ဆွဲထုတ်ခဲ့ရတဲ့အနေအထားဖြစ်ပါတယ်။ ဒီလမ်းကို ဆောက်လုပ်ရေး ဒုတိယဝန်ကြီး ဦးကျော်လင်းနဲ့သွားရောက်စစ်ဆေးပြီးတော့ လိုအပ်တဲ့ပြုပြင်မှုတွေ ဆောင်ရွက်ပေးခဲ့လို့ တော်တော်လေးတော့ အဆင်ပြေသွားပါတယ်။ ကွန်ကရစ်မခင်းရသေးတဲ့ မြေသားလမ်း ၆ မိုင်ကိုလည်း မနေ့ကထိ နောက်ဆုံးရသတင်းအရဆိုရင်တော့ အားလုံးနီးပါးလောက်

ခင်းပြီးသွားပြီလို့ သိရပါတယ်။ ဒါပေမဲ့ လာမယ့်ကာလတွေမှာ တန်ချိန်များတဲ့ကားတွေသာ ဖြတ်သန်းမောင်းနှင်နေအုံးမယ်ဆိုရင်တော့ မနှစ်ကလိုပဲ ကွန်ကရစ်လမ်းတွေကျိုးကျေပြီးတော့မှ သွားလို့မရအောင် ပျက်စီးအုံးမယ်လို့ ကျွန်တော်ကတော့ ယုံကြည်ပါတယ်။ အထူးသဖြင့်ကတော့ ပေ ၆၀၀ ရှည်တဲ့ညောင်ကုန်းတံတားက ပုံမှန်မြင်ရတဲ့အတိုင်း ခံနိုင်ဝန် ၁၃ တန်လို့ ရေးထားပါတယ်။ ဘေလီတံတားပဲဖြစ်ပါတယ်။ အဲဒီတော့ ဒီတံတားကို ကျွန်တော်တို့က ၁၃ တန်ထက်များတဲ့ကားကြီးတွေ ဖြတ်သန်းသွားလာလို့ စစ်ဆေးကြပ်မတ်မှု မလုပ်ဘူးဆိုရင်တော့ တံတားရဲ့ကြံ့ခိုင်မှု၊ ရေရှည်ယာဉ်ခံနိုင်မှုကို မေးခွန်းထုတ်စရာဖြစ်လာပါတယ်။ တကယ်လို့ ဒီတံတားက ကျိုးလို့ပျက်စီးမယ်ဆိုလို့ရှိရင် နွေ၊ မိုး၊ ဆောင်း အမြဲတမ်းရေရှိနေတဲ့ ဒီချောင်းကို သဲချောင်းဖြစ်လို့ ကားတွေဖြတ်သန်းနိုင်မယ့် အနေအထားမရှိပါဘူး။ နိဂုံးချုပ်တင်ပြလိုတာကတော့ ဒီမေးခွန်းကို ကျွန်တော်က ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့က မေးခဲ့တာပါ။ မေးခွန်းက သုံးခုပါပါတယ်။ (ခ)အချက်ဖြစ်တဲ့ ကွန်ကရစ်လမ်းမခင်းရသေးတဲ့ ၆ မိုင်ကို ခင်းပြီးသွားပါပြီ။ ပျက်စီးသွားတဲ့လမ်းပိုင်းတွေကိုလည်း ပြန်ပြီးပြင်ပြီးပါပြီ။ ဒါတွေအတွက်လည်း ကျေးဇူးတင်ပါတယ်။ သို့သော်လည်း အရေးကြီးဆုံးအချက်ကတော့ ညောင်ကုန်းတံတားက ၁၃ တန်ပဲ ခံနိုင်ဝန်ရှိတာကို အင်မတန် Weight တွေများနေတဲ့ ကားကြီးတွေ ဖြတ်သန်းခွင့်ပြုမယ်ဆိုရင်တော့ တံတားတစ်ခုတည်းသာမကဘဲနဲ့ ကွန်ကရစ်လမ်းဟာလည်း ရေရှည်မှာ ပျက်စီးဦးမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒါကို ဝန်ကြီးဌာနအနေနဲ့ စိစစ်ကြပ်မတ်ပေးဖို့အတွက် အစီအစဉ်ရှိ/မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မြင့်မှ မေးမြန်းထားတဲ့ မုံရွာ-ယာကြီး-ကလေးဝလမ်းမှတစ်ဆင့် လာဘို့ရွာ-မင်းကင်းလမ်းကို ဖောက်လုပ်ပြီးဖြစ်ရာ ၎င်းလမ်းကြောင်းပေါ်ရှိ ညောင်ကုန်းတံတားကို ခံနိုင်ဝန်အတိုင်းသာဖြတ်သန်းခွင့်ပြုရန်၊ ကွန်ကရစ်မခင်းရသေးသောလမ်းပိုင်း ၆ မိုင်ကို အမြန်ခင်းပေးရန်နှင့် ပျက်စီးသွားသော ကွန်ကရစ်လမ်းပိုင်းများ အမြန်ပြုပြင်ပေးရန်တို့နှင့်စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ လာဘို့-မင်းကင်းလမ်းပေါ်မှာရှိတဲ့ ညောင်ကုန်းတံတားဟာ (၁)လွှာ(၁)ထပ်ဘေလီတံတားဖြစ်တဲ့အတွက် ၁၃ တန်သာဖြတ်သန်းသွားလာခွင့်ပြုကြောင်း ခံနိုင်ဝန်တန်ချိန်ကိုလည်း သတိပေးဆိုင်းဘုတ်စိုက်ထူထားရှိပြီး ဖြစ်ပါတယ်။ တန်ပိုယာဉ်များဖြတ်သန်းသွားလာခြင်းမပြုစေဖို့အတွက် မြို့နယ်အတွင်းမှာ ဖွဲ့စည်းထားတဲ့ တန်ပိုထိန်းသိမ်းရေးအဖွဲ့များနဲ့ စောင့်ကြပ်စစ်ဆေးလျက်ရှိပါတယ်။ လာဘို့-မင်းကင်းလမ်းမှာ ကွန်ကရစ်လမ်းခင်းရန်ကျန်တဲ့ ၆ မိုင်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် စစ်ကိုင်းတိုင်းဒေသကြီးရန်ပုံငွေကျပ် ၈၄၉ သန်းနဲ့ လမ်းဦးစီးဌာနမှ ၃

မိုင်၊ တင်ဒါစနစ်ဖြင့် ကုမ္ပဏီများမှ ၃ မိုင် ဆောင်ရွက်လျက်ရှိရာမှာ ယခုအခါ ၅ မိုင် ဆောင်ရွက်ပြီး ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ အိန္ဒိယ-မြန်မာ နှစ်နိုင်ငံရဲ့ Connectivity နဲ့ပတ်သက်တဲ့အစည်းအဝေးဟာ လစဉ် ကျွန်တော်တို့ဆောင်ရွက်ပါတယ်။ ပြီးခဲ့တဲ့လကဆိုရင်လည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြပါတယ်။ ဒီနေရာမှာ အဓိကဆွေးနွေးတာကတော့ တမူးမှ ကလေးဝအထိလာတဲ့လမ်းကြောင်း၊ တမူးနှင့် ကလေးဝ မှ ယာကြီးအထိ ၇၅ မိုင် အိန္ဒိယမှဖောက်လုပ်ပေးမယ့်လမ်းကြောင်းပေါ်မှာရှိတဲ့တံတားများ၊ တီးတိန်နှင့် ရိခ်လမ်းကြောင်းကိစ္စ၊ ပလက်ဝ-ကလက်ဝ-မြေဝါလမ်းကြောင်းကိစ္စ စသည်ဖြင့် အဆိုပါလမ်းသုံးသွယ်ကို အဓိကဆွေးနွေးခြင်းဖြစ်ပါတယ်။ ဒီနေ့ နေ့လည်တစ်နာရီမှာလည်းပဲ အိန္ဒိယ-မြန်မာ နှစ်နိုင်ငံ Connectivity အစည်းအဝေးကို ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ဦးဆောင်ပြီးတော့ ဆွေးနွေးမှာဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနရုံး(၁၁)မှာ ဖြစ်ပါတယ်။ ဒါကိုလည်းပဲ လစဉ် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ပြီးတော့ ဝိုင်းဝန်းဆွေးနွေးကြပါတယ်။ ဒီနေရာမှာလည်းပဲ တက်ရောက်ဆွေးနွေးပေးဖို့လည်း ဒီနေရာကနေ တစ်ပါတည်း ဖိတ်ကြားအပ်ပါတယ်။ အဲဒီနေရာမှာတော့ အိန္ဒိယက ဖောက်လုပ်ပေးမယ့် အခုကပြောတဲ့ လာဘို့-မင်းကင်းအပိုင်းမှာ ရှိနေတဲ့ မိုင် ၂၀ Strong ping ဧရိယာဖြစ်နေတဲ့အပိုင်းကို တိုးတက်ပြုပြင်မယ့်အပိုင်းတွေလည်း ဒီနေ့ဆွေးနွေးကြမှာဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ မိုးဒဏ်ကြောင့် ပျက်စီးသွားတဲ့ အပိုင်းတွေ မိုင်(၆/၇)နဲ့ မိုင်(၇/၄)ကြားရှိ ကွန်ကရစ်လမ်းပိုင်းများကိုလည်း ယာဉ်သွားလာမှုမပြတ်တောက်စေရေးအတွက် ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီးတော့ ဘီးလမ်းနှစ်လမ်းကြားမြေသားကို ကွန်ကရစ်အပြည့်ခင်းဖို့အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် စစ်ကိုင်းတိုင်းဒေသကြီးရန်ပုံငွေမှာ လျာထားပြီးဖြစ်တဲ့အတွက် ခွင့်ပြုရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး လုပ်ငန်းများဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ခေါင်လန်ဖူးမြို့နယ်အတွင်းရှိ ပြည်သူလူထုအမှန်တကယ်လိုအပ်သော လမ်းနှင့်တံတားများ ပြုလုပ်ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအာမိုးဆီ(ခေါင်လန်ဖူးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအာမိုးဆီ ဖြစ်ပါတယ်။ ကျွန်တော်တို့ခေါင်လန်ဖူးမြို့နယ်ဟာ မြန်မာနိုင်ငံ(မြောက်ပိုင်း)တွင်တည်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၄၆၈၀ ပေရှိကာ မိုးများသည့်ဒေသဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးစသည့်ကဏ္ဍများတွင် များစွာနောက်ကျနေတဲ့မြို့နယ်ဖြစ်ပါတယ်။ ဧရိယာစတုရန်းမိုင်ပေါင်း ၂၀၈၃.၁၉ ကျယ်ဝန်းပြီး ကျေးရွာအုပ်စုပေါင်း ၂၃ ခု ရှိကာ လူဦးရေပေါင်း ၁၅၀၀၀ ကျော်နေထိုင်သည့်မြို့နယ်ဖြစ်ပါတယ်။

**မူကြမ်း**

ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပြုပါ။ ဒီဟာတွေက ပြုပြင်ရန်လိုအပ်နေတဲ့ လမ်း၊ တံတားတွေ ဖြစ်ပါတယ်။ လူသွားလမ်း လူအများဆုံးသွားနေတဲ့လမ်းကြောင်းပေါ်မှာ တည်ရှိပါတယ်။ ဒီဟာတွေက လမ်းပန်းဆက်သွယ်ရေး အခက်အခဲရှိတဲ့အချိန်ကျတော့ စားနပ်ရိက္ခာတွေက ဒီလို ခက်ခက်ခဲခဲထမ်းလာနေရတဲ့ပုံတွေ ဖြစ်ပါတယ်။ ဒီတံတားတွေကတော့ ကျေးရွာမှာရှိတဲ့ ကိုယ်ထူကိုယ်ထနဲ့ဆောက်နေတဲ့အချိန်ကျတော့ မိုးများပြီးမှ ရေရှည်မခိုင်ဘဲနဲ့ အခုတောင်မှ သွားလို့ မရတဲ့ လမ်း၊ တံတားတွေဖြစ်ပါတယ်။

အဆိုပါ ကျေးရွာများအနက် ခေါင်လန်ဖူးနှင့်မိုင် ၈၀ ကျော်ဝေးတဲ့နေရာများတွင်ရှိသည့် ရှီလန်ဒမ်းကျေးရွာအုပ်စု၊ နမ့်ချိန်ကျေးရွာအုပ်စု၊ ရပ်မားကျေးရွာအုပ်စုနှင့် ထပ်ဖုံးကျေးရွာအုပ်စုများ တွင် လမ်းပန်းဆက်သွယ်ရေးအခက်အခဲဆုံး ကျေးရွာအုပ်စုများဖြစ်ပြီး ဌာနဆိုင်ရာလူကြီးများ အရောက်အပေါက်မရှိသည့် ကျေးရွာအုပ်စုဖြစ်ပါတယ်။ အဆိုပါကျေးရွာအုပ်စုများတွင် နေထိုင်သည့် မိဘပြည်သူများ လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြောင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးအဆင့်အတန်းများတွင် အလွန်နိမ့်ကျလျက်ရှိပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ပေးရန် များစွာလိုအပ်နေသည့် ကျေးရွာအုပ်စုများ ဖြစ်ပါတယ်။ မြစ်ချောင်းများ ပေါများသည့်အတွက် လူကူး ကြိုးတံတားနှင့် သစ်သားတံတားများစွာရှိပြီး ၎င်းတံတားနှင့် လမ်းများကို ကျေးရွာလူထု၏လုပ်အား ဖြင့် နှစ်စဉ်ပြုပြင်ဆောင်ရွက်နေသော်လည်း မိုးများသည့်ဒေသဖြစ်သည့်အတွက် လမ်းနှင့်တံတားများ မှာ ရေရှည်မခံဘဲ အမြဲတမ်းပြုပြင်နေရပါသဖြင့် ဒေသခံမိဘပြည်သူများအတွက် များစွာခက်ခဲလျက် ရှိကြောင်း တွေ့ရှိရပါတယ်။ ပြည်သူလူထုအများဆုံးသွားလာအသုံးပြုနေသည့်လမ်းဖြစ်သည့် ဆော့လော်မြို့နယ်အစမှ ရှီလန်ဒမ်းကျေးရွာအထိ ၁၅ မိုင် ၄ ဖာလုံ လူကူးလမ်းနှင့် ၎င်းလမ်းပေါ်ရှိ လူကူးကြိုးတံတား လေးစင်းနှင့် သစ်သားတံတား လေးစင်းတို့ကို ပြုပြင်ဆောင်ရွက်ပေးရန် မိဘ ပြည်သူများမှ မကြာခဏ တင်ပြနေသည့်လုပ်ငန်းဖြစ်ပါသဖြင့် ပြုပြင်ဆောင်ရွက်ပေးရန်အတွက် မည်ကဲ့သို့ ဆောင်ရွက်ပေးနေသည်ကို သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအာမိုးဆီမှ မေးမြန်းထားတဲ့ ခေါင်လန်ဖူးမြို့နယ်အတွင်းရှိ ပြည်သူလူထုအမှန်တကယ်လိုအပ်သော လမ်းနှင့်တံတားများ ပြုလုပ်ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိနဲ့စပ်လျဉ်းတဲ့မေးခွန်းကို ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ပြီးခဲ့တဲ့လထဲမှာပဲ ကျွန်တော်နဲ့ နယ်စပ်ရေးရာဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်တို့ကိုယ်တိုင် ခေါင်လန်ဖူးမြို့နယ်ကို သွားရောက် ပြီးတော့ လမ်းတံတားဖွံ့ဖြိုးတိုးတက်ရေးအတွက်သွားရောက်ပြီး စစ်ဆေးကြည့်ရှုခဲ့ပြီး ဖြစ်ပါတယ်။

အဲဒီအပြင် နိုင်ငံတော်သမ္မတကြီးကိုယ်တိုင်လည်း ခေါင်လန်ဖူးကို ကိုယ်တိုင်သွားရောက်ပြီးတော့ အားပေးခဲ့ပြီးဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမြို့နယ်အတွင်းရှိ မထီဇွပ်-ဂျီထုဖန်မြေသားလမ်း ၄ ဖာလုံ နှင့် Box Culvert ခုနစ်စင်း၊ မီကော်-ခေါ်ဘူဒဲကျေးရွာချင်း ဆက်မြေသားလမ်း ၂ မိုင် ၄ ဖာလုံတို့အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် လည်းကောင်း၊ မထီဇွပ်-ဂျီထုဖန်လမ်း သဲကျောက်ခင်းခြင်းလုပ်ငန်း ၆ ဖာလုံတို့အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့်လည်းကောင်း ဆောင်ရွက်ပေးနိုင်ရေးရန်ပုံငွေ လျာထားပြီးဖြစ်ပါတယ်။

ဒါ့အပြင် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးမေးမြန်းထားတဲ့ ဆော့လော်မြို့နယ်အစပ်မှ ရပ်မား၊ ရှီလန်ဒမ်း၊ နမ့်ချိန်အုပ်စုများကို ဖြတ်သန်း၍ ကျေးရွာချင်းဆက်လမ်း ၁၅ မိုင် ၄ ဖာလုံနှင့် လိုအပ်သော တံတားများအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစတင်၍ ကချင်ပြည်နယ်အစိုးရ အဖွဲ့ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ဘဏ္ဍာရေးနှစ်အလိုက် ဦးစားပေးဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ် ခေါင်လန်ဖူးမြို့နယ်အတွင်းရှိ ပြည်သူလူထု အမှန်တကယ်လိုအပ်သော လမ်းနှင့်တံတားများအနက် လမ်းအဆင့်သတ်မှတ်ချက်အရ Class(A)ပါဝင်သော လမ်းနှင့်တံတားများကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မတိုင်မီ ရာသီမရွေး သွားလာနိုင်သော လမ်းနှင့်တံတားများအဖြစ် ပြုပြင်တည်ဆောက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**မြစ်ကြီးနား-နမ္မတီး-တနိုင်း-ရှင်ဗွေယန်-တဒက်ခ-ပန်ဆောင်လမ်းကို ကတ္တရာလမ်းခင်းနိုင်ရန် မည်ကဲ့သို့ စီမံဆောင်ရွက်နေသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တနိုင်းမဲဆန္ဒနယ်မှ ဦးလင်းလင်းဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးလင်းလင်းဦး(တနိုင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ တနိုင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလင်းလင်းဦး ဖြစ်ပါတယ်။ ဒီနေ့ အစည်းအဝေးမှာ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်ဖြင့် မေးခွန်းတစ်ခု မေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ မြစ်ကြီးနား-နမ္မတီး-တနိုင်း-ရှင်ဗွေယန်-တဒက်ခ-ပန်ဆောင်လမ်း (ဒေသအခေါ် လီဒိုလမ်းမကြီး)ကို အဆင့်မြင့် ကတ္တရာခင်းနိုင်ရန်အတွက် မည်ကဲ့သို့စီမံဆောင်ရွက်နေကြောင်း သိရှိလိုပါသဖြင့် ပြည်သူများ ကိုယ်စား မေးမြန်းရခြင်းဖြစ်ပါတယ်။ ဒီလမ်းမကြီးက ဒေသအခေါ် လီဒိုလမ်မကြီးကို အစိတ်အပိုင်း ဖြစ်တဲ့ နမ္မတီး-လက်ဝါး မိုင် ၂၀ ကို ကတ္တရာလမ်းခင်းခြင်းကို ဆောင်ရွက်ပြီးစီးတယ်ဆိုပြီး မြင်တွေ့နေ ရပါတယ်။ ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်နဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ်မှာနေထိုင်တဲ့ ကျွန်တော်တို့ ပြည်သူတွေဟာ ၎င်းလမ်းမကြီးကိုပဲ အဓိကမှီခိုအားထား ပြုနေရပါတယ်။ ဒါကြောင့်မို့လို့ ဒီလမ်းမကြီးကို အဆင့်မြှင့်တင်ခြင်းကို မြန်မြန်ဆောင်ရွက်နိုင်မယ် ဆိုလို့ရှိရင် ကျွန်တော်တို့ဒေသဟာ ဖွံ့ဖြိုးမှုအရှိန်အဟုန်မြင့်မားလာမယ်ဆိုတာ ယုံကြည်လို့ မေးမြန်းရ

ခြင်းဖြစ်ပါတယ်ခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ဒါကတော့ နမ္မတီးပေါ့။ နမ္မတီးဆိုတာ မိုးကောင်းမြို့နယ်ကနေပြီးတော့ ဖားကန့်မြို့နယ် လက်ဝါးကျေးရွာအထိကို ခင်းထားတဲ့ကတ္တရာလမ်းအနေအထားဖြစ်ပါတယ်။ ဒါကတော့ တနိုင်းတံတားရဲ့အထွက် နမ့်ကြားပေါ့။ ဒါ မိုးရာသီကာလတိုင်းလမ်းပေါ်မှာ ရေတက်တဲ့အနေအထားဖြစ်ပါတယ်။ ဒါလည်း အလားတူပါပဲ။ ဒါကတော့ ပြီးခဲ့တဲ့မိုးရာသီကာလမှာ ရှင်ဗွေယန်နဲ့ တဒက်ခလမ်းပိုင်းမှာ ဒါ မြေကျွံမှုဖြစ်သွားတာပါ။ ဒါကတော့ မြေပြိုမှုပါ။ ဒါမျိုးတွေကတော့ မိုးရာသီတိုင်းမှာ အမြဲကြုံတွေ့ရတဲ့အနေအထားလည်း ဖြစ်ပါတယ်။ ဒါတွေက ပြီးခဲ့တဲ့ ၆-၁-၂၀၁၈ မှာ ကျွန်တော်တို့ လွှတ်တော်သုံးရပ်က ကိုယ်စားလှယ်တွေနဲ့ မြို့နယ်အုပ်ချုပ်ရေးမှူးဦးဆောင်တဲ့ ဌာနဆိုင်ရာကိုယ်စားလှယ်တွေ ကွင်းဆင်းစိစစ်တဲ့မှတ်တမ်းဖြစ်ပါတယ်။ ကျွန်တော်တို့ အဲဒီဘက်မှာဆိုရင်လည်း တနိုင်းနှင့် ရှင်ဗွေယန်ကြားမှာဆိုလည်း နယ်မြေအနေအထားက ယခုအချိန်ကာလမှာ တည်ငြိမ်မှုမရှိတဲ့အနေအထားရှိပါတယ်။ ဒါကတော့ တနိုင်းမြို့နယ်နဲ့ နန်းယွန်းမြို့နယ်ကို ထိစပ်နေတဲ့ တဒက်ခအပိုင်းဖြစ်ပါတယ်။ ကျွန်တော်တို့ နောက်ကျောဘက်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ နန်းယွန်းမြို့နယ်ဖြစ်ပါတယ်။ ကျွန်တော်တို့ အရှေ့ဘက်ကတော့ တနိုင်းမြို့နယ်ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်၊ တနိုင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းဦးမှ မေးမြန်းထားတဲ့ မြစ်ကြီးနား-နမ္မတီး-တနိုင်း-ရှင်ဗွေယန်-တဒက်ခ-ပန်ဆောင်လမ်း (ဒေသအခေါ် လီဒိုလမ်းမကြီး)ကို အဆင့်မြင့်ကတ္တရာခင်းနိုင်ရန်အတွက် မည်ကဲ့သို့စီမံဆောင်ရွက်နေကြောင်းကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြစ်ကြီးနား-နမ္မတီး-တနိုင်း-ပန်ဆောင်လမ်းသည် ကချင်ပြည်နယ်အပိုင်းတွင် နမ္မတီးမှ တဒက်ခအထိ ၁၄၄ မိုင် ၁ ဖာလုံရှိပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းဖြစ်ပါတယ်။ လက်ရှိလမ်းအခြေအနေမှာ ကတ္တရာကွန်ကရစ်လမ်း ၂၀ မိုင်၊ AC လမ်း ၂ မိုင် ၆ ဖာလုံနဲ့ အမာခံလမ်း ၁၂၁ မိုင် ၃ ဖာလုံရှိပါတယ်။ ကချင်ပြည်နယ်အတွင်းရှိ မြစ်ကြီးနား(နမ္မတီး)-တနိုင်း-ရှင်ဗွေယန်-တဒက်ခ-ပန်ဆောင်လမ်းအား မြောက်ပိုင်းတော်ဝင်ကျောက်စိမ်းကုမ္ပဏီလီမိတက်မှ ၁၉-၁၁-၂၀၁၄ ရက်နေ့မှစ၍ B.O.T စနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုထားခဲ့သော်လည်း ၃၂ မိုင် ၇ ဖာလုံမှ ၅၂ မိုင် ၇ ဖာလုံအထိ ၂၀ မိုင်သာ တိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ကျန်အပိုင်းများကို တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိပါဘူး။ မြောက်ပိုင်းတော်ဝင်ကျောက်စိမ်းကုမ္ပဏီလီမိတက်အနေဖြင့် လုံခြုံရေးမကောင်းတာကိုအကြောင်းပြပြီးတော့ လမ်းလုပ်ငန်းများတိုးတက်အောင်မဆောင်ရွက်နိုင်သောကြောင့် B.O.T စနစ်ဖြင့် ဆောင်ရွက်နေသောလမ်းအပိုင်းများမှ ၎င်းဆောင်ရွက်ထားသော မိုင် ၂၀ အား ကုမ္ပဏီမှ ဆက်လက်ဆောင်ရွက်စေပြီး ကျန် ၁၂၄ မိုင် ၁ ဖာလုံအား ဝန်ကြီးဌာနမှ အင်ဂျင်နီယာများဖြင့်သာ လုပ်ငန်းများဆောင်ရွက်သွားမှာဖြစ်ကြောင်းကို ၇-၂-၂၀၁၈ ရက်နေ့က ကချင်ပြည်နယ်အစိုးရအဖွဲ့သို့ သဘောထားမှတ်ချက်တောင်းခံထားပြီးဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြစ်ကြီးနား(နမ္မတီး)-တနိုင်း-ရှင်ဗွေယန်-တဒက်ခ-ပန်ဆောင်လမ်းသည် လုံခြုံရေးမကောင်းသော်လည်း ပြည်သူလူထုများ သွားလာနေရသောကြောင့် B.O.T ကုမ္ပဏီထံမှ လမ်းပိုင်းများကို ပြန်လည်သိမ်းသွင်းပြီးတာနဲ့တစ်ပြိုင်နက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ထမ်းများဖြင့် လမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးလင်းလင်းဦး(တနိုင်းမဲဆန္ဒနယ်)**။ ။ တစ်ဆက်တစ်စပ်တည်းမေးခွန်း မေးခွင့်ပြုပါခင်ဗျား။ ဒုတိယဝန်ကြီးရဲ့ဖြေကြားချက်နှင့်ပတ်သက်ပြီး ကျွန်တော် တစ်ဆက်တစ်စပ်တည်း မေးမြန်းလိုပါတယ်။ ကျွန်တော်တို့ လမ်းပိုင်းအနေအထားမှာ ဆောင်ရွက်နေတဲ့ကုမ္ပဏီတွေဟာ နယ်မြေလုံခြုံရေးအကြောင်းပြပြီးမှ လုပ်ငန်းတွေကိုရပ်ဆိုင်းထားမယ်ဆိုရင် ကျွန်တော်တို့ ပြည်သူတွေက ထိခိုက်နစ်နာမှုတွေရှိနေပါတယ်။ ဒါ သက်ဆိုင်ရာဝန်ကြီးဌာနကလည်း ဆောင်ရွက်ပေးစေလိုပါတယ်။ အဲဒီမှာ ကျွန်တော်တို့ဖြစ်သွားတာက ၂၀၁၇ ခုနှစ် ဇွန်လမှာဖြစ်တာပါ။ နယ်မြေအနေအထားလေးတွေက မတည်မငြိမ်ဖြစ်သွားတာနဲ့။ အဲဒီမှာ ကျွန်တော် ပြီးခဲ့တဲ့ တတိယပုံမှန်အစည်းအဝေးမှာ ကြယ်ပွင့်မပြမေးခွန်းတစ်ခု မေးမြန်းခဲ့ဖူးပါတယ်။ အဲဒီမှာ သက်ဆိုင်ရာဆောက်လုပ်ရေးဝန်ကြီးဌာနကတော့ ဖြေကြားထားပါတယ်။ အပိုဒ်(၂)မှာက မြစ်ကြီးနား-နမ္မတီး-တနိုင်း-ပန်ဆောင်လမ်း ၁၁၇ မိုင်ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ သုံးနှစ်စီမံချက်နဲ့ ကတ္တရာလမ်းအဆင့်မြင့်တည်ဆောက်သွားမယ်ဆိုပြီး အဲဒီမှာ ဖြေကြားချက် အပိုဒ်(၂)ထဲမှာပါပါတယ်။ နောက်ဆုံးဖြေကြားချက် အပိုဒ်(၅)မှာဆိုလို့ရှိရင် နမ္မတီးနဲ့ လက်ဝါးကြား မိုင် ၂၀ အပြင် နမ္မတီးနဲ့ တနိုင်းကြားကွန်ကရစ်တံတားခုနစ်စင်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်းမှာ အပြီးဆောက်ပေးသွားမယ်ဆိုပြီး ရှင်းလင်းဖြေကြားထားပါတယ်။ ဒီရှင်းလင်းဖြေကြားချက်နဲ့ဆိုရင် နမ္မတီးနဲ့ လက်ဝါးကြားတော့မိုင် ၂၀ ကတ္တရာလမ်းခင်းပြီးသွားတဲ့အနေအထားရှိပါတယ်။ သို့သော်ငြားလည်းပဲ ကွန်ကရစ်တံတားတွေကမပြီးစီးပါဘူး။ မပြီးတဲ့အခါကျတော့ မိုးရာသီကျရင် ကျွန်တော်တို့ အခက်အခဲတွေဖြစ်တော့မှာပါ။ အဲဒါတွေက ဆောက်လုပ်ဆဲဖြစ်ပါတယ်။ ကျွန်တော် မေးချင်တာကတော့ အခုနက ကျွန်တော်တင်ပြခဲ့ပြီးပြီ။ တနိုင်းနဲ့ လမုံကြားပေါ့။ အဲဒီ ၃ မိုင်အနေအထားလေးကို ပထမစီမံချက်လေးနဲ့ဆောင်ရွက်ပေးနိုင်မှုရှိ/မရှိနဲ့ နောက် ရှင်ဗွေယန်နဲ့ တဒက်ခ။ တောင်ပြိုတယ်။ မြေကျွံတဲ့ဥစ္စာတွေကနွေရာသီတိုင်းဖြစ်နေတဲ့အခါကျတော့ အဲဒါလေးကို အချိန်မီဆောင်ရွက်ပေးနိုင်မှု ရှိ/မရှိ ဝန်ကြီးဌာနကိုသိရှိလိုကြောင်း မေးမြန်းလိုပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ပြောကြားတဲ့ သုံးနှစ်စီမံချက်ဆိုတာက B.O.T ကုမ္ပဏီမှ တင်ပြထားတဲ့ သုံးနှစ်စီမံချက်သည် အဲဒီအချိန်အခါက ပေးအပ်ခြင်းဖြစ်ပါတယ်။ သို့သော်လည်းပဲ လုံခြုံရေးအကြောင်းပြပြီးတော့ B.O.T က ဆောင်ရွက်နိုင်ခြင်းမရှိပါဘူး။ အလားတူပါပဲ။ ဖန်းမော်-လွယ်ကျယ်လမ်းဆိုလို့ရှိရင်လည်း ကုမ္ပဏီကိုပေးထားတာကို အဲဒီလွှတ်တော်ကိုယ်စားလှယ်များက လုံခြုံရေးအကြောင်းပြပြီး ကုမ္ပဏီမလာဘူး။

နောက်တစ်ချက် ကာကွယ်ရေးဝန်ကြီးဌာနကလည်း စာပို့ပါတယ်။ တော်တော်ဆိုးနေတယ်ဆိုတဲ့ အတွက် လုံခြုံရေးအကြောင်းပြပြီး ကုမ္ပဏီကမဝင်တဲ့အတွက် ဗန်းမော်-လွယ်ကျယ်လမ်းကို ပထမ ဦးစွာသိမ်းလိုက်ပြီးတော့ ကျွန်တော်တို့ ဝန်ထမ်းတွေနဲ့ ဝင်ရောက်ဆောင်ရွက်ပေးတဲ့အတွက် ဗန်းမော်-လွယ်ကျယ်လမ်း အခု ပြီးသွားပါပြီ။ အခု နမ္မတီး-တနိုင်း၊ တနိုင်း-ရှင်ဗွေယန်-တဒက်ခအပိုင်းကိုလည်း ပဲ အခု အမြန်ဆုံး ဒီကုမ္ပဏီကနေ ပြန်သိမ်းလိုက်ပါ့မယ်။ ပြန်သိမ်းပြီး ဝန်ထမ်းအင်ဂျင်နီယာတွေနဲ့ အမြန်ဆုံးဝင်ရောက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဆောမြို့နယ်အတွင်းရှိ တပြင်းကျေးရွာမှ ကျောက်လိပ်ကျေးရွာအထိ ၁၈ မိုင်အရှည် ကျောက်ချောလမ်းအား ကွန်ကရစ် သို့မဟုတ် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆောမဲဆန္ဒနယ်မှ ဦးကျော်တင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်တင်(ဆောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဆောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတာကတော့ တပြင်းကျေးရွာမှ ကျောက်လိပ်ကျေးရွာအထိ ၁၈ မိုင်ရှည်တဲ့ ကျောက်ချောလမ်းအား ကွန်ကရစ် သို့မဟုတ် ကတ္တရာလမ်းအဖြစ်နဲ့ အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိကို မေးမြန်းလိုခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောမြို့နယ်အတွင်းမှာရှိတဲ့ တပြင်း၊ ပင်ထောင်၊ ကြူတော၊ သံပရာ၊ မန်း၊ ငှက်ကြီးဦး၊ လက်ပန်နှင့် ကျောက်လိပ်ကျေးရွာအထိ ရှစ်ရွာဟာ ကျေးရွာချင်းဆက်လမ်းအဖြစ်နဲ့ ၁၈ မိုင် အရှည်ကို လွန်ခဲ့တဲ့ သုံးနှစ် ယခင်အစိုးရလက်ထက်က မြေသားလမ်း၊ ကျောက်ခင်းလမ်းများ ပြီးစီးခဲ့ပြီးဖြစ်သော်လည်း မိုးကြီးခြင်း၊ ကျောက်အရည်အသွေးမပြည့်မီခြင်း၊ ဘေးရေလွှဲမြောင်းများ မရှိခြင်းတို့ကြောင့် လမ်းများ အရည်အသွေးနိမ့်လျက်ရှိပါတယ်။ သစ်သားတံတား အဲဒီလမ်းပေါ်မှာဆက်နွှယ်ခြင်းရှိတဲ့အနက်ကမှ ပင်ထောင်ကျေးရွာအနီးမှာရှိတဲ့ တံတားဟာ ကမ်းပါးရေတိုက်စားမှုကြောင့် အမြန်ဆုံးပြန်လည်ပြုပြင်ရပါမယ်။ မန်းကျေးရွာအနီးမှာရှိသော မန်းချောင်းကူးတံတားတစ်စင်းကိုလည်းပဲ တည်ဆောက်ပေးသင့်ပါတယ်။ ကျေးရွာလူထုများ၊ လွန်စွာအားထားရတဲ့ လမ်းဖြစ်လို့ ပွင့်လင်းရာသီမှာ ကတ္တရာ သို့မဟုတ် ကွန်ကရစ်လမ်းအဖြစ် ခင်းပေးပါက ရာသီမရွေးသွားလာနိုင်မယ့်လမ်းဖြစ်ပါတယ်။ ဒါ့အပြင် ယင်းကျေးရွာလမ်းမှတစ်ဆင့် ကွမ်းခင်း၊ ငှက်ချောင်း၊ ပေါက်တော၊ ကချောင်းကျေးရွာများမှတစ်ဆင့် ပခုက္ကူ၊ ကျောက်ထု၊ ဆောမြို့များကို ဆက်သွယ်ထားတဲ့ ကားလမ်းမသို့ထွက်ခွာနိုင်မည်ဖြစ်ပါ၍ လွန်စွာကောင်းမွန်ပါတယ်။ ဒါကြောင့်မို့လို့ တပြင်းကျေးရွာမှ ကျောက်လိပ်ကျေးရွာအထိ ၁၈ မိုင်အရှည် ကျောက်ချောလမ်းအား ကွန်ကရစ် သို့မဟုတ် ကတ္တရာလမ်းခင်းခြင်းကို တစ်နှစ်တည်း သို့မဟုတ် နှစ်အလိုက် ခင်းပေးနိုင်ခြင်း ရှိ/မရှိနှင့် မည်သည့်ဘဏ္ဍာရေးနှစ်မှာ စတင်မည်ဆိုတာကို ကျေးရွာလူထု၏ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနအား မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ဆောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင် မေးမြန်းထားတဲ့ မကွေးတိုင်းဒေသကြီး၊ ဆောမြို့နယ်အတွင်းရှိ တပြင်းကျေးရွာမှ ကျောက်လိပ်ကျေးရွာအထိ ၁၈ မိုင်အရှည် ကျောက်ချောလမ်းအား ကွန်ကရစ် သို့မဟုတ် ကတ္တရာလမ်းခင်းခြင်းကို တစ်နှစ်တည်း သို့မဟုတ် နှစ်အလိုက်ခင်းပေးနိုင်ခြင်းရှိ/မရှိနှင့် မည်သည့်ဘဏ္ဍာနှစ်တွင် စတင်မည်ကို သိရှိလိုခြင်းနဲ့စပ်လျဉ်းတဲ့မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ဆောမြို့နယ်အတွင်းရှိ တပြင်း-ပင်တောင်-ကြူတော-သံပရာ-မန်း-ငှက်ကြီးဦး-လက်ပန်-ကျောက်လိပ်ကျေးရွာချင်းဆက်လမ်းသည် အရှည် ၁၉ မိုင်ရှိပြီးတော့ ပခုက္ကူ-ပေါက်-မင်းတပ်လမ်းမကြီးနှင့် ဆက်သွယ်သော လမ်းဖြစ်ပြီးတော့ ၂၀၁၇ ခုနှစ်စက်တင်ဘာလက စတင်ပြီးတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ စီမံခန့်ခွဲတဲ့လမ်း ဖြစ်လာပါတယ်ခင်ဗျား။ ယခင်ကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စီမံခန့်ခွဲတဲ့လမ်း ဖြစ်ပါတယ်။ အဆိုပါကျေးရွာချင်းဆက်လမ်းအရှည် ၁၉ မိုင်၏ လက်ရှိအခြေအနေမှာ ကျောက်လမ်းဖြစ်ပြီးတော့ ပြုပြင်ရန်လိုအပ်သည့်လမ်းပိုင်းများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ပြင်ဆင်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ တပြင်း-ကျောက်လိပ်လမ်းပိုင်းပေါ်မှာရှိတဲ့ ပင်တောင်ချောင်းကူးတံတားကိုလည်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် မြေကာနံရံတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် အသစ်ဆောက်လုပ်ရန်လိုအပ်တဲ့ မန်းချောင်းတံတား ၂၃၀ ပေနှင့်ကျောက်လိပ်ရွာအဝင်တံတားတို့ကိုလည်း အသေးစိတ် ကွင်းဆင်းတိုင်းတာတွက်ချက်၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှ စတင်လျာထားပြီး ဘဏ္ဍာငွေရရှိမှု အပေါ်မူတည်ပြီး ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ဆောမြို့နယ်အတွင်းရှိ တပြင်း-ပင်တောင်-ကြူတော-သံပရာ-မန်း-ငှက်ကြီးဦး-လက်ပန်-ကျောက်လိပ်ကျေးရွာချင်းဆက်လမ်းသည် လမ်းအဆင့်သတ်မှတ်ချက်အရ Class(A) ဦးစားပေးအဆင့်(၁)မှာပါဝင်ပါသဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မတိုင်မီ ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး ကတ္တရာ သို့မဟုတ် ကွန်ကရစ်လမ်းများအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ကနီ-ကင်းလမ်းအူကြောင်းပိုင်းအား ကျေးရွာအများအပြားလက်လှမ်းမီ အသုံးပြုနိုင်သော လမ်းအူကြောင်းတစ်ခုဖြစ်စေရန် ပြောင်းလဲဖောက်လုပ်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကနီမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးထွန်းထွန်းနိုင်(ကနီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင် ဖြစ်ပါတယ်။ ဒီနေ့ကျွန်တော်မေးမယ့် မေးခွန်းကတော့

ကနီ-မင်းကင်းမြို့နယ်ချင်းဆက်လမ်းအူကြောင်းပေါ်ရှိ ကနီ-ကင်းလမ်းအူကြောင်းပိုင်းအား ၎င်းဒေသရှိ ချင်းတွင်းမြစ်ရေကြောင်းတစ်ခုတည်းကိုသာ အားထားနေရသော ကျေးရွာအများအပြား လက်လှမ်းမီအသုံးပြုနိုင်သော လမ်းအူကြောင်းတစ်ခုဖြစ်စေရန် ပြောင်းလဲဖောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိနှင့် ရှိပါက ၎င်းလမ်းအပိုင်းအား အထူးဦးစားပေးဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိတို့ကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလမ်းပိုင်းဟာ ကနီမှ ကင်းအထိ ၃၈ မိုင်ရှည်လျားတဲ့ လမ်းဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ ကတ္တရာလမ်း ၄ မိုင် ၁ဖာလုံခွဲနဲ့ အမာခံလမ်း ၁ မိုင် ၆ ဖာလုံခွဲတို့ကို ဖောက်လုပ်ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ကျန်တဲ့ ၃၂ မိုင်ဟာ လှည်းလမ်းသာသာ မြေလမ်းအဆင့်များသာ ရှိပါသေးတယ်။ ဒီလမ်းပိုင်းကို ယခင်အစိုးရလက်ထက်မှစတင်ဖောက်လုပ်ခဲ့တာဖြစ်ပြီးတော့ တောင်ကုန်း၊ တောင်ထိပ်တစ်လျှောက် သစ်တောကြိုးဝိုင်းတွေကို ဖြတ်ပြီးဖောက်လုပ်ထားတာဖြစ်ပါတယ်။ ဒီလမ်းကြောင်းအတိုင်းသာ ဆက်လက်ဆောင်ရွက်မယ်ဆိုလျှင် ဒေသခံပြည်သူတွေအတွက် အသုံးဝင်မှုအလွန်နည်းမှာဖြစ်ပါတယ်။ ဒေသခံပြည်သူများကို အမှန်တကယ်အကျိုးဖြစ်အသုံးဝင်နိုင်မယ့်လမ်းဖြစ်ဖို့ဆိုလျှင် ယခုလို တောင်ကုန်းထိပ်တစ်လျှောက် လမ်းအူကြောင်းဖောက်လုပ်ဆောင်ရွက်ခြင်းထက် ၎င်းတောင်ခြေ မြစ်ကြောင်းတစ်လျှောက် ကျေးရွာများ လက်လှမ်းမီအသုံးပြုနိုင်မယ့် လမ်းကြောင်းကိုသာ ရွေးချယ်ဖောက်လုပ်ပေးသင့်ပါတယ်။ တောင်ခြေမြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများဟာ ချင်းတွင်းမြစ်ရေကြောင်းတစ်ခုတည်းကိုသာ အသုံးပြုနေရတဲ့အတွက် လမ်းပန်းဆက်သွယ်ရေးအလွန်ခက်ခဲလျက် ရှိပါတယ်။ အဲဒီအတွက် ဒေသခံများအနေနဲ့ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေနိုင်ဖို့ရာ တောင်ခြေမြစ်ချောင်းတစ်လျှောက် ကိုယ်ထူကိုယ်ထလမ်းတွေဖောက်ဖို့လည်း ကြိုးစားလျက်ရှိရာမှာ အခုဆို တော်တော်လေးပဲ ခရီးပေါက်နေပြီ ဖြစ်ပါတယ်။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပေးဖို့ မေတ္တာရပ်ခံပါတယ်။ Power Point မှာပြထားတဲ့ အဝါရောင်လမ်းကြောင်းဟာ လက်ရှိလမ်းအူကြောင်းဖြစ်ပါတယ်။ အပြာရောင်လမ်းကြောင်းကတော့ ဒေသခံကျေးရွာ ၂၅ ရွာကျော်၊ လူဦးရေ ၃၀၀၀၀ ကျော်လောက်ကို အသုံးဝင်အကျိုးပြုနိုင်မယ့်လမ်းကြောင်းကို ပြထားတာဖြစ်ပြီးတော့ အနီရောင် Point လေးတွေကတော့ ကျေးရွာတွေရဲ့တည်ရှိမှုကို ပြထားတာဖြစ်ပါတယ်။ လက်ရှိအဝါရောင်လမ်းကြောင်းအတိုင်း ဆက်လက်ဆောင်ရွက်မယ်ဆိုလျှင် ဒေသခံပြည်သူများအတွက် အသုံးဝင်မှုလည်း အလွန်နည်းမှာဖြစ်သလို ခရီးမိုင်ကလည်း ပိုပြီးတော့ များမှာဖြစ်ပါတယ်။ သစ်တောပြုန်းတီးမှုကိုလည်း ဖြစ်ပေါ်စေပါတယ်။ အပြာရောင်လမ်းကြောင်းဟာ မူလလမ်းကြောင်းထက် ၁၀ မိုင်ကျော်ပိုပြီးတော့ နီးလာမှာဖြစ်တဲ့အတွက် အဲဒီလမ်းကြောင်းကိုသာ ဖောက်လုပ်မယ်ဆိုလျှင် လမ်းဖောက်လုပ်မှုကုန်ကျစရိတ်မှာ ၁၀ မိုင်ကျော်ကုန်ကျစရိတ် သက်သာလာမှာ ဖြစ်ပါတယ်။ ၎င်းအပြာရောင်လမ်းကြောင်းအတိုင်း တောင်ခြေမြစ်ကြောင်းတစ်လျှောက် လမ်းတစ်ခုဖောက်လုပ်နိုင်ဖို့ရာကို ဒေသခံပြည်သူများနဲ့ လွှတ်တော်ကိုယ်စားလှယ်များ ပူးပေါင်းပြီး ကိုယ်ထူကိုယ်ထဆောင်ရွက်လျက်ရှိရာမှာ အခုဆိုလမ်းရဲ့ထက်ဝက်ကျော်လောက်ကို လမ်းအူကြောင်း ဖောက်လုပ်ပြီးဖြစ်ပါတယ်။ ဒါကတော့ ကိုယ်ထူကိုယ်ထဖောက်လုပ်ထားတဲ့လမ်းပိုင်းတွေကို ကွင်းဆင်းကြည့်ရှုမှုမှတ်တမ်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်မှာ ကျွန်တော်တင်ပြခဲ့သလို တောင်ခြေမြစ်ကြောင်းတစ်လျှောက် ကျေးရွာများအနေနဲ့ တောင်ခြေတစ်လျှောက်ကိုယ်ထူကိုယ်ထလမ်းတစ်ခု အောင်မြင်အောင် ဖောက်လုပ်နိုင်ဖို့ရာ အားတက်သရောကြိုးစားပေမဲ့ ဝန်နဲ့အားကတော့ မမျှပါဘူး။ အဲဒီအတွက် အစိုးရရဲ့ကူညီပံ့ပိုးမှုတွေကိုလည်း အများကြီးမျှော်လင့်လျက်ရှိပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့လည်း ပြည်သူများရဲ့လမ်းတံတားအခြေခံလိုအပ်ချက်တွေကို ဖြည့်ဆည်းဆောင်ရွက်ပေးရမယ့် တာဝန်ရှိပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ပြည်သူများ၏လမ်းတံတားလိုအပ်ချက်ကို ဆောင်ရွက်ပေးရမယ့်အတူတူ အကျိုးမရှိလှတဲ့လမ်းအူကြောင်းအစား ပြည်သူလူထုအသုံးဝင်အကျိုးပြုရှိမယ့်လမ်းကြောင်းကို ပြောင်းလဲဖောက်လုပ်ပေးခြင်းဖြင့် နိုင်ငံ့ဘဏ္ဍာလေလွင့်ဆုံးရှုံးမှုလျော့နည်းစေသည့်အပြင် ထိရောက်သောဘဏ္ဍာငွေသုံးစွဲမှုတစ်ခု ဖြစ်လာနိုင်ဖို့ရာယခုလိုမေးခွန်းမေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင်မှမေးမြန်းထားတဲ့ ကနီ-မင်းကင်းမြို့နယ်ချင်းဆက်လမ်းအူကြောင်းပေါ်ရှိ ကနီ-ကင်းလမ်းအူကြောင်းလမ်းပိုင်းအား ၎င်းဒေသရှိ ချင်းတွင်းမြစ်ရေကြောင်းတစ်ခုတည်းကိုသာ အားထားနေရသော ကျေးရွာအများအပြားလက်လှမ်းမီ အသုံးပြုနိုင်သောလမ်းအူကြောင်း တစ်ခုအဖြစ် ပြောင်းလဲဖောက်လုပ်ပေးနိုင်ခြင်းရှိ/မရှိနှင့် ရှိပါက ၎င်းလမ်းပိုင်းအား အထူးဦးစားပေးဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိတို့နှင့်စပ်လျဉ်းတဲ့မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကနီ-မင်းကင်း-တောင်တွင်းချောင်လမ်းပိုင်းသည် မိုင်(၀/၀)မှ (၈၀/၆)အထိ ၈၀ မိုင် ၆ ဖာလုံရှည်လျားပြီး ပြည်ထောင်စုအစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်း ဖြစ်ပါတယ်။ အဆိုပါ ကနီ-မင်းကင်း-တောင်တွင်းချောင်လမ်းရဲ့ ကနီ-ကင်းလမ်းအပိုင်းသည် ကနီမိုင်(၀/၀)မှ ကင်းရွာ မိုင်(၃၈/၀)ထိ ၃၈ မိုင်ရှည်လျားပြီး သစ်ထုတ်လုပ်ရေးလမ်းနဲ့ လူသွားလမ်းတို့ကိုအခြေခံပြီး ဖောက်လုပ်ထားသောလမ်းအပိုင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိဖောက်လုပ်ထားတဲ့လမ်းကြောင်းသည် ကျေးရွာသုံးရွာကိုသာ ဖြတ်သန်းဖောက်လုပ်ထားတာဖြစ်ပြီး ကိုယ်စားလှယ်တော်ကြီး အဆိုပြုတဲ့လမ်းကြောင်းက ချင်းတွင်းမြစ်ကမ်းတစ်လျှောက်မှာရှိတဲ့ ကျေးရွာပေါင်း ၂၁ ရွာ၊ လူဦးရေပေါင်း ၁၆၀၀၀ ကျော်ကို အကျိုးပြုမယ့်လမ်းကြောင်းဖြစ်တဲ့အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အသစ်ဖွဲ့စည်းထားတဲ့ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနကို တာဝန်ပေးအပ်၍ ပထမဦးစွာလမ်းအူကြောင်းအသစ်ရှာဖွေ ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

**မူကြမ်း**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက တင်သွင်းသည့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာ ထပ်မံဖတ်ကြားရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့(၁၇-၁-၂၀၁၈ ရက်နေ့)တွင် တင်သွင်းတဲ့အစီရင်ခံစာ ဖတ်ကြား ရှင်းလင်းခဲ့သော မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အစီရင်ခံစာထပ်မံ ဖတ်ကြား ရှင်းလင်းမှာဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်း ကော်မတီရဲ့အတွင်းရေးမှူး ဦးကျော်စိုးလင်းဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း(၂၀၁၇ ခုနှစ်)နှင့်စပ်လျဉ်း၍ ထပ်မံ၍အစီရင်ခံစာ တင်ပြသွားမှာဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကပေးပို့လာသော မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း(၂၀၁၇ ခုနှစ်)နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ၁၇-၁-၂၀၁၈ ရက်(ဗုဒ္ဓဟူးနေ့)တွင် ဥပဒေကြမ်း ကော်မတီ၏လေ့လာတွေ့ရှိချက်အစီရင်ခံစာကို လွှတ်တော်သို့တင်သွင်းခဲ့ပြီးဖြစ်ပါတယ်။ လေးစားရပါ သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်မှာလည်း မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း(၂၀၁၇ ခုနှစ်)နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုများကို ၁၉-၁-၂၀၁၈ ရက်နေ့နောက်ဆုံးထား၍ တင်သွင်း နိုင်ကြောင်းကြေညာခဲ့သဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက် အဆိုများကို တင်သွင်းလာခဲ့ကြပါတယ်။ ပြင်ဆင်ချက်အဆိုများကို တင်သွင်းလာတဲ့ လွှတ်တော်ကိုယ်စားများမှာ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်းနှင့် ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦးတို့ဖြစ်ကြပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း(၂၀၁၇ ခုနှစ်)နှင့်စပ်လျဉ်း၍ ၅-၂-၂၀၁၈(တနင်္လာနေ့)တွင် ပြင်ဆင်ချက်အဆိုတင်သွင်းလာသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာ ဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ တင်သွင်းလာသည့်ပြင်ဆင်ချက် အဆိုများကို ညှိနှိုင်းဆွေးနွေးခဲ့ကြပါတယ်။ ယင်းညှိနှိုင်းအစည်းအဝေး၏ဆွေးနွေးဆုံးဖြတ်ချက်များအရ

(က) ဥပဒေပါပြဋ္ဌာန်းချက်များသည် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရန် ခက်ခဲနေခြင်း၊ (ခ) ကျွမ်းကျင်ပညာရှင်များနှင့် အသေးစိတ်ပြန်လည်ညှိနှိုင်းပြင်ဆင်ရေးဆွဲရန်လိုအပ်ခြင်း၊ (ဂ) ပြင်ဆင်သည့်ဥပဒေကြမ်းပါ ရည်ရွယ်ချက်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမှ ဆောင်ရွက်နိုင်မှုမရှိခြင်း၊ (ဃ) ဝန်ကြီးဌာနမှလည်း မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း(၂၀၁၇ ခုနှစ်)ကို ကျွမ်းကျင်ပညာရှင်များနှင့် ညှိနှိုင်းပြီး ပြန်လည်စိစစ်ရန်လိုအပ်သည်တို့ကို သဘောတူခြင်း စသည်တို့ကို စစ်ဆေးလေ့လာတွေ့ရှိခဲ့ကြပါတယ်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၇ ခုနှစ်)နှင့်စပ်လျဉ်း၍ ပိုမိုကောင်းမွန်သည့်ဥပဒေဖြစ်စေရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ပြန်လည်စိစစ်ဆောင်ရွက်နိုင်ရန်အတွက် ဝန်ကြီးဌာနသို့ ပြန်လည်ပေးပို့သင့် ပါကြောင်း ထပ်မံ၍အစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ ဥပဒေကြမ်းကော်မတီ။ အားလုံးကို အထူး ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း ထပ်မံစိစစ်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနသို့ ပြန်လည်ပေးပို့သင့်ကြောင်း တင်ပြမှုကို လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မြန်မာ နိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဥပဒေကြမ်း ကော်မတီရဲ့အစီရင်ခံစာတင်ပြချက်အတိုင်း ထပ်မံစိစစ်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ ပြန်လည်ပေးပို့သွားမည်ဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီနေရာမှာ ဥပဒေကြမ်းကော်မတီအနေနဲ့ တစ်ခုသတိပြုသင့်ပါတယ်။ ဘာလဲဆိုတော့ ဒီဥပဒေကြမ်းဟာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကနေပေးပို့လာတယ်။ ပြည်ထောင်စု အစိုးရအဖွဲ့ရုံးကပေးပို့လာတယ်ဆိုတာ သက်ဆိုင်ရာဝန်ကြီးဌာနကနေ ပေးပို့ပြီးမှ အစိုးရအဖွဲ့ကနေ ပေးပို့တာ။ အဲဒီတော့ သက်ဆိုင်ရာဝန်ကြီးဌာနက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဒီဥပဒေ ကြမ်းကို ရေးဆွဲပြီးဆိုကတည်းက အခုနကပြောတဲ့ ဆောင်ရွက်နိုင်ရန်ခက်ခဲနေတာ၊ ကျွမ်းကျင်ပညာရှင် တွေနဲ့ ပြန်ညှိနှိုင်းဖို့လိုတာ၊ ပြင်ဆင်ရေးဆွဲရန်လိုအပ်နေတာ ဒီအကြောင်းပြချက်တွေ ပါလာတယ်။ အဲဒီတော့ ဒီဥပဒေကြမ်း စတင်ရေးဆွဲကတည်းကိုက သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ ပြည်ထောင်စုအစိုးရ အဖွဲ့က ကျွမ်းကျင်ပညာရှင်တွေနဲ့ ကိုယ့်ဝန်ကြီးဌာနက လုပ်နိုင်၏/မလုပ်နိုင်၏အကောင်အထည်ဖော် မှုနဲ့ ဒီလိုသေသေချာချာစိစစ်ရေးဆွဲပြီး ပြည်ထောင်စုအစိုးရအဖွဲ့ Cabinet ကိုဖြတ်၊ အဲဒီကနေမှ လွှတ်တော်ရောက် လွှတ်တော်ရောက်လာပြီးတဲ့အခါကျတော့ ကိုယ်စားလှယ်နှစ်ဦးက ပြင်ဆင်ချက် အဆိုတင်သွင်းတယ်။ ကိုယ်စားလှယ်တွေအခွင့်အရေးရှိတယ်။ တင်သွင်းခွင့်ရှိတယ်။ အဲဒီပြင်ဆင်ချက် အဆိုတင်သွင်းရင်လည်း အဲဒီပြင်ဆင်ချက်အဆိုတင်သွင်းတဲ့ပေါ်မှာ အခုနက သက်ဆိုင်ရာဝန်ကြီးဌာန

ဒီထဲမှာပါတဲ့ပြင်ဆင်တဲ့ကိုယ်စားလှယ်၊ ပြည်ထောင်စုရွေ့နေချုပ်ရုံး၊ ကျန်းမာရေးနှင့်အားကစား ကော်မတီစသည်ဖြင့် ညှိနှိုင်းပြင်ဆင်ရေးဆွဲရာမှာ ဒီမှာတစ်ခါတည်းပေါင်းစပ်ပြီးတော့ ညှိနှိုင်းပြင်ဆင် ရေးဆွဲခွင့်ရှိတယ်။ ကျွမ်းကျင်ပညာရှင်တွေလည်း ဖိတ်ခွင့်ရှိတယ်။ အဲဒီလိုမဟုတ်ဘဲနဲ့ ဆောင်ရွက်ရန် အကောင်အထည်ဖော်ဆောင်ရွက်ဖို့ရန်ခက်ခဲနေလို့၊ ပြင်ဆင်ရေးဆွဲရန်လိုအပ်နေလို့ ကျွမ်းကျင်ပညာ ရှင်တွေနဲ့ညှိနှိုင်းဖို့လိုလို့ဆိုပြီး ဒီမှာမပြီးဘဲနဲ့ပြန်ပို့တယ်ဆိုရင် ကျွန်တော်တို့ ဥပဒေတစ်ခုဟာ တော်တော်တိုင်ပတ်ပြီးကြာနေလိမ့်မယ်။ အဲဒီတော့ ပွင့်ပွင့်လင်းလင်းပဲမေးမယ်။ အခုပြန်ပို့စေချင်တဲ့ သဘောထားက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့သဘောထားလား။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားလား။ ဒါမှမဟုတ် ပြည်ထောင်စုရွေ့နေချုပ်ရုံးရဲ့သဘောထားလား။ ဒါမှမဟုတ် ဥပဒေ ရေးရာနှင့် အထူးကိစ္စရပ်များရဲ့သဘောထားလား။ အခုဒီမှာလုံးရေးလိုက်တယ်။ အဲဒီဟာတွေနဲ့ ညှိနှိုင်း ဆွေးနွေးတယ်။ ဒီလိုအခက်အခဲတွေရှိလို့ပြန်ပို့တယ်ဆိုတော့ ဘယ်သူ့သဘောထားက ပြန်ပို့ချင်တာလဲ။ အကုန်လုံးပေါင်းစပ်ပြီးတော့ အကုန်လုံး ဝါးလုံးကျိုးသိမ်းပြီးတော့ အကုန်လုံးရေးထားတာ။ ကိုယ်စားလှယ်တွေကပြန်ပို့ချင်တာလား။ ဥပဒေကြမ်းကော်မတီက ပြန်ပို့ချင်တာလား။ ရွေ့နေချုပ်ရုံးက ပြန်ပို့ချင်တာလား။ ကျန်းမာရေးဝန်ကြီးဌာနက ပြန်ယူချင်တာလား။ ဒါမှမဟုတ်လို့ရှိရင် ဥပဒေရေးရာ နှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်က ပြန်ပို့ချင်တာလား။ ပြင်ဆင်တဲ့ ကိုယ်စားလှယ်တွေက ဒီတွေခက်ခဲလို့မလုပ်နိုင်ပါဘူး။ မလုပ်နိုင်ခြင်း/လုပ်နိုင်ခြင်း၊ ခက်ခဲတယ်/မခက် ခဲဘူးက ဝန်ကြီးဌာနရဲ့သဘောထားပေါ်ပဲမူတည်တယ်။ ဥပဒေတစ်ခုဟာ ကျွန်တော်တို့က အားလုံး ညှိနှိုင်းပေါင်းစပ်ပြီး တစ်ခါတည်း ပြင်လို့၊ ပြုလို့၊ ဖြည့်လို့ရတယ်။ အဲဒါကို ဒါတွေရှိလို့ပါလို့ဆိုတော့ အကြောင်းပြချက်တွေကြည့်လိုက်တဲ့အခါကျတော့ အကြောင်းပြချက်တစ်ခုလုံးက ယေဘုယျချည်းပဲ။ ဆောင်ရွက်ရန်ခက်ခဲနေတယ်။ ပြင်ဆင်ဖို့ရန်လိုအပ်တယ်။ ကျွမ်းကျင်ပညာရှင်တွေနဲ့ညှိဖို့လိုတယ်။ ပြီးပြန်တော့လည်း ဘယ်ဆွေးနွေးတဲ့လူက ပြန်ပို့ချင်မှန်းမသိဘူး။ ဆွေးနွေးတဲ့လူအကုန်လုံးပါနေတယ်။ အဲဒီ ခြောက်ဖွဲ့၊ ခုနစ်ဖွဲ့စလုံး။ လွှတ်တော်ရဲ့ဆုံးဖြတ်ချက်အရ ပြန်ပို့မယ်။ ဒါပေမဲ့ သက်ဆိုင်ရာကျန်းမာ ရေးနှင့် အားကစားဝန်ကြီးဌာနက အမြန်ဆုံး ဒီဥပဒေဟာ နိုင်ငံတော်နှင့် နိုင်ငံသူနိုင်ငံသားတွေအတွက် အမြန်လိုအပ်တဲ့ဥပဒေ။ ကျွန်တော်တို့သွားနေတာက ဒီမိုကရေစီစနစ်ကိုသွားနေတာ။ ဒီမိုကရေစီ ဖော်ဆောင်ရေးအတွက်လိုအပ်တဲ့ဥပဒေ။ ဒါကြောင့်မို့လို့ ဒါကိုတော့ မြန်မြန်ဆန်ဆန်နဲ့ပီပီပြင်ပြင် သက်ဆိုင်ရာဝန်ကြီးဌာန ပြန်ပို့တယ်ဆိုတာ ဘယ်သူ့ဆုံးဖြတ်ချက်နဲ့ပြန်ပို့မှန်းမသိဘူး။ အခု အဲဒီ ဆွေးနွေးတဲ့အကုန်လုံးပါတယ်။ ပြန်ပို့တယ်ဆိုတာ။ လုံးရေးထားတယ်။ ရှင်းရှင်းလင်းလင်းမရှိဘူး။ ဒါကြောင့်မို့လို့ အမြန်ဆုံး။ အမြန်ဆုံးမှာ ကျွန်တော်ပြောပါမယ်။ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ နှစ်ပတ်အတွင်း ဒီဥပဒေကြမ်းကို ပြန်လည်ပြီးတော့ လွှတ်တော်ကိုတင်ပြနိုင်အောင် ကြိုးစား ဆောင်ရွက်ပေးပါ။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြန်လည်ထွက်ခွာ နိုင်ပါတယ်။

**ဒေါ်နန်းခမ်းအေး၊ နမ့်တူမဲဆန္ဒနယ်က တင်သွင်းသည့် ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရဌာန အဖွဲ့အစည်းများအနေဖြင့် တင်ဒါများအားခေါ်ယူဆောင်ရွက်ရာတွင် လုပ်ငန်းနှင့် သက်ဆိုင်သောပစ္စည်းများ၏ သယ်ယူပို့ဆောင်ခစရိတ်များနှင့် နည်းပညာအရဝန်ကြီးဌာနမှ လုပ်ဆောင်ရန်မလိုသောလုပ်ငန်းတစ်ခုလုံးအပြီး ဆောင်ရွက်ရသည့် လုပ်ငန်းများကို တင်ဒါ မခေါ်ဘဲ ကန်ထရိုက်ရတင်ဒါအောင်မြင်သူတစ်ဦးကဲ့သို့ လုပ်ကိုင်ဆောင်ရွက်နေခြင်း၊ ညွှန်ကြား ချက်များ၊ လုပ်ငန်းလမ်းညွှန်ချက်များနှင့် ကွဲလွဲစွာဆောင်ရွက်နေခြင်းတို့ကို ညွှန်ကြားချက်များ၊ လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ အမြန်ဆုံးလိုက်နာဆောင်ရွက်ရန်နှင့် တင်ဒါပေးရာတွင် ဒေသနှင့်ကိုက်ညီသော ပြီးပြည့်စုံသည့်လုပ်ငန်းပုံစံ(Drawing)များနှင့် တွက်ချက်မှု(Estimate) များကို သက်ဆိုင်ရာဝန်ကြီးဌာနမှသာ တာဝန်ယူဆောင်ရွက်ပေးပြီး ဈေးနှုန်း(Rate)များကို တင်ဒါဆွဲမည့်ကုမ္ပဏီများကို ထည့်သွင်းရေးဆွဲစေခြင်းဖြင့် မျှတစွာယှဉ်ပြိုင်မှုကို ဖော်ဆောင်ပေးရန်အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်နန်းခမ်းအေး၊ နမ့်တူမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး အဋ္ဌမနေ့(၂၉-၁-၂၀၁၈ ရက်နေ့)တွင် တင်သွင်းတဲ့ ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာနအဖွဲ့အစည်းများအနေဖြင့် တင်ဒါများအား ခေါ်ယူဆောင်ရွက်ရာတွင် လုပ်ငန်းနှင့်သက်ဆိုင်သောပစ္စည်းများ၏ သယ်ယူ ပို့ဆောင်ခစရိတ်များနှင့် နည်းပညာအရ ဝန်ကြီးဌာနမှလုပ်ဆောင်ရန်မလိုသော လုပ်ငန်းတစ်ခုလုံး အပြီးဆောင်ရွက်ရသည့်လုပ်ငန်းများကို တင်ဒါမခေါ်ဘဲ ကန်ထရိုက်ရတင်ဒါအောင်မြင်သူတစ်ဦး ကဲ့သို့ လုပ်ကိုင်ဆောင်ရွက်နေခြင်း၊ ညွှန်ကြားချက်များ၊ လုပ်ငန်းလမ်းညွှန်ချက်များနှင့် ကွဲလွဲစွာ ဆောင်ရွက်နေခြင်းတို့ကို ညွှန်ကြားချက်များ၊ လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ အမြန်ဆုံးလိုက်နာ ဆောင်ရွက်ရန်နှင့် တင်ဒါပေးရာတွင် ဒေသနှင့်ကိုက်ညီသော ပြီးပြည့်စုံသည့်လုပ်ငန်းပုံစံ (Drawing)များနှင့် တွက်ချက်မှု(Estimate)များကို သက်ဆိုင်ရာဝန်ကြီးဌာနမှသာ တာဝန်ယူ ဆောင်ရွက်ပေးပြီး ဈေးနှုန်း(Rate)များကို တင်ဒါဆွဲမည့်ကုမ္ပဏီများကို ထည့်သွင်းရေးဆွဲစေခြင်း ဖြင့် မျှတစွာယှဉ်ပြိုင်မှုကို ဖော်ဆောင်ပေးရန်အဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့် ကိုယ်စားလှယ် ၁၁ ဦးရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဦးခမ်း(သိန္နီမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ သိန္နီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဦးခမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နမ့်တူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေး ရဲ့ အဆိုအပေါ် အကြံပြုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ခေတ်မီတိုးတက်တဲ့နိုင်ငံတစ်ခုဖြစ်ဖို့ ခေတ်မီတဲ့အခြေခံအဆောက်အဦ ကောင်း လိုအပ်ပါတယ်။ ခေတ်မီတဲ့အခြေခံအဆောက်အဦကောင်းအတွက် အရည်အချင်းပြည့်ဝပြီး

တာဝန်ယူတာဝန်ခံမှုရှိသော နိုင်ငံ့ဝန်ထမ်းများလိုအပ်သလို အရည်အသွေးပြည့်ဝတဲ့တည်ဆောက်ရေး လုပ်ငန်းလည်းဖြစ်ဖို့လိုအပ်ပါတယ်။ သို့မှသာလျှင် ဘဏ္ဍာငွေလေလွင့်မှုကို ထိန်းချုပ်နိုင်ပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးပြည့်ဝတဲ့တည်ဆောက် ရေးလုပ်ငန်းကိုဆောင်ရွက်တဲ့အခါမှာ ကန်ထရိုက်စနစ်တွေနဲ့ ပွင့်လင်းမြင်သာစွာဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အစိုးရမှ မှန်ကန်သောမူဝါဒ၊ မှန်ကန်သောလုပ်ငန်းလမ်းညွှန်ချက်များချမှတ်ပြီး မှန်ကန်စွာ လိုက်နာကျင့်သုံးသွားပါမှ အရည်အသွေးပြည့်ဝပြီး ခေတ်မီတဲ့နိုင်ငံတစ်ခုဖြစ်လာမှာဖြစ်ပါတယ်။ အဆို ရှင် ဒေါ်နန်းခမ်းအေးက ညွှန်ကြားချက်များနဲ့ကွဲလွဲစွာဆောင်ရွက်နေခြင်းကို အမြန်ဆုံးလိုက်နာ ဆောင်ရွက်ရန်နှင့် နိုင်ငံတော်နှင့်ပြည်သူအတွက် အကျိုးမရှိသောစည်းကမ်းချက်များကို ပယ်ဖျက်ရန် လို့ ထောက်ပြထားတာရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီး လုပ်ငန်းများဆောင်ရွက်တဲ့အခါမှာ လုပ်ငန်းတင်ဒါ ခေါ်ယူတဲ့အခါမှာ တင်ဒါကော်မတီဆိုတာဖွဲ့စည်းရပါတယ်။ အဲဒီတင်ဒါကော်မတီကနေပြီးတော့ တင်ဒါ တွေကို စိစစ်ရွေးချယ်တဲ့အခါမှာ အောက်ပါအချက်များအပေါ် မူတည်ပြီးစဉ်းစားပေးဖို့ အကြံပြုလိုပါ တယ်။

ကုမ္ပဏီမှာပါဝင်ရမယ့် Professional Engineer, Senior Registor Engineer အရေအတွက်၊ သူတို့ရဲ့လုပ်ငန်းအတွေ့အကြုံများ၊ ကုမ္ပဏီရဲ့စက်၊ ယာဉ်ယန္တရားလက်ဝယ်ပိုင်ဆိုင်မှု အနေအထား၊ ကုမ္ပဏီရဲ့ငွေကြေးလည်ပတ်မှုအခြေအနေ၊ ကုမ္ပဏီရဲ့ယခင်ဆောင်ရွက်ခဲ့ဖူးတဲ့ လုပ်ငန်း အတွေ့အကြုံများနဲ့ အောင်မြင်မှုများ၊ ယခင်ဆောင်ရွက်ခဲ့ဖူးတဲ့ဝန်ကြီးဌာနရဲ့ထောက်ခံချက်၊ မှတ်ချက် များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီကနေ အသိအမှတ်ပြုထားတဲ့ လက်ရှိကုမ္ပဏီရဲ့အဆင့်အတန်း စတဲ့ကျွမ်းကျင်မှုတွေ၊ တွက်ချက်မှုတွေ၊ အမှတ်ပေးစည်းမျဉ်းတွေ၊ သက်ဆိုင်ရာဌာနရဲ့နီးစပ်သူတွေနဲ့ ကုမ္ပဏီကြီးများအတွက် လမ်းဖွင့်ပေးနေပါတယ်။ ယခုမှစတင်တည်ထောင်တဲ့ကုမ္ပဏီ သို့မဟုတ် ဌာန၊ အဆင်မပြေတဲ့ကုမ္ပဏီအတွက် တင်ဒါအောင်မြင်ရန် အခွင့်အလမ်းတွေကင်းမဲ့နေတာကို တွေ့ရပါ တယ်။ မြေပြင်မှာ ကျွန်တော့်ရဲ့မဲဆန္ဒနယ်က တည်ဆောက်ရေးလုပ်ငန်းကြီးတစ်ခုမှာ Foundation တူးတာ လူအားနဲ့တူးသွားတယ်။ ရေထွက်လာတဲ့အခါ လူအားနဲ့ပြန်ခပ်ထုတ်ရတယ်။ စက်သုံးပါလို့ အကြံပြုတဲ့အခါကျတော့ စက်ကမရှိပါဘူး။ အဆောက်အဦရှေ့မှာလမ်းခင်းတဲ့အခါမှာလည်းပဲ လမ်းကြိတ်စက်ကို အသုံးမပြုတာတွေ့ရတယ်။ အင်ဂျင်နီယာကြီးကြပ်မှုတွေ အားနည်းလွန်းတယ်။ အချိန်ပြည့်မရှိဘူး။ ဒါကိုကြည့်ခြင်းအားဖြင့် စက်ယန္တရားမပြည့်စုံဘဲနဲ့ ကိုယ့်နီးစပ်ရာအပေါ်မူတည်ပြီး ရွေးချယ်ထားတာကို တွေ့ရပါတယ်။ ယခုမှ ကုမ္ပဏီစတင်တည်ထောင်ပြီး စက်ယန္တရားပြီးပြည့်စုံတဲ့ ကုမ္ပဏီကနေ လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းမရှိတာကိုလည်း တွေ့နေရပါတယ်။ ဒါတွေဟာ တင်ဒါ ရွေးချယ်စိစစ်ရေးအပိုင်းရဲ့အားနည်းချက်များ ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့က ဆောက်လုပ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ကန်ထရိုက်စနစ်ဖြင့်လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမယ့်လုပ်ငန်းလမ်းညွှန်ချက် အပိုဒ် ၃၊ အပိုဒ် ၄ မှာ ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြီးကြပ်သောအင်ဂျင်နီယာအနေနဲ့ လုပ်ငန်းများကို မျက်ခြေမပြတ် ကြည့်ရှု ကြီးကြပ်ရန်လိုသည်လို့ ဖော်ပြထားပါတယ်။ အပိုဒ် ၄၂ မှာ ပစ္စည်းများအရည်အသွေးမှန်ကန်ခြင်း၊ လက်ရာကောင်းမွန်ခြင်း၊ ထုတ်ပေးထားသောပုံစံများနှင့်ကိုက်ညီခြင်း၊ စံချိန်စံညွှန်းမှန်ကန်ခြင်း စသဖြင့် လမ်းညွှန်ထားတာတွေ့ရပါတယ်။ အပိုဒ် ၄၃ မှာ အထူးသဖြင့် နောင်တွင်စစ်ဆေးရမယ့်

အစိတ်အပိုင်းများကို ဖုံးအုပ်မသွားမီ စစ်ဆေးတိုင်းထွာရန်အရေးကြီးသည်လို့တွေ့ရပါတယ်။ သို့သော် လက်တွေ့မှာ ကြီးကြပ်မှုအားနည်းမှုကြောင့် လုပ်ငန်းပြီးဆုံးပြီးမကြာမီအချိန်အတွင်းမှာ ပျက်စီးယိုယွင်းမှုတွေတွေ့နေရပါတယ်။ သတ်မှတ်ထားတဲ့ကာလအတွင်းမှာ လုပ်ငန်းပြီးစီးမှုမရှိတဲ့ကန်ထရိုက်တွေ၊ လက်ရာမကောင်းဘဲနဲ့အဆောက်အအုံတွေ၊ စံချိန်စံညွှန်းတွေ လွဲမှားနေတာကို တွေ့ကြုံနေရပါတယ်။ ပျက်စီးသွားတဲ့အဆောက်အအုံတွေမှာ စံချိန်စံညွှန်းနဲ့မကိုက်ညီတဲ့ပစ္စည်းတွေ တွေ့နေရတယ်။ အပိုဒ် ၄၄ မှာပါရှိတဲ့ သက်ဆိုင်ရာတာဝန်ခံများ၊ လုပ်ငန်းများတိုးတက်မှုကို တစ်ပတ်လျှင် နှစ်ကြိမ် မှတ်တမ်းတင်ခြင်းအစား တစ်ပတ်လျှင် တစ်ကြိမ် မှတ်တမ်းတင်ဓာတ်ပုံများနဲ့ပြောင်းလဲပြီးတော့မှ သတ်မှတ်ပေးသင့်ပါကြောင်း အကြံပြုလိုပါတယ်။ ပစ္စည်းတင်ဒါနဲ့ပတ်သက်ပြီးတော့မှ ပစ္စည်းပေးသွင်းရန်ဖြစ်ရင် အရည်အသွေးကောင်းမွန်မှု၊ ဈေးနှုန်းကိုက်ညီခြင်းဆောင်ရွက်ရမယ့်ကန်ထရိုက်မှာဘဏ္ဍာရေးခိုင်မာမှု မရှိခြင်းအပေါ် စဉ်းစားဖို့လိုအပ်ပါတယ်။ သက်ဆိုင်ရာဒေသရဲ့ဈေးကွက်အတွင်း အနိမ့်ဆုံးကြမ်းခင်းဈေးနဲ့အမြင့်ဆုံးကြမ်းခင်းဈေးကို တင်ဒါခေါ်ယူတဲ့အဖွဲ့အစည်းရဲ့ ကြမ်းခင်းဈေးသတ်မှတ်ရေးကော်မတီကနေ ကြိုတင်သတ်မှတ်ပေးရမယ်လို့ ဆိုထားပါတယ်။ ဒီနေရာမှာ ကြမ်းခင်းဈေးသတ်မှတ်ရေးကော်မတီကနေပြီးတော့ ဒေသပေါက်ဈေးထက် ပိုပြီးတော့ နှုန်းထားတွေမြှင့်ထားတယ်။ တင်ဒါတွေကိုအောင်မြင်စေတယ်။ ၎င်းဈေးအတိုင်းဘတ်ဂျက်တွေတင်တောင်းတယ်။ အမှန်တကယ်ပြင်ပပေါက်ဈေးထက်များစွာကျော်လွန်မြင့်တက်နေတာကို လက်တွေ့မြေပြင်မှာတွေ့ကြုံနေရပါတယ်။ နိုင်ငံတော်ရဲ့ငွေကြေးကုန်ကျမှုစရိတ်ပိုမိုကုန်ကျနေတာကို တွေ့ရပါတယ်။ ဝန်ထမ်းအကျင့်ပျက်ခြစားမှုတွေကို ဖြစ်ပေါ်စေပါတယ်။ နောက်ဆုံးအနေနဲ့ နိုင်ငံတော်ရဲ့တည်ဆောက်ရေးလုပ်ငန်းတွေမှာ ကန်ထရိုက်စနစ်နဲ့ဆောင်ရွက်တဲ့အခါမှာ မှန်ကန်သောမူဝါဒ၊ လမ်းညွှန်ချက်များနဲ့ မှန်ကန်စွာလက်ခံကျင့်သုံးသွားနိုင်ဖို့အတွက် သက်ဆိုင်ရာဌာနများက အားစိုက်၍ လိုက်နာထိန်းကျောင်းသွားပေးပါရန် တင်ပြရင်း ဒေါ်နန်းခမ်းအေးရဲ့အဆိုကို ထောက်ခံဆွေးနွေးလိုက်ရပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းသန့်ဇင်(သီပေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ သီပေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန့်ဇင်ဖြစ်ပါတယ်ခင်ဗျား။ နမ္မတူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေး တင်သွင်းတဲ့အဆိုကို ထောက်ခံဆွေးနွေးမှာဖြစ်ပါတယ်။ နိုင်ငံတကာချေးငွေတွေနဲ့ နိုင်ငံတော်တည်ဆောက်နေရတဲ့အချိန်မှာ ဝန်ထမ်းတွေက တင်ဒါရွေးချယ်မှုကို မလျော်သြဇာသုံးပြီး တစ်နည်းနည်းနဲ့လွှမ်းမိုးဆောင်ရွက်ခြင်းမျိုးမရှိစေဖို့ ရည်ရွယ်တင်သွင်းတဲ့အဆို ဖြစ်ပါတယ်။ ညွှန်ကြားချက်(၁/၂၀၁၇)အရ တင်ဒါမှဆောင်ရွက်ခွင့်ပြုရာမှာ နိုင်ငံတော်ရဲ့ဘဏ္ဍာငွေတွေ လေလွင့်ဆုံးရှုံးမှုမရှိစေဖို့၊ အဂတိလိုက်စားမှုများမရှိစေဖို့၊ တင်ဒါကို လက်ဝါးကြီးအုပ်ရယူခြင်းမရှိစေဖို့၊ မှန်ကန်မျှတတဲ့ယှဉ်ပြိုင်မှုဖြစ်စေဖို့၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိဖို့၊ အများပြည်သူအတွက် ထိရောက်အကျိုးရှိစေဖို့ ရည်ရွယ်တာဖြစ်ပါတယ်။ ညွှန်ကြားချက်အပိုဒ်(၅)အရလည်း မှန်ကန်တဲ့ကုန်ကျစရိတ်ဖြစ်ပေါ်စေဖို့၊ အရည်အသွေးပြည့်ဝစေဖို့နဲ့ မလိုလားအပ်တဲ့မသမာမှုတွေကို ကာကွယ်ဖို့၊ ကန်ထရိုက်စနစ်နဲ့လုပ်ငန်းတွေဆောင်ရွက်ရာမှာ လိုက်နာကျင့်သုံးရမယ့် လုပ်ငန်းလမ်းညွှန်ချက်ကို လိုက်နာဆောင်ရွက်မယ်လို့ ဖော်ပြထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်က တင်ဒါလမ်းညွှန်နဲ့အညီ မဆောင်ရွက်တာတွေကို သက်သေသာဓကများနဲ့ ထောက်ပြဆွေးနွေးထားပြီး တင်ဒါလမ်းညွှန်နဲ့အညီ လိုက်နာဆောင်ရွက်ဖို့ တိုက်တွန်းထားပါတယ်။ တင်ဒါလမ်းညွှန်အပိုဒ်(၁၀)မှာပါတဲ့ ကျပ်သန်း ၁၀၀ အထက် တင်ဒါကြိုတင်ကြေညာချက်အပေါ် လိုက်နာမှုမရှိခြင်း၊ အိတ်ဖွင့်တင်ဒါစည်းမျဉ်းစည်းကမ်း သတ်မှတ်မှုအချို့သည် ပြည်သူ့ဘဏ္ဍာငွေပိုမိုကုန်ကျမှုကိုဖြစ်ပေါ်စေခြင်း၊ မမျှတတဲ့ယှဉ်ပြိုင်မှုကိုလည်း ဖြစ်ပေါ်နေစေခြင်း၊ ကန်ထရိုက်စနစ်နဲ့လုပ်ငန်းတွေ ဆောင်ရွက်ရာမှာ ဒေသအခြေအနေနဲ့ ကိုက်ညီတဲ့ဈေးနှုန်းမဖြစ်ပေါ်ခြင်း စတာတွေကိုတင်ပြသွားပါတယ်။ ဒါ့အပြင် စုစုပေါင်းလုပ်ငန်းတန်ဖိုး ကျပ်သိန်း ၁၀ တိတိနဲ့အထက်ကျော်လွန်တဲ့လုပ်ငန်းတွေကို တင်ဒါခေါ်ယူဆောင်ရွက်ရမယ်ဆိုသော်လည်း ဌာနမှ တင်ဒါမခေါ်ဘဲ ကန်ထရိုက်တင်ဒါအောင်မြင်သူတစ်ဦးကဲ့သို့ လုပ်ကိုင်ဆောင်ရွက်နေတာကိုလည်း တင်ပြသွားပါတယ်။ သစ်တောကြိုးဝိုင်းအတွင်းမှာရှိတဲ့ကျောက်တွေကို ထုတ်ယူသုံးစွဲခြင်းအတွက် အခွန်ကဲ့သို့ပေးသွင်းနေရမှုကိုလည်း သက်ဆိုင်ရာဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ကိုက်ညီခြင်းရှိ/မရှိ၊ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်ခြင်းရှိ/မရှိကိုလည်း စိစစ်သုံးသပ်ရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တင်ဒါလုပ်ထုံးလုပ်နည်းများအရဆောင်ရွက်ရာမှာ တင်ဒါကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနဲ့စိစစ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးကော်မတီနဲ့ လက်ခံရေးကော်မတီတွေကို ဖွဲ့စည်းဆောင်ရွက်ကြရပါတယ်။ တင်ဒါကော်မတီဖွဲ့စည်းပုံကို တင်ဒါညွှန်ကြားချက်အပိုဒ်(၉)အရဖွဲ့စည်းပြီး အပိုဒ်(၁၃)၊ အပိုဒ်(၁၄)၊ အပိုဒ်(၁၅)တို့အရ ကျန်ကော်မတီတွေကို ဖွဲ့စည်းတာဝန်ပေးပါတယ်။ တင်ဒါတင်သွင်းတဲ့ကုမ္ပဏီကြီးတွေရဲ့ တည်ဆောက်မှုဆိုင်ရာတင်ဒါများအတွက် ကျွမ်းကျင်မှုဆိုင်ရာစာအိတ်ကို လိုအပ်တဲ့စံချိန်၊ စံညွှန်းတွေပြည့်မီမှုရှိ/မရှိ စိစစ်ရွေးချယ်ပြီး အောင်မြင်မှသာ ဈေးနှုန်းအဆိုပြုလွှာစာအိတ်ကို တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီနဲ့ သက်ဆိုင်ရာကုမ္ပဏီများရဲ့ရှေ့မှောက်မှာ ဖွင့်ဖောက်စစ်ဆေးပြီး ဈေးနှုန်းအနည်းဆုံးကုမ္ပဏီကို တင်ဒါအောင်မြင်သူအဖြစ် ရွေးချယ်ရပါတယ်။

ပစ္စည်းဝယ်ယူရေးဆိုင်ရာတင်ဒါမှာဆိုရင်လည်း ဝယ်ယူမယ့်ပစ္စည်းအရေအတွက်၊ အရည်အသွေး၊ စံချိန်စံညွှန်းလိုအပ်ချက်နှင့် ပေးသွင်းရမည့်ကာလတွေကို ကြိုတင်သတ်မှတ်ပေးကြရပြီး သတ်မှတ်ချက်တွေကိုပြည့်မီတဲ့ ကုမ္ပဏီများကသာ တင်ဒါစိစစ်ရွေးချယ်ပိုင်ခွင့်ရှိပါတယ်။ ပစ္စည်းတင်ဒါဈေးနှုန်းစိစစ်ရာမှာမဖြစ်နိုင်တဲ့ ကြမ်းခင်းဈေးအောက် များစွာလျော့နည်းတဲ့တင်ဒါပါလာပါက တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီရဲ့ အများသဘောတူညီမှုနဲ့ အဆိုပါတင်ဒါကို ပယ်ဖျက်ရမှာဖြစ်ပါတယ်။ ဒီနေရာမှာ မဖြစ်နိုင်တဲ့ကြမ်းခင်းဈေးအောက် များစွာလျော့နည်းတဲ့တင်ဒါလို့ ဆိုထားတဲ့အတွက် ကြမ်းခင်းဈေးအောက် ခပ်နိမ့်နိမ့်လေးလျော့ပြီးသွင်းတဲ့တင်ဒါတွေကို လက်ခံတာတွေရှိနေပြီး တင်ဒါလုပ်ထုံးလုပ်နည်းရဲ့အားနည်းချက်ကို လက်ဝါးချင်းရိုက်တဲ့ကိစ္စတွေရှိနေမှုအပေါ် သုံးသပ်ပြင်ဆင်ရမှာဖြစ်ပါတယ်။

တင်ဒါယှဉ်ပြိုင်ခြင်းအတွက် တင်ဒါအာမခံကြေးအဖြစ်ခန့်မှန်းလုပ်ငန်းတန်ဖိုးရဲ့ တစ်ရာခိုင်နှုန်းကို ငွေပေးအမိန့်(Payment Order Check)ပြုလုပ်ပြီး သက်ဆိုင်ရာဘဏ္ဍာရေးဌာနကို အပ်နှံပေးသွင်းရပါတယ်။ တင်ဒါအာမခံကြေးနဲ့ပတ်သက်ပြီး လုပ်ငန်းရှင်တွေ တစ်ရာခိုင်နှုန်းမက ပေးနေရ

တာကိုလည်း ကြားနေရပါတယ်။ ဈေးနှုန်းတင်သွင်းလွှာပြုလုပ်ရာမှာ တိုက်ရိုက်ပစ္စည်းစာရင်းနဲ့ တန်ဖိုး၊ တိုက်ရိုက်လုပ်အားခငွေကုန်ကျစရိတ်၊ စက်ယန္တရားအသုံးပြုခြင်းကုန်ကျစရိတ်၊ အထွေထွေအသေးအဖွဲ့ကုန်ကျစရိတ်တွေအပြင် ကန်ထရိုက်အမြတ် ၁၀ ရာခိုင်နှုန်းစတာတွေကိုပေါင်းပြီး ဈေးနှုန်းတင်သွင်းရပါတယ်။ ပစ္စည်းဈေးနှုန်း၊ သယ်ယူစရိတ်နဲ့လုပ်အားခတွေကို အမှန်တကယ်ဒေသပေါက်ဈေးနဲ့ကွာဟမှုနည်းနိုင်သမျှနည်းအောင် နည်းလမ်းရှာဖွေသတ်မှတ်ရမယ်လို့ ဆိုပါတယ်။ ဒီအချက်တွေနဲ့ပတ်သက်ပြီး အဆိုရှင် သာဓကပြုဆွေးနွေးချက်တွေက လမ်းညွှန်ချက်ရဲ့အားနည်းချက်တွေအပေါ် အခွင့်ကောင်းယူနိုင်မှုရှိနေတယ်ဆိုတာကို မီးမောင်းထိုးပြလိုက်တာပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ဆုံးအနေနဲ့ ဆွေးနွေးလိုတာကတော့ ကုမ္ပဏီကတင်ပြလာတဲ့ လုပ်ငန်းပုံစံ(Drawing)အနေနဲ့ တွက်ချက်မှု(Estimate)သည် သက်ဆိုင်ရာဌာနရဲ့စံချိန်စံညွှန်းတွေနဲ့ ကိုက်ညီမှုနည်းပါးပြီး မတူညီတဲ့ပုံစံတွေကို နှိုင်းယှဉ်အမှတ်ပေးရာမှာလည်း မျှတမှုဖြစ်ပေါ်စေဖို့ အင်မတန်ခက်ခဲတဲ့အကြောင်းကို ယှဉ်ပြိုင်မှုကို အကဲခတ်တဲ့ပညာရှင်တွေက ဆိုကြပါတယ်။ ဒါကြောင့် ဒေသနဲ့ကိုက်ညီတဲ့၊ ပြီးပြည့်စုံတဲ့လုပ်ငန်းပုံစံ(Drawing)တွေ၊ တွက်ချက်မှု(Estimate)တွေနဲ့ ပစ္စည်းအမျိုးအစား၊ အရည်အသွေး၊ စံချိန်စံညွှန်းတွေကို သက်ဆိုင်ရာဝန်ကြီးဌာနကပဲ တာဝန်ယူဆောင်ရွက်ပေးပြီး တင်ဒါဆွဲမယ့်ကုမ္ပဏီတွေကို ဈေးနှုန်း(Rate)တွေ ထည့်သွင်းရေးဆွဲစေခြင်းဖြင့် မျှတစွာယှဉ်ပြိုင်မှုကို ဖော်ဆောင်ပေးနိုင်ဖို့ ကျွန်တော့်အနေနဲ့ တိုက်တွန်းရခြင်းဖြစ်ပါတယ်။ တင်ဒါစနစ်ရဲ့အားနည်းချက်တွေကို ပြုပြင်ပြောင်းလဲနိုင်ဖို့၊ ကြီးကြပ်မှုကိုအားဖြည့်နိုင်တဲ့နည်းလမ်းကောင်းများရှာဖွေအသုံးပြုနိုင်ဖို့၊ ရိုးသားမှု၊ ပွင့်လင်းမြင်သာမှု၊ ကြိုးစားအားထုတ်မှု၊ စိတ်ကောင်းစေတနာကောင်းရှိမှုတွေလည်း လိုအပ်နေပါတယ်။ လုပ်ငန်းအကျိုးတူပတ်သက်မှုရှိနေကြတာတွေကို ကြီးကြပ်စုံစမ်းထောက်လှမ်းနိုင်တဲ့စနစ်တွေလည်း လိုအပ်နေပါကြောင်းနှင့် ယခုအဆိုကို အတည်ပြုသင့်ပါကြောင်း ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ယဉ်မင်းလှိုင်(ဂန့်ဂေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင်။ ကျွန်မကတော့ ဂန့်ဂေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင် ဖြစ်ပါတယ်။ ကျွန်မက နမ္မတူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေး၏အဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး ကျွန်မတို့ပြည်သူ့လွှတ်တော်ကြီးက အတည်ပြုထားတဲ့အဆိုနှစ်ရပ်ရှိပါတယ်။ ကျွန်မတို့ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကော်မတီမှ တင်သွင်းခဲ့တဲ့ တင်ဒါလုပ်ငန်းလမ်းညွှန်ကို လိုက်နာရန်အဆိုနဲ့ Third Party စနစ်ကို မှန်ကန်စွာအမြန်ဆုံးဆောင်ရွက်ရန်အဆို ဖြစ်ပါတယ်။ ယခု အဆိုရှင်ရဲ့အဆိုဟာ အတည်ပြုပြီးအဆိုနှစ်ရပ်နဲ့ ဆက်စပ်နေတဲ့အပြင် လက်တွေ့ကျတဲ့အဆိုတစ်ခုဖြစ်ပါတယ်။ ဒါ့အပြင် လွှတ်တော်မှအတည်ပြီးသောအဆိုများကို လိုက်နာရမယ့်၊ အကောင်အထည်ဖော်ရမယ့်ဌာန

များက လက်တစ်လုံးခြားရှောင်လွှဲနေခြင်းကို မီးမောင်းထိုးပြသကဲ့သို့ ဖြစ်နေပါ၍ ထောက်ခံဆွေးနွေးရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ အဆိုရှင်က ၂၀၁၆ ခုနှစ် စက်တင်ဘာလမှာ ထုတ်ပြန်ထားတဲ့ တင်ဒါလုပ်ငန်းလမ်းညွှန်နဲ့ နိုင်ငံတော်သမ္မတရုံးညွှန်ကြားချက်(၁/၂၀၁၇)ကို ကိုးကားတင်ပြသွားပါတယ်။ ဒီလမ်းညွှန်ချက်တွေမှာ တင်ဒါလမ်းညွှန်အပိုဒ်(၆)မှာ ပစ္စည်း၊ လုပ်အားနှင့်အခြားကုန်ကျစရိတ်ထည့်သွင်း၍ တင်ဒါခေါ်ရမယ်ဆိုတာ တိကျစွာပါရှိပါတယ်။ ဒါက အဆိုရှင်တင်ပြသလိုပဲ ပစ္စည်းကိုအထိုင်ဈေးနဲ့ဝယ်တာ၊ နည်းပညာအရ မလိုအပ်တဲ့ လုပ်ငန်းနဲ့လုပ်အားခတွေကို ဌာနဝန်ထမ်းတွေနဲ့ဆောင်ရွက်စေတာတွေဟာ ဒီလမ်းညွှန်ချက်အပိုဒ်(၆)ကို မလိုက်နာခြင်းဖြစ်ပါတယ်။ နည်းပညာအရ လိုအပ်ရင်တောင်မှ ပညာရှင်များအဖြစ် အင်ဂျင်နီယာကောင်စီက အသိအမှတ်ပြုထားတဲ့ အင်ဂျင်နီယာတွေပါရှိတဲ့ ကုမ္ပဏီတွေကို စိစစ်ရွေးချယ်ခိုင်းစေရမှာဖြစ်ပါတယ်။ အဲဒီလိုမဟုတ်ခဲ့ရင်တော့ အဆိုရှင်တင်ပြသလိုပဲ ဝန်ကြီးဌာနက ကန်ထရိုက်ရတင်ဒါအောင်မြင်သူကဲ့သို့ လက်ဝါးကြီးအုပ်ဆောင်ရွက်ခြင်းတွေဟာ နေရာအနှံ့အပြားမှာရှိနေဆဲဖြစ်ပါတယ်။ နောက်လုပ်ငန်းလမ်းညွှန်အပိုဒ်(၇)မှာ ဒေသပေါက်ဈေးနဲ့ပတ်သက်ပြီး အမှန်တကယ်ပေါက်ဈေးနဲ့ ကွာဟမှုနည်းနိုင်သမျှနည်းစေရမယ်ဆိုတာ တိကျစွာလမ်းညွှန်ထားပါတယ်။ ဒါပေမဲ့ တကယ့်လက်တွေ့ဒေသပေါက်ဈေးတွေဟာ နိုင်ငံအနှံ့အပြားမှာအဆမတန်ဖောင်းပွနေပါတယ်။ ဒါတွေကတော့ ပြည်ထောင်စုဖွံ့ဖြိုးရေးရန်ပုံငွေသိန်းတစ်ထောင်နဲ့ လုပ်ငန်းတွေလုပ်တဲ့အခါမှာ Local Rate တွေနဲ့ အမှန်ဈေးကွာဟမှုတွေကို ကိုယ်စားလှယ်တိုင်းလက်တွေ့တွေ့မြင်နေရတာဖြစ်ပါတယ်။ နောက် လမ်းညွှန်ချက်အပိုဒ်(၁၁)မှာလည်း Design နဲ့ Estimate ကို လုပ်ငန်းအပ်နှံတဲ့ဌာနက တာဝန်ယူခြင်းဟာ တင်ဒါစနစ်ကိုသွက်လက်မြန်ဆန်အကျိုးရှိစေမှာဖြစ်တယ်လို့ သေသေချာချာလမ်းညွှန်ထားလို့ အဆိုရှင်တင်ပြခဲ့တဲ့ ဒီအချက်ကိုလည်း တိကျစွာလိုက်နာသင့်ကြောင်း ထောက်ခံပါတယ်။ ဒါမှသာ လက်တွေ့ကျကျနဲ့ ထိရောက်မြန်ဆန်တဲ့တင်ဒါလုပ်ငန်းစဉ် ဖြစ်ပေါ်လာမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ နိုင်ငံတော်သမ္မတရုံးညွှန်ကြားချက်(၁/၂၀၁၇) အပိုဒ်(၂၅) နဲ့ ၂၀၁၆ ခုနှစ် လုပ်ငန်းလမ်းညွှန်အပိုဒ်(၃၂)တို့မှာ ဈေးအနည်းဆုံးပေးသူကို တင်ဒါအောင်စေရမယ်လို့ပါရှိပေမဲ့ ဈေးအနည်းဆုံးကိုပေးရင် Quality မမီနိုင်ဘူးလို့ အကြောင်းပြချက်ပေးပြီးတော့ ကြမ်းခင်းဈေးကို အမြင့်ဆုံးဈေး၊ အနိမ့်ဆုံးဈေး နှစ်မျိုးသတ်မှတ်၍ တင်ဒါဆောင်ရွက်နေကြခြင်းဟာလည်း လမ်းညွှန်ချက်များနဲ့ဆန့်ကျင်နေပါတယ်။ ဒါတွေကြောင့် ဝန်ထမ်းများရဲ့ အဂတိလိုက်စားမှုကိုဖြစ်ပေါ်စေပြီး နီးစပ်သူများက ၎င်းတို့သတ်မှတ်တဲ့ဈေးနဲ့ တစ်ကျပ်မှမလွဲဘဲ တင်ဒါအောင်နေကြတဲ့ ရှက်စဖွယ်ဖြစ်ရပ်တွေဖြစ်လာနေပါတယ်။ ဒီကြမ်းခင်းဈေးနှုန်းသတ်မှတ်တာကို ၂၀၁၅ ခုနှစ်မှာ ADB မစ္စတာဆမ်းတူက အကြံပြုခဲ့လို့ပါလို့ ဆောက်လုပ်ရေးဝန်ကြီးဌာနက အကြောင်းပြနေတာဟာလည်း အခုအချိန်မှာ Quality အတွက် Third Party အဆိုအတည်ပြုပြီးဖြစ်တဲ့အပြင် ၂၀၁၆ ခုနှစ် လုပ်ငန်းလမ်းညွှန်နဲ့ နိုင်ငံတော်သမ္မတရုံးညွှန်ကြားချက်(၁/၂၀၁၇)မှာ လုံးဝမပါရှိတဲ့အတွက် ဒါက အတည်ပြုအဆိုတွေနဲ့လွဲနေတဲ့အချက်၊ မှားနေတဲ့အချက်ဖြစ်ကြောင်းကို တင်ပြလိုပါတယ်ရှင်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူ့လွှတ်တော်မှ အတည်ပြုပြီးအဆိုနှစ်ရပ်ကို အလေးအနက်မပြုဘဲနဲ့ ၂၀၂၀ ခုနှစ်မှာ Regulatory Body အဖြစ်

ပြောင်းနိုင်မယ်လို့ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့နဲ့ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့ ပြည်ထောင်စုလွှတ်တော်မှာ ထပ်ခါထပ်ခါဖြေကြားနေခြင်းဟာ ပြည်သူ့လွှတ်တော်က အတည်ပြုအဆို တွေကို ဆန့်ကျင်နေသကဲ့သို့ဖြစ်နေပါတယ်။ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်တို့မှာ လုံခြုံရေးအခြေအနေ အရ၊ သဘာဝဘေးအရ လမ်း၊ တံတားပျက်စီးမှုတွေကို ဌာနဝန်ထမ်းတွေနဲ့ လုပ်ရတယ်ဆိုတာဟာ အရေးပေါ်ကိစ္စတွေကို ဌာနဝန်ထမ်းတွေနဲ့ဖြေရှင်းရတဲ့ကိစ္စဟာ အခြားသောပုံမှန်လုပ်ငန်းတွေမှာ တင်ဒါမခေါ်ချင်တဲ့အကြောင်းပြချက်တွေမဖြစ်သင့်ကြောင်းကို တင်ပြလိုပါတယ်။ ဒီလမ်းညွှန်ချက်တွေ၊ ညွှန်ကြားချက်တွေ၊ လွှတ်တော်ရဲ့အတည်ပြုချက်တွေကို အမြန်ဆုံးအလေးအနက်ထား အကောင် အထည်ဖော်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်ရှင်။

ကျွန်မအနေနဲ့လေ့လာကြည့်တဲ့အခါ Regulatory Body သွားဖို့ ၂၀၂၀ ခုနှစ်ထိ အချိန်ယူစရာ မလိုအပ်ဘူးလို့ ယူဆပါတယ်။ အခုဆိုလို့ရှိရင် ဝန်ကြီးဌာနက အဆောက်အဦဦးစီးဌာနမှာ Third Party လမ်းညွှန်ရှိနေပါတယ်။ နောက်ပြီးတော့ အင်ဂျင်နီယာကောင်စီဥပဒေ၊ ဗိသုကာကောင်စီဥပဒေ တွေ ရှိနေပါတယ်။ ကျွန်မတို့ရဲ့လမ်းညွှန်ချက်တွေမှာ အရေးယူမှုတွေမပါလို့၊ အားနည်းချက်တွေရှိလို့ ဥပဒေတချို့လိုအပ်နေသေးတယ်ဆိုပေမဲ့ ဒီလိုနိုင်ငံ့ဘဏ္ဍာကို အဟောသိကံဖြစ်မှုတွေအတွက် ဥပဒေ လုံးဝမရှိတာမဟုတ်ပါဘူး။ အများပြည်သူပိုင်ပစ္စည်း ကာကွယ်စောင့်ရှောက်ရေးအက်ဥပဒေပုဒ်မ ၃ (အပက-၃) ရှိနေပါတယ်။ အရေးယူလို့ရနေပါတယ်။ ဆောက်လုပ်ရေးလုပ်ငန်းတွေမှာ အရည်အသွေး မမီရင် သက်ဆိုင်ရာအင်ဂျင်နီယာကလည်းကောင်း၊ ဆည်မြောင်းလုပ်ငန်းတွေမှာ အရည်အသွေး မမီရင် သက်ဆိုင်ရာအင်ဂျင်နီယာကလည်းကောင်း၊ စာသင်ကျောင်းက အရည်အသွေးမမီရင် သက်ဆိုင်ရာပညာရေးမှူးကလည်းကောင်း၊ ဆေးရုံ၊ ဆေးခန်းက အရည်အသွေးမမီရင် သက်ဆိုင်ရာ ဆရာဝန်ကလည်းကောင်း ဆောက်လုပ်တဲ့ကုမ္ပဏီကို တရားစွဲဆိုရပါမယ်။ အဲဒီလိုမလုပ်ဆောင်ဘဲ ဒါတွေကြောင့် တင်ဒါမပစ်သင့်တာ၊ ကုမ္ပဏီတွေကိုခိုင်းလို့ Quality ညံ့တာ၊ ပညာရပ်ဆိုင်ရာတွေပါလို့ ဝန်ထမ်းတွေကိုယ်တိုင်လုပ်တာပါလို့ အကြောင်းပြနေပြီးတော့ အယောင်ပြ၊ ဟန်ပြတင်ဒါတွေ၊ အယောင်ပြ၊ ဟန်ပြ Third Party တွေသာဖြစ်နေရင်တော့ နိုင်ငံ့ဘဏ္ဍာတွေဟာ အဟောသိကံ ဖြစ်နေဦးမှာပါပဲလို့ ဆွေးနွေးရင်းနဲ့အဆိုကို ထောက်ခံအကြံပြုအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ကြည်မိုမို့လွင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ကြည်မိုမို့လွင်(စဉ့်ကိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကံကောင်းခြင်း များစွာ ပိုင်ဆိုင်နိုင်ပါစေ။ ကျွန်မကတော့ နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေးတင်သွင်းတဲ့အဆိုကို ဖြည့်စွက်အကြံပြုဆွေးနွေးမယ့် စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ကြည်မိုမို့လွင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေနဲ့ အဆိုမှာပါဝင်တဲ့ (၁) ပြည်ထောင်စုတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ ဌာနများရဲ့ တင်ဒါခေါ်ယူခြင်းကိစ္စနှင့်စပ်လျဉ်း၍လည်းကောင်း၊ (၂) လုပ်ငန်းပုံစံ(Drawing)နှင့် တွက်ချက်မှု(Estimate)များကို ဝန်ကြီးဌာန၊ ကုမ္ပဏီ၊ မည်သည့်အဖွဲ့က ရေးဆွဲဆောင်ရွက်သည်ဖြစ်စေ မှန်ကန်အသုံးတည့်မှု၊ တာဝန်ယူ၊ တာဝန်ခံမှုရှိခြင်းကသာ ပိုအရေးကြီးကြောင်းကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ တင်ဒါခေါ်ယူခြင်းနဲ့ပတ်သက်လို့ လက်ရှိအခြေအနေမှာ တင်ဒါရွေးချယ်ပွဲ

တွေကို တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်တွေသာ ကျင်းပနေကြပါတယ်။ ဆောက်လုပ်ရေးသုံး အခြေခံပစ္စည်းတွေဖြစ်တဲ့ အုတ်၊ သဲ၊ ကျောက်များကို ဒေသထွက်ပစ္စည်းတွေကို အသုံးပြုရတာများခြင်း ကြောင့် စီမံကိန်းရှိရာမြို့နယ်တွေမှာပဲ တင်ဒါပွဲကျင်းပမယ်ဆိုရင် အဆိုရှင်ဆွေးနွေးတဲ့ သယ်ယူ ပို့ဆောင်မှုစရိတ်မြင့်မားမှုကိစ္စမှာလည်း ပြေလည်သွားမှာဖြစ်သလို ပို၍လည်းလက်တွေ့ကျကြောင်း သုံးသပ်မိပါတယ်။ ဒေသခံလုပ်ငန်းရှင်တွေကလည်း ပိုစိတ်ဝင်စားနိုင်မှာဖြစ်လို့ ဒေသခံလုပ်ငန်းရှင် တွေကို အားပေးပံ့ပိုးရာရောက်သလို လက်ရှိကြုံတွေ့နေရဆဲဖြစ်တဲ့ တင်ဒါအောင်ဈေးနဲ့ ဒေသန္တရ ပေါက်ဈေးကွာခြားချက်ကလည်း ပွင့်လင်းမြင်သာမှုနှင့်အတူ အမှန်တရားနှင့် ပိုမိုနီးစပ်လာကာ ပြည်သူ့ဘဏ္ဍာ ဆီးသီးဗန်းမှောက်ခြင်းကိစ္စများကိုလည်း ထိန်းသိမ်းပြီးသားဖြစ်သွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ တင်ဒါစိစစ်ရွေးချယ်ခြင်းနှင့် တင်ဒါအောင်ကုမ္ပဏီများနှင့် စာချုပ်ချုပ်ဆိုခြင်းတွေကို တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်အဆင့်များတွင်သာ ပြုလုပ်ကြတဲ့အတွက် စီမံကိန်းတည်ရှိရာမြို့နယ်မှာ ဌာနဆိုင်ရာများအနေဖြင့် Estimate Drawing နှင့် စာချုပ်ပါစည်းကမ်းချက်များကို ကြိုတင်သိရှိနိုင် ခြင်းမရှိတာများတဲ့အတွက် တည်ဆောက်မှုကြီးကြပ်ရေးအပိုင်းတွေ၊ အရည်အသွေး စစ်ဆေးခြင်း အပိုင်းတွေမှာ အခက်အခဲများဖြစ်နေကြပါတယ်။ ဒါကြောင့် တင်ဒါပွဲတွေကို သက်ဆိုင်ရာမြို့နယ်တွေ မှာ ကျင်းပပေးနိုင်မယ်ဆိုရင် အထက်ပါအခက်အခဲတွေ မရှိတော့တဲ့အတွက် ပြည်သူ့ဘဏ္ဍာ အလေအလွင့်မဖြစ်အောင် ကြပ်မတ်နိုင်မှာဖြစ်သလို လုပ်ငန်းမပြီးစီးခြင်း၊ အရည် အသွေးမပြည့်မီခြင်း များကို အချိန်လွန်မှ တရားစွဲရခြင်းစတဲ့ မလိုလားအပ်တဲ့ပြဿနာများမဖြစ်ပေါ်စေရန် အတိုင်းအတာ တစ်ခုအထိ ထိန်းကျောင်းပေးနိုင်မှာဖြစ်ကြောင်း အကြံပြုဆွေးနွေးအပ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဒုတိယအချက်အနေနဲ့ ဆွေးနွေးရမယ်ဆိုရင် စီမံကိန်းများတာဝန်ယူဆောင်ရွက် တဲ့ဌာန၊ အဖွဲ့အစည်းနဲ့ တင်ဒါအောင်ကုမ္ပဏီများအနေဖြင့် Drawing Design များတိကျမှန်ကန် စေရန်နှင့် သုံးစွဲမည့်သူများအတွက် အသုံးတည့်စေရန်မှာ အရေးအကြီးဆုံးဖြစ်လို့ တာဝန်ယူ၊ တာဝန်ခံ မှုရှိသင့်ပါတယ်။ အဆိုရှင်က တင်ဒါပေးရာမှာ လုပ်ငန်းပုံစံ(Drawing)နှင့် တွက်ချက်မှု(Estimate) များကို သက်ဆိုင်ရာဝန်ကြီးဌာနက တာဝန်ယူပေးပြီးတော့ ဈေးနှုန်း(Rate) ကိုသာ တင်ဒါဆွဲမည့် ကုမ္ပဏီများက ထည့်သွင်းရေးဆွဲစေပြီး မျှတစွာယှဉ်ပြိုင်စေဖို့ ဆိုထားပါတယ်။ သို့ပေမဲ့လည်း စီမံကိန်းတချို့မှာ Drawing နှင့် Estimate များကို ဌာနက တာဝန်ယူဆွဲပြီးတော့ တချို့မှာတော့ ကုမ္ပဏီများကို Design ပုံစံများရေးဆွဲပြီးတော့ ယှဉ်ပြိုင်စေခြင်းများလည်း ရှိပါတယ်။ မည်သည့် အဖွဲ့အစည်းကတာဝန်ယူသည်ဖြစ်စေ၊ လုပ်ငန်းအမျိုးအစားအလိုက် Design မှန်ကန်အသုံးတည့်ဖို့က အဓိကကျတယ်လို့ ထင်မြင်မိပါတယ်။ စာသင်ခန်းဟာ ကျောင်းသားတွေ၊ ဆရာဆရာမတွေအတွက် အဆင်ပြေရမှာဖြစ်သလို ဟိုတယ်နှင့်ဆေးရုံဆောက်လုပ်ခြင်းဟာလည်း တူညီနိုင်မှာမဟုတ်ပါဘူး။ အဓိကက အဆင်ပြေအသုံးတည့်ဖို့ပဲ အရေးကြီးပါတယ်။ အဲဒီလိုမဟုတ်ဘဲနဲ့ Design ပုံစံလွဲမှားလို့ အသုံးမဝင် ဖြစ်ခဲ့မယ်ဆိုလို့ရှိရင် နိုင်ငံတော်ဘဏ္ဍာအကုန်အကျခံကာ ဆောင်ရွက်ပေးပေမဲ့ ပေးကားပေး၏မရ ဖြစ်သွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဥပမာအနေနဲ့ ကျွန်မရဲ့မဲဆန္ဒနယ် စဉ့်ကိုင်မြို့နယ်မှာ Design နှင့် Estimate များ မှန်ကန်ခြင်းမရှိလို့ ယနေ့အထိ အပ်နှံအသုံးပြုလို့မရသေးတဲ့ ခုတင် (၅၀) ဆံ့ မျက်စိအထူးကု ဆေးရုံအတွင်းရှိ ခွဲစိတ်ခန်းပါ တိုးချဲ့လူနာဆောင် နှစ်ထပ်အဆောက်အဦနှင့်ပတ်သက်လို့ တင်ပြနိုင်ဖို့

အတွက် Power Point အသုံးပြုခွင့်ပေးပါရှင်။ ဒီအဆောက်အဦကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်က ကျပ်သန်း ၄၀၀ အကုန်အကျခံပြီးတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦအထူးအဖွဲ့(၁)က တာဝန်ယူဆောင်ရွက်ခဲ့ပြီးတော့ ၃၁-၈-၂၀၁၇ ရက်နေ့က ပြီးစီးခဲ့ပါတယ်။ အဆောက်အဦရဲ့ အောက်ထပ်က လူနာဆောင်ဖြစ်ပြီးတော့ အပေါ်ထပ်က ခွဲစိတ်ခန်းဖြစ်ပါတယ်။ အဆောက်အဦရဲ့ ညာဘက်မှာတွေ့ရတဲ့ လူနာတွန်းလှည်းလမ်း Trolling Way ဟာ ခွဲစိတ်ခန်းများရဲ့ ဧည့်ကြိုအခန်း သဖွယ်ဖြစ်တဲ့ Waiting Room ကို ဦးတည်ရမှာ ဖြစ်ပါတယ်။ ခွဲစိတ်ရမယ့်လူနာဟာ Waiting Room ကတစ်ဆင့်သာ ခွဲစိတ်ခန်းသို့ ရောက်ရှိရမှာဖြစ်ပါတယ်။ ဒီမှာတော့ Design မှားယွင်းနေတဲ့အတွက် Trolling Way ဟာ Waiting Room မဟုတ်တဲ့ တခြားခွဲစိတ်ခန်းထဲကို တိုက်ရိုက်ရောက်နိုင်တဲ့ ဝင်ပေါက်ဘက်ကို ဦးတည်နေပါတယ်။ ဒါတင်မကပါဘူး။ Trolling Way ဟာ ပုံမှန်ထက်မတ်စောက် နေပြီးတော့ ၉၀ ဒီဂရီကွေ့များနဲ့ ကျဉ်းမြောင်းပြီးတော့ အသုံးပြုလို့မရနိုင်တဲ့အတွက် မျက်စိအထူးကု ဆရာဝန်ကြီးမှလည်း Use Less လို့ ပြောထွက်တဲ့အထိ စိတ်ပျက်နေပါတယ်။ ဆေးရုံခွဲစိတ်ခန်းတို့ရဲ့ ဖွဲ့စည်းပုံအင်္ဂါရပ်များနဲ့လည်း သိသာထင်ရှားစွာ ကွဲလွဲနေတဲ့အချက်တွေ ပါဝင်နေတဲ့အတွက်ကြောင့် မို့လို့ အသုံးပြုရတာ အဆင်မပြေဖြစ်တဲ့အပြင် ပြည်တွင်းပြည်ပမှ မျက်စိအထူးကုဆရာဝန်များ လာရောက်ခဲ့ပါကလည်း ထူးဆန်းအံ့ဩနေမှာဖြစ်တဲ့အတွက် တာဝန်ယူတည်ဆောက်တဲ့ဌာနအနေဖြင့် အရှက်ရစဖွယ်ဖြစ်နေမှာ မလွဲပါဘူး။

ဥက္ကဋ္ဌကြီးရှင်။ ဒီလိုအသုံးပြုလို့မရအောင် Design လွဲမှားနေခြင်းဟာ တာဝန်ယူဆောင်ရွက်တဲ့ အဖွဲ့အစည်းနဲ့ အသုံးပြုရမယ့်ဌာနအကြား ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်မှု အားနည်းခြင်းကြောင့်ဖြစ်ရ တယ်လို့ သုံးသပ်မိပါတယ်။ ဒါကြောင့် အဆိုရှင်အကြံပြုတဲ့ Drawing Design Estimate များကို ဌာနမှဖြစ်စေ၊ တင်ဒါအောင်ကုမ္ပဏီမှဖြစ်စေ တာဝန်ယူဆောင်ရွက်သောအဖွဲ့အစည်းအနေဖြင့် မိမိတို့ရဲ့အားနည်းချက်ကြောင့် Design များလွဲမှား အသုံးမတည့်မဖြစ်ရလေအောင် သက်ဆိုင်သည့် ဌာနများနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်သင့်ပါကြောင်းနှင့် အရည်အသွေးပြည့်ဝမှုကို အာမခံရမည့် အပြင် Design မှားယွင်းမှုများရှိခဲ့ပါကလည်း တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် လိုအပ်သလို တာဝန်ယူဖြေရှင်းသင့်ပါကြောင်း ပြည်သူ့အစိုးရက ဖြည့်ဆည်းပေးမှုများကို ပြည်သူများအပြည့်အဝ ရရှိခံစားနိုင်ရန်ရည်ရွယ်ပြီးတော့ အကြံပြုဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်သိုက်(ဆိပ်ဖြူမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါလို့ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်း လိုက်ပါတယ်။ ကျွန်တော်ကတော့ ဆိပ်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိုက် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး၏အဆိုနဲ့ပတ်သက် ပြီးတော့ အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ ပထမဦးစွာဆွေးနွေးလိုတာကတော့ ကျပ် ၁၀ သန်း အထက်လုပ်ငန်းဆိုရင် တင်ဒါခေါ်ယူဖို့နှင့် ကျပ် ၁၀ သန်းအောက်ဆိုရင် တင်ဒါခေါ်ယူစရာမလိုဘဲ ဘုတ်အဖွဲ့ဖြင့် စီမံခန့်ခွဲဖို့ဆိုပြီး(၁/၂၀၁၇)မှာ ရှင်းရှင်းလင်းလင်း ဖော်ပြထားပြီးဖြစ်ပါတယ်။(၁/၂၀၁၇) ဖြစ်ပေါ်လာဖို့အတွက် လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ အစည်းအဝေးကို အချိန်ယူပြီး

ဆွေးနွေးခဲ့တဲ့ ကိစ္စရပ်များဖြစ်နေပါတယ်။ ဒါတွေကလည်းပဲ လုပ်ငန်းလုပ်တဲ့နေရာမှာ နိုင်ငံပိုင်ငွေကြေးတွေ အလွဲသုံးစားမလုပ်ဖို့၊ အဂတိတရားကင်းစင်ဖို့၊ ပွင့်လင်းမြင်သာမှုလည်းရှိဖို့ အဓိကရည်ရွယ်ပြီးတော့(၁/၂၀၁၇)ကိုဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ၁၀ သန်းအထက်ဆိုရင် ပေးချေရမယ့်ငွေကြေးတွေအားလုံး တင်ဒါခေါ်ပေးဖို့(၁/၂၀၁၇)မှာ ဆွေးနွေးဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။ ၁၀ သန်းအောက်လုပ်ငန်းတွေမှာ ပစ္စည်းဖိုးနှင့် ကားငှားရမ်းခတွေကို တင်ဒါခေါ်ဆိုမည်ဆိုပါက တချို့နေရာတွေမှာ မလိုလားအပ်ဘဲ ကြန့်ကြာမှုတွေ၊ နှောင့်နှေးမှုတွေ ဖြစ်လာနိုင်ပါတယ်။ ဒါတွေနဲ့ပတ်သက်ပြီး အလွဲသုံးစားမှုရှိတယ်ဆိုရင်လည်းပဲ တိုင်ကြားနိုင်ပါတယ်။ နိုင်ငံတော်သမ္မတရုံးရဲ့ ညွှန်ကြားချက်မှာလည်း အတိအလင်း ဖော်ပြထားပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအချက်တင်ပြလိုတာကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနက လက်တွေ့လုပ်ကိုင်နေတဲ့ လမ်း၊ တံတား၊ အဆောက်အဦလုပ်ငန်းတွေနဲ့ပတ်သက်ပြီးတရားဝင်ကြေညာထားပြီးလည်း ဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနက Regulatory Body ကို ရေးဆွဲနေတာဖြစ်ပါတယ်။ ၂၀၂၀ နောက်ပိုင်းမှာ ဝန်ကြီးဌာနက ကိုယ်တိုင်မဆောင်ရွက်တော့ဘဲ Regulatory Body အဖြစ် ကျန်ရှိတော့မှာဖြစ်ပါတယ်။ ဒါကို ဒီကနေ့အဆိုတင်ပြီး ဒီကနေ့ တိကနဲ ဖြတ်လို့တော့ မရပါဘူး။ ဘာကြောင့်လဲဆိုရင် ဆောက်လုပ်ရေးဝန်ကြီးဌာနက လက်တွေ့ဆောင်ရွက်နေတဲ့အပိုင်းမှာ အတတ်ပညာရှင်ပေါင်းများစွာ၊ အင်ဂျင်နီယာပေါင်းများစွာ၊ စက်ယန္တရားပေါင်းများစွာနဲ့ ဖွဲ့စည်းထားတဲ့ဌာနကြီးတစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့ဆောက်လုပ်ရေးဟာ ဆည်မြောင်းဌာနတွေအပါအဝင် ၂၁ ဌာနပေါင်းပြီးတော့ ကျွန်တော်တို့ ပလကဆိုပြီးတော့ ဖွဲ့စည်းထားခဲ့ပါတယ်။ အဲဒီ ပလကတို့၊ ပဆငတို့၊ ဆလကတို့ဆိုပြီးတော့ အမျိုးမျိုးပြောင်းသွားပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ၁၉၉၂ ခုနှစ်မှာ ဌာနဆိုင်ရာဝန်ကြီးဌာနတွေအားလုံး လုပ်ငန်းတွေကို မအပ်ကြတော့ပါဘူး။ သူ့ဌာနနဲ့ သူလုပ်ကြတဲ့အခါမှာ နောက်ဆုံး ဘယ်လောက်ထိဆိုးရွားလည်းဆိုရင် ကျွန်တော်တို့ မြေလမ်းပေါ်မှာ ကတ္တရာခင်းတဲ့အဆင့်ထိတောင် ရောက်သွားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်တွေကလည်း အစဉ်အလာစနစ်ကောင်းသော ဆောက်လုပ်ရေးဝန်ကြီးဌာနကသာ ဆောင်ရွက်ပေးဖို့ တောင်းဆိုသံတွေ ကြားနေရပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနဟာ Regulatory Body ပြောင်းနေတာဖြစ်တဲ့အတွက် တချို့လုပ်ငန်းတွေကို အခုကတည်းက တင်ဒါပေးထားပါတယ်။ တချို့နေရာတွေမှာ ကုမ္ပဏီတွေရဲ့အားနည်းချက်တွေကြောင့် အချိန်မတိုင်ခင်ပျက်စီးယိုးယွင်းနေတာကိုလည်း တွေ့နေရပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနဟာ Regulatory Body အဖြစ်သွားမယ်လို့ ဆုံးဖြတ်ထားတာဖြစ်တဲ့အတွက် သူတို့ရေးဆွဲရမယ့်အချက်အလက်တွေ၊ ဆောင်ရွက်ရမယ့်အဆင့်တွေကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်နေတယ်ဆိုတာကို လေ့လာသိရှိရပါတယ်။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ Regulatory Body အဖြစ် ပြောင်းလဲတဲ့နိုင်ငံတွေနဲ့ပတ်သက်ပြီးတော့ ပထမဦးစွာ ပြောရမယ်ဆိုရင် နယူးဇီလန်နိုင်ငံဟာ ယခင်က ဆိုရှယ်လစ်နိုင်ငံဖြစ်ပြီးတော့ ၁၉၈၀ ပြည့်နှစ်အလွန်နှစ်တွေမှာစတင်ပြီး သူတို့ရဲ့ဝန်ကြီးဌာနတွေကို Regulatory Body ပြောင်းလဲဖို့ ၁၉၈၆ ခုနှစ်မှာ State Own Enterprise Act ကို စတင်ပြီးထုတ်ပြန်ခဲ့တယ်။ တစ်ဆင့်ပြီး Regulation တွေရေးဆွဲပြောင်းလဲခဲ့ပြီး ၁၀ နှစ်ကြာမှ Regulatory Body အဖြစ်ပြောင်းလဲသွားခဲ့ပါတယ်။ တရုတ်နိုင်ငံရဲ့ခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန်ဟာဆိုရင်လည်းပဲ သူ့နိုင်ငံရဲ့

ကွန်မြူနစ်စီးပွားရေးစနစ်ကြီးနဲ့ တည်ဆောက်ထားခဲ့တဲ့ State Own Enterprise အားလုံးကို Regulatory Body အဖြစ်ပြောင်းလဲရန် ၁၉၉၄ ခုနှစ်မှ စတင်ပြီးတော့ တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲပြီး ရှစ်နှစ်ကြာတဲ့အခါမှာ Regulatory Body အဖြစ် ရောက်ရှိလာတာဖြစ်ပါတယ်။ ဗီယက်နိုင်ငံမှာဆိုရင်လည်းပဲ State Own Enterprise ကနေ Regulatory Body အဖြစ် ၁၉၉၂ ခုနှစ်ကနေ ၁၉၉၇ ခုနှစ်အထိ ငါးနှစ်လောက်အချိန်ယူပြီး ပြောင်းလဲခဲ့ရတဲ့ နမူနာတွေရှိပါတယ်။ ဥပမာတစ်ခုထပ်ပြောရမယ်ဆိုရင် အင်္ဂလန်နိုင်ငံဆိုရင် EU ကနေထွက်ဖို့အတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ၂၃-၆-၂၀၁၆ ရက်နေ့မှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနဲ့လုပ်တဲ့အခါမှာ ၅၁.၉ ရာခိုင်နှုန်း ထောက်ခံပြီးဖြစ်တဲ့အတွက် EU ကနေထွက်ဖို့ ဖြစ်လာပါတယ်။ သို့သော်လည်းပဲ အဲဒီနေ့ကစပြီး EU ကနေ ထွက်လို့မရပါဘူး။ အဲဒီလိုထွက်ဖို့အတွက်ကိုလည်း စည်းမျဉ်းစည်းကမ်းတွေရေးဆွဲပြီး ၂၀၁၉ ခုနှစ် မတ်လကျမှ EU ကနေထွက်မယ်လို့ ကြေညာခဲ့ရပါတယ်။ ကျွန်တော်အခုပြောရတာက ဆောက်လုပ်ရေးဝန်ကြီးဌာနကို ချက်ချင်း Regulatory Body အဖြစ် ပြောင်းလဲလို့မရပါဘူးဆိုတာကို ပြောချင်တာပါ။ အချိန်ယူပြီးတော့ ပြောင်းလဲသွားမှသာဖြစ်ပါတယ်။ ဒါမှသာလျှင် လုပ်ငန်းဆောင်တာများ ချောချောမွေ့မွေ့ ပြောင်းလဲနိုင်တဲ့အဆင့်ကို ရောက်ရှိသွားမှာဖြစ်ပါတယ်။ ပြောင်းလဲနေတဲ့ကာလ တစ်လျှောက်လုံးမှာ ဆောင်ရွက်နေတဲ့လုပ်ငန်းတွေနဲ့ပတ်သက်ပြီး မှန်ကန်စွာဖြစ်ပေါ်ဖို့ကတော့ ကျွန်တော်တို့ ကိုယ်စားလှယ်တော်ကြီးတွေမှာ တာဝန်အများကြီးရှိပါတယ်။ ကျွန်တော်တို့အားလုံး ဝိုင်းဝန်းပြီးတော့ Check and Balance လုပ်ပြီး ကြပ်မတ်ဆောင်ရွက်ပေးသွားမယ်ဆိုရင် အသွင်ကူးပြောင်းရေးသည် ချောချောမွေ့မွေ့နဲ့ ဆောင်ရွက်နိုင်မှာဖြစ်တဲ့အတွက် ဒေါ်နန်းခမ်းအေးရဲ့အဆို အား တိုင်းပြည်အပေါ်မှာ စေတနာထားတဲ့အဆိုတစ်ခုဆိုတာကို မလွဲမသွေပါပဲ။ ဒါပေမဲ့ လက်တွေ့မှာ စောနေသေးတဲ့အတွက် မဖြစ်နိုင်သေးကြောင်း ထောက်ပြအကြံပြုရင်း နိဂုံးချုပ်လိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဉာဏ်ဟိန်း(သံဖြူဇရပ်မဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေးရဲ့အဆိုကို လေ့လာရာမှာ ပြည်သူ့ဘဏ္ဍာများ အလေအလွင့်မဖြစ်စေရေးကို စေတနာထားတာတွေ့ရတဲ့အတွက်ကြောင့် ဒေါ်နန်းခမ်းအေးအား ကျေးဇူးတင် လေးစားအပ်ပါကြောင်း ပဏာမပြောကြားလိုပါတယ်။ အဆိုမှာလည်း ကဏ္ဍနှစ်ရပ်ကို တောင်းဆိုထားပြီးတော့ (၁)အနေနဲ့ ညွှန်ကြားချက်များ၊ လုပ်ငန်းလမ်းညွှန်ချက်များကို ကွဲလွဲစွာဆောင်ရွက်နေမှုကို အမြန်ဆုံးပြင်ဆင်ပြီး လိုက်နာစေရန်လို့ဆိုပါတယ်။ သမ္မတရုံး၊ အစိုးရအဖွဲ့ရုံးကနေပြီးတော့ ထုတ်ပြန်ခဲ့တဲ့ ညွှန်ကြားချက်၊ လုပ်ငန်းလမ်းညွှန်ချက်တွေကို မလိုက်နာတဲ့နောက်တော့ ကျွန်တော်တို့ ဘာမှညှာစရာမလိုပါဘူး။ တည်ဆဲဥပဒေတွေအရ စုံစမ်းစစ်ဆေးပြီးတော့ ထိထိရောက်ရောက် အရေးယူရမှာပဲဖြစ်ပါတယ်။ အဆင့်ဆင့်တာဝန်ခံရန် သတ်မှတ်ထားပြီးသားဖြစ်တဲ့အတွက်ကြောင့် အရေးယူရန်လည်း အဆင့်ဆင့်ကို အရေးယူရန်ဖြစ်ပါတယ်။ (၂)အချက်အနေနဲ့ ဝန်ကြီးဌာနက Drawing နဲ့ Estimate သာဆောင်ရွက်ရန် လုပ်ပြီးတော့ လုပ်ငန်းတင်ဒါ၊ ပစ္စည်းတင်ဒါနှုန်း (Rate) ကို လုပ်ငန်းတင်ဒါလျှောက်တဲ့ ကုမ္ပဏီတွေကိုပဲ ချိတ်ပိတ်တင်ဒါခေါ်စေလိုကြောင်း တွေ့ရှိရပါတယ်။ ဝန်ကြီးဌာနကို

ပစ္စည်းတင်ဒါတန်ဖိုးသတ်မှတ်ခိုင်းလို့ရှိရင် ဘာဖြစ်တတ်သလဲဆိုတာကို ကျွန်တော် ဥပမာ သက်သေ နှင့်တကွပြပါမယ်။ ကျွန်တော့်မဲဆန္ဒနယ် ကျောင်းပိုင်းရပ်ကွက်က စည်ပင်သာယာဌာနက တာဝန်ယူတဲ့ ပိတောက်မြိုင်လမ်းရဲ့ BQIBP ကို တောင်းကြည့်ပါတယ်။ နောက် ဒေသတွင်းက တရားဝင်ထုတ် ခွင့်ရထားတဲ့ ကုမ္ပဏီတွေရဲ့ ကျောက်ထုတ်နှုန်းထားကိုလည်း ကျွန်တော် တောင်းကြည့်ပါတယ်။ နှစ်ခုနှိုင်းယှဉ်ပြီးတော့ ကြည့်ရလွယ်အောင် ကျွန်တော် မှင်အနီလေးနဲ့ ပြထားပါတယ်။ လေးလက်မ၊ နှစ်လက်မ ကျောက်ရဲ့တန်ဖိုးကိုသာ ကိုယ်စားလှယ်တော်ကြီးများအားလုံး အာရုံစိုက်ကြည့်စေချင် ပါတယ်။

Power Point ပြခွင့်ပြုပါ။ ကျောက်အရည်အသွေးတူတဲ့ ဂရမ်လို ဒိုင်အိုဒိုက်ကျောက်ရဲ့ သံဖြူဇရပ်ပေါက်စျေးက လေးလက်မ၊ နှစ်လက်မ တစ်ကျင်းကို ငါးသောင်းမှ ခြောက်သောင်းကျပ် အထိ ပြထားပါတယ်။ အဲဒါ ရွှေချောင်းဆုံကုမ္ပဏီရဲ့နှုန်းထားပါ။ ဒါ ကျွန်တော်တောင်းကြည့်လို့ရခဲ့တဲ့ စည်ပင်သာယာဌာနက ပေးလာတဲ့ လေးလက်မ၊ နှစ်လက်မကျောက်ရဲ့နှုန်းထားဖြစ်ပါတယ်။ တစ်သိန်း တစ်သောင်းတစ်ထောင်နဲ့ရှစ်ရာကျပ်ပါတယ်။ အင်အားမှန်ကုမ္ပဏီရဲ့စျေးနှုန်းကတော့ ငါးသောင်းမှ ခြောက်သောင်းလို့ပြတာ နေရာအလိုက်ကို TC ပေါင်းထည့်လို့ နည်းနည်းခြောက်သောင်းလောက်ဖြစ် သွားတာဖြစ်ပါတယ်။ ရပါပြီ။ အဲဒီတော့ တစ်လက်မ၊ နှစ်လက်မလို့ ကျောက်တုံး သဲတို့ ဒါ ကျွန်တော် အသေးစိတ်ပြန်ကြည့်တွေ့မှာဖြစ်ပါတယ်။ အကုန်လုံးက ဒေသပေါက်စျေးရဲ့ တစ်ဆလောက် တင်တောင်းထားတာသိရှိရပါတယ်။ ဒါကိုလည်းပဲ ကျွန်တော်စိစစ်နေတာ သိတာနဲ့ ပြည်နယ်ရုံးမှာ သွားပြီးတော့ ဘယ်လိုဖာထေးပြုပြင်နေလဲတော့ မသိပါဘူး။ ကျွန်တော်ကတော့ ဝန်ကြီးချုပ်ဆီကို လိပ်မူပြီးတော့ Oversight လုပ်ထားပါတယ်။ မိတ္တူကိုလည်းပဲ ဥက္ကဋ္ဌကြီးဆီ ကျွန်တော်တင်ပို့ပြီး ဖြစ်ပါတယ်။ ဒီအချက်က ဘာကိုပြလဲဆိုရင် ဝန်ကြီးဌာနတစ်ခုတည်း ပုံပေးရင်လည်းပဲ ကျွန်တော်တို့ ဂယ်ပေါက်ကြီးပဲ တွေ့ရပါတယ်။ ထိုနည်းအတိုင်း အဆိုရှင်ပြောသလို ကျွန်တော်တို့ ကန်ထရိုက်ရ ကုမ္ပဏီတွေကို လုံးလုံးအပ်ပေးလိုက်ရင်ရော ဘာဖြစ်မလဲဆိုတာ ပြန်လေ့လာကြည့်ရအောင်ပါ။ အဲဒီတော့ စည်ပင်သာယာဌာနရဲ့ အရပ်ရပ်အခွင့်အရေးလိုင်စင်တွေကို ပြန်လေ့လာကြည့်မယ်ဆိုရင် တစ်ပြည်လုံးဖြစ်နေတာပါ။ တင်ဒါစျေးနှုန်းလေလံပစ်စဉ်ကာလကတော့ စိတ်ကြိုက်ဝယ်ယူသူ စျေးနှုန်းက ရှစ်ထောင်ကျပ်ပဲဖြစ်ပါတယ်။ အမဲရော၊ ဆိတ်ရော၊ ဝက်ရော သို့သော်လည်းပဲ ဆိုင်ပေါ် တင်တဲ့အချိန်မှာ တစ်သောင်း၊ တစ်သောင်းခွဲနှုန်းတွေနဲ့ ဝယ်စားနေရတာ အားလုံးအသိပဲဖြစ်ပါတယ်။ အဲဒီအပြင်ကို ကျွန်တော်တို့က Oversight သွားလုပ်လို့ရှိရင် ကန်ထရိုက်တွေက ညှိပြီးတော့ သူတို့ မကိုက်ပါဘူး။ ဒီနှုန်းထားပြင်ပေးပါဆိုပြီး ကြားက ပြင်ပေးလို့ရနေတာလည်း သွားတွေ့ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့က အကျိုးကြောင်းကို လိုချင်ရင်တော့ အကြောင်းတရား အမှန်ကို ရှာပြီးတော့ ပြင်မှဖြစ်ပါ့တယ်။ ဒီလိုဖြစ်ရတဲ့အကြောင်းတရားတွေကို ပြန်ကြည့်ရင် ခုနက ကျောက်စျေးနှုန်း သတ်မှတ်တာကိုလည်းပဲ တစ်ဌာနတစ်ဖွဲ့ တစ်ဦးတစ်ယောက်တည်းကို ပုံပေးလိုက်လို့ဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့ ဒီမိုကရေစီနည်းကျပညာရှင်တွေပါရမယ်။ ဒေသခံတွေပါရမယ်။ လူထု ကိုယ်စားလှယ်တွေပါတယ်ဆိုတဲ့ အဖွဲ့နဲ့ ကျွန်တော်တို့ စျေးနှုန်းသတ်မှတ်ပြီးတော့ တင်ဒါကိုလည်းပဲ သူ့ဆောက်လုပ်မယ့်ဒေသပေါက်စျေးကို ပွင့်ပွင့်လင်းလင်းကြေညာပြီးတော့ ချိတ်ပိတ်တင်ဒါခေါ်မယ် ဆိုရင် ဒီပြဿနာအခုပြေပါမယ်။ ဒါလည်း လုံလောက်လားဆိုတော့ မလုံလောက်သေးပါဘူး။

ကျွန်တော်တို့ ဥပမာနဲ့ပြောရရင် အုတ်တစ်သောင်းလို့ပြပြီးတော့ ဈေးနှုန်းမှာတော့ လျှော့ပြမယ်။ အုတ်လည်း ခြောက်ထောင်လောက်ပဲသွင်းလို့ ဘယ်သူမှမသိပါဘူး။ ဒါကတော့ အစ်ကိုကြီး၊ ညီလေးကောင်းစားနေတဲ့အလုပ်တွေဖြစ်ပါတယ်။ ဒါကိုလည်းပဲ ကျွန်တော်တို့ ဘာနဲ့ ထိန်းရမယ်ဆိုရင် စိစစ်တဲ့အဖွဲ့မှာလည်းပဲ ဒီမိုကရေစီနည်းလမ်းတကျဖွဲ့စည်းပြီးတော့ ကျကျနနနဲ့ မျက်ခြေမပြတ်စိစစ်ရမှာဖြစ်ပါတယ်။

လေးစားရသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကိုယ်စားလှယ်တွေဟာ စုံထောက်ဌာနလည်း မဟုတ်ပါဘူး။ အသုံးစရိတ်လည်းမရှိပါဘူး။ ဒါ့အပြင်ကို ပြည်သူလူထုတွေ့ဆုံပွဲတွေ၊ လူထုရဲ့ အခက်အခဲဖြေရှင်းမှုတွေနဲ့ အလုပ်မှာရှုပ်ပါတယ်။ ဒါကို ကျွန်တော်တို့ကို ကိုယ်စားလှယ်ရုံး၊ စေတနာ့ ဝန်ထမ်းတွေက ကူညီလို့ ကျွန်တော်တို့ ဒီလိုလုပ်နိုင်တာဖြစ်ပါတယ်။ ဒီလို အထောက်အထား ခိုင်ခိုင်မာမာရပြီးမှ ထိထိရောက်ရောက်အရေးယူမပေးဘူးဆိုရင် ကျွန်တော်တို့အတွက်လည်း နစ်နာပါတယ်။ တိုင်းပြည်အတွက်လည်း အများကြီးနစ်နာရပါတယ်။ ဒါကြောင့် ကျွန်တော်အကြံပြုချင်တာက အရမ်းတော့ ဘယ်ဌာနကိုမှ မပေးပါနဲ့ ခုနက ကျွန်တော် တင်ပြသလိုပဲ အကြောင်းအရင်းကို ရှာပြီးတော့ ကောင်းအောင်ပြင်ဖို့အတွက် အကြံပြုရင်းနဲ့ အဆိုကို မှတ်တမ်းလောက် တင်ပါလို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံးဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ပြုံး(အင်းတော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်ရှင်။ ကျွန်မကတော့ အင်းတော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဒေါ်ပြုံးဖြစ်ပါတယ်။ နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေးရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ တင်ဒါစည်းမျဉ်း (၁/၂၀၁၇)ရဲ့ ရည်ရွယ်ချက်တွေဟာ အင်မတန်မှ ကောင်းမွန်ပြည့်စုံပြီး တကယ်လိုက်နာဆောင်ရွက်ရမယ်ဆိုရင် နိုင်ငံတော်နှင့် ပြည်သူများအတွက် ဘဏ္ဍာငွေသုံးစွဲရာမှာ လေလွင့်ဆုံးရှုံးမှုများလျှော့ပါးသက်သာစေမှာဖြစ်ပါတယ်။ ဒါကြောင့် ပြည်ထောင်စုအစိုးရအဖွဲ့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရဌာနများနဲ့ အဖွဲ့အစည်းအားလုံး အနေနဲ့ တင်ဒါစည်းမျဉ်းနဲ့အညီ လိုက်နာဆောင်ရွက်ဖို့ အထူးပဲလိုအပ်လှပါတယ်။

ကျွန်မရဲ့ဆွေးနွေးချက်များကို Power Point နဲ့တင်ပြခွင့်ပြုပါရှင်။ ဒီပုံကတော့ အစိုးရအကူး ပြောင်းကာလ ၂၀၁၅-၂၀၁၆ ဘတ်ဂျက်မှာ တင်ဒါအောင်မြင်တဲ့ကုမ္ပဏီက တည်ဆောက်ပြီး မပြီးခင်မှာ ထွက်ပြေးသွားခဲ့တဲ့အတွက် ဒီအတိုင်းပဲ ကျန်နေတဲ့ နဘားကျေးလက်ကျန်းမာရေးဌာနခွဲဖြစ်ပါတယ်။ ပျက်ကွက်သူ အောင်ခိုင်မင်းကုမ္ပဏီကို Blacklist သွင်းတာကလွဲလို့ ဒီနေ့အထိရှေ့ဆက်မတိုးနိုင်တဲ့ နိုင်ငံတော်ဘတ်ဂျက်လေလွင့်မှုတစ်ခုဖြစ်ပါတယ်။ ဒီပုံကတော့ ၂၀၁၇-၂၀၁၈ ဘတ်ဂျက်မှာ တင်ဒါအောင်မြင်လာတဲ့ ကုမ္ပဏီတစ်ခုက ဆောက်လုပ်ဆဲ မြေပေါ်သုံးပေအရောက်မှာ Foundation တွေအက်ကွဲကြောင်းပေါ်လာတဲ့အတွက် ရပ်ထားရပြီး ဒီသုံးရက်အတွင်းလောက်ကမှ ပြန်ဖျက်ပြန်ဖြိုပြီး ပြန်ဆောက်မလို့လုပ်နေတဲ့ပုံဖြစ်ပါတယ်။ တည်ဆောက်ရမယ့် အောက်ခံမြေသားဟာ ခွဲခြမ်းတွေဖြစ်တဲ့ ကျင်းကြီးဖြစ်နေတဲ့အတွက်လို့ဆိုပါတယ်။ ကျွန်မတို့ အင်းတော် အ.ထ.က ရေတွင်းကုန်းရဲ့

ဒါစာသင်ကျောင်းကုမ္ပဏီတစ်ခုဖြစ်ပါတယ်။ နိုင်ငံတော်ဘတ်ဂျက်ကို ပြည်သူတွေအပြည့်အဝရဖို့ကို ပြည်သူတွေ ဒါစောင့်ကြည့်လေ့လာဖို့ကို အထူးပဲလိုအပ်နေပါတယ်။ ဒီပုံကတော့ ဝန်ကြီးဌာနကိုယ်တိုင် တင်ဒါအောင်မြင်တဲ့ ကုမ္ပဏီကဲ့သို့ ဆောင်ရွက်နေတာကို ပြသခြင်းဖြစ်ပါတယ်။ ဌာနရဲ့ ဦးစီးကိုယ်တိုင် ကြီးကြပ်ဆောင်ရွက်နေတာဖြစ်တယ်။ ၂၀၁၇-၂၀၁၈ ဘတ်ဂျက်မှာ သိန်း ၈၅၀ ကျော်နဲ့ သုံးစွဲတည်ဆောက်နေတာဖြစ်ပါတယ်။ ဦးစီးဟာ ပန်းရံတွေ၊ လက်သမားတွေကို အချိန်ပြည့်စောင့်ကြည့်လေ့လာနေရတဲ့၊ စောင့်ကြည့်နေရတဲ့အတွက် ဒါသူ့ရဲ့မူရင်းတာဝန်တွေကို ပျက်ကွက်နိုင်ပါတယ်။ ဒီလောက်မူရင်းတာဝန်တွေ များပြားလှတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနကို ဒီလို ကိုယ်တိုင် ဘာကြောင့်တည်ဆောက်နေလဲဆိုတာ မေးခွန်းမေးမြန်းဖွယ်ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ (၁/၂၀၁၇)အရဆိုရင် တိုင်းဒေသကြီးနဲ့ပြည်နယ်အစိုးရအဖွဲ့များဟာ တင်ဒါကော်မတီဖွဲ့စည်းပြီးမှ နိုင်ငံတော်ဘတ်ဂျက်များကို စီမံခန့်ခွဲတာဖြစ်ပါတယ်။ တစ်ခါ ဒီကော်မတီအောက်မှာ ကော်မတီထပ်ဆင့်ပြီးတော့ သုံးခုခွဲတဲ့နေရာမှာ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီရဲ့ အလုပ်ဟာ အလွန်ပဲအရေးပါလှပါတယ်။ ဒီကော်မတီဟာ တင်ဒါလျှောက်လွှာများကို ပထမအဆင့်အနေနဲ့ နည်းပညာဆိုင်ရာအရည်အချင်းနဲ့ အရည်အသွေးကို အကဲဖြတ်တာဖြစ်ပါတယ်။ စံနှုန်းများထားရှိပြီး အမှတ် ၁၀၀ အတွင်းမှာ သတ်မှတ်ပေးပါတယ်။ သက်ဆိုင်ရာဌာနအကြီးအကဲများ ပါဝင်အကဲဖြတ်တာဖြစ်ပါတယ်။ ဒီနည်းပညာစံနှုန်းတွေ၊ သတ်မှတ်ချက်တွေပြည့်မီတဲ့ တင်ဒါလျှောက်လွှာကိုမှ ဒုတိယအဆင့်အနေနဲ့ ဘဏ္ဍာရေးဆိုင်ရာဖွင့်ဖောက်ရမယ့်အထဲမှာ ပါဝင်စေတာဖြစ်ပါတယ်။ ကုမ္ပဏီများက ဒီနည်းပညာအရည်အချင်းတွေအတွက် အမှတ်ကောင်းအောင် ဘယ်လိုကြိုးစားခဲ့သလဲဆိုတာကို ပြည်သူများသံသယဖြစ်ဖွယ်တွေ့နေရပါတယ်။ ဒါမှမဟုတ် တစ်ဆင့်ခံပြန်ဝယ်တဲ့ ကုမ္ပဏီတွေလားလို့လည်း သံသယရှိနေပါတယ်။ ဒါကြောင့် (၁/၂၀၁၇) တင်ဒါစည်းမျဉ်းရဲ့အားနည်းချက်များကို ပြန်လည်သုံးသပ်သင့်ပါတယ်လို့ အကြံပြုချင်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဒေသပေါက်ဈေးနဲ့ပတ်သက်ပြီး အနည်းငယ်ဆွေးနွေးလိုပါတယ်။ သက်ဆိုင်ရာဦးစီးဌာနတွေက ခရိုင်အလိုက် ပြုစုထားတဲ့ ဈေးနှုန်းစာအုပ်ပါ ဈေးနှုန်းတွေဟာ တကယ့်လက်တွေ့မှာ ဒေသပေါက်ဈေးအမှန်တွေနဲ့ တော်တော်လေးကွဲပြားနေတာတွေ့ရပါတယ်။ ဥပမာ အင်ခွဲသား အထူတစ်တန်ကို အင်းတော်အရောက် သိန်းရှစ်သောင်းနဲ့ နှစ်သိန်းကြားရှိပေမယ်လို့လည်း ဈေးနှုန်းစာအုပ်ထဲမှာတော့ သုံးသိန်းခုနစ်သောင်းငါးထောင်ပြထားပါတယ်။ အထိုင်ဈေးဖြစ်လို့ သယ်ယူပို့ဆောင်ခတွေ၊ အလုပ်သမားခတွေနဲ့ဆိုရင် နောက်ခရီးဝေးမိုင်တွေကို ပိုပြထားတဲ့အတွက် လေးသိန်းခွဲလောက်အထိ ဈေးပြနိုင်ပါတယ်။ နောက်လမ်းခင်းကျောက်ကတော့ ဈေးသိပ်မကွာပါဘူး။ ဒါပေမဲ့ ၁၀ မိုင်ခရီးကို ၁၈ မိုင်လောက် အကွာအဝေးပြပြီးတော့ သယ်တာဖြစ်တဲ့အတွက် (2x4) ကျောက်တစ်ကျင်းဟာ တစ်သိန်းကျော်အထိ ပြထားတာကို တွေ့ရှိရပါတယ်။ လုပ်အားခဆိုရင်လည်း ဘိလပ်မြေတစ်အိတ်တင်/ချကို ငါးရာကျပ်၊ သစ်ပင်ခုတ်ခဆိုရင် တစ်ပေကနေ သုံးပေပတ်လည် နှစ်သောင်းရှစ်ထောင်အထိပြထားတာတွေ့ရပါတယ်။ ဈေးနှုန်းစာရင်းစာအုပ်ကို ဘယ်သူတွေ ဘယ်လိုပြုစုထားတယ်ဆိုတာ မသိပေမယ့် အတည်ပြုကြောင်း လက်မှတ်များကိုတော့ ခရိုင်အဆင့်နှင့် တိုင်းအဆင့်၊ ဌာနဆိုင်ရာတွေအပြင် တိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးအထိပါ အတည်ပြုရေးထိုးထားတာတွေ့ရပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးရှင်။ တင်ဒါအောင်ကုမ္ပဏီတွေ၊ ဌာနဆိုင်ရာများတွင် တည်ဆောက်ရေးလုပ်တဲ့နေရာမှာ ဒီစာအုပ်ပါ ဒေသပေါက်ဈေးနှုန်းအတိုင်း ဘတ်ဂျက်ကို သုံးစွဲတာဖြစ်ပါတယ်။ အလေအလွင့်အလွန်ပဲကြီးမားတာကို တွေ့ရပါတယ်။ ဒါတွေ နှစ်တွေလည်း ကြာခဲ့ပြီဖြစ်ပါတယ်။ နောက်ဆုံးအကြံပြုချက်အနေနဲ့ ဒေသပေါက်ဈေးနှုန်းများကို သတ်မှတ်ရာမှာ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသခံယုံကြည်ရသူများ၊ ကုန်မာဆိုင်များ၊ လျှပ်စစ်ပစ္စည်းအရောင်းဆိုင်များ၊ မော်တော်ယာဉ်ပိုင်ရှင်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနဲ့ ညှိနှိုင်းပြီးမှ သတ်မှတ်မယ်ဆိုရင် နိုင်ငံတော်ရဲ့ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှုမှ အထိုက်အလျောက်သက်သာကာကွယ်နိုင်မှာဖြစ်ပါကြောင်း အကြံပြုဆွေးနွေးရင်းနဲ့ ဒေါ်နန်းခမ်းအေးရဲ့အဆိုကို ထောက်ခံဆွေးနွေးရပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းဆိုင်မိုင်း(မိုင်းကိုင်မဲဆန္ဒနယ်)**။ ။ အားလုံး မင်္ဂလာခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းကိုင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဆိုင်မိုင်း ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ နမ္မတူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေး တင်သွင်းတဲ့အဆိုအပေါ် ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျွန်တော်တို့နိုင်ငံရဲ့အခြေအနေဟာ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်နေကြရတဲ့အခြေအနေဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ လိုအပ်နေတဲ့ တည်ဆောက်ရေးလုပ်ငန်းများကို ပြည်သူ့ဘဏ္ဍာအမြောက်အမြားနဲ့ ဆောင်ရွက်နေရပါတယ်။ နှစ်စဉ်တိုင်းပြည်ရဲ့ လိုငွေမြင့်တက်နေပေမဲ့လည်း မဖြစ်မနေဆောင်ရွက်ရမယ့် ပညာရေး၊ ကျန်းမာရေး၊ လမ်း၊ တံတား၊ လျှပ်စစ်၊ သောက်သုံးရေရရှိရေး၊ ဆည်မြောင်း၊ တာတမံ စသည်တို့ကို ငွေကြေးမြောက်မြားစွာနဲ့ ဆောင်ရွက်နေရပါတယ်။ ပြည်တွင်းဝင်ငွေအခွန်အခရငွေတွေနဲ့ မလုံလောက်တဲ့အတွက် နိုင်ငံတကာအကူအညီများ၊ ချေးငွေများဖြင့် ဆောင်ရွက်နေရတာ အားလုံးအသိပဲဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးမှာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက တင်သွင်းခဲ့တဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အစိုးရ၏ ကြွေးမြီဆိုင်ရာနှစ်ပတ်လည်အစီရင်ခံစာမှာ ၃၁-၃-၂၀၁၇ ရက်နေ့ ပြည်ပကြွေးမြီလက်ကျန်စုစုပေါင်းမှာ ကျပ်သန်း ၉၁၄၈.၈၂၁ ရှိပြီး ပြည်တွင်းကြွေးမြီလက်ကျန်ကတော့ ကျပ် ၁၈၀၂၀ ဘီလီယံရှိနေကြောင်း ဖော်ပြထားတာ တွေ့ရှိရပါတယ်။ ပြီးတော့ ကျွန်တော်တို့နိုင်ငံမှာ ဒီလောက် ကြွေးမြီအမြောက်အမြားနဲ့လည်းပတ်ဆောင်ရွက်နေရတဲ့အခြေအနေမှာ ပြည်သူ့ဘဏ္ဍာနဲ့ တည်ဆောက်ရေးလုပ်ငန်းတွေ ဆောင်ရွက်ကြရာမှာ ခြိုးခြံချွေတာပြီး သတ်မှတ်ညွှန်ကြားထားတဲ့ စံချိန်စံညွှန်း၊ လုပ်ထုံးလုပ်နည်း၊ ဘဏ္ဍာရေးစည်းမျဉ်းတွေနဲ့အညီ စနစ်တကျဆောင်ရွက်ဖို့၊ အလေအလွင့်မရှိဆောင်ရွက်ဖို့၊ ကုန်ကျငွေနဲ့ ပြန်ရချက် ထိုက်တန်ဖို့ Value for Money စတာတွေကို အလေးထားဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တည်ဆောက်ရေးလုပ်ငန်းများ တင်ဒါခေါ်ယူစာချုပ် ချုပ်ဆိုရာမှာ လိုက်နာကျင့်သုံးရမယ့်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ပြဋ္ဌာန်းနိုင်ဖို့ ဝန်ကြီးဌာနအသီးသီးရဲ့ ကန်ထရိုက်စနစ်နဲ့ ခွင့်ပြုတဲ့လုပ်ငန်းများမှာ တူညီသောမူဝါဒနဲ့အခြေခံပြီး တည်ဆောက်ရေးလုပ်ငန်းများကို လျင်မြန်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် ကန်ထရိုက်စနစ်နဲ့

လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမယ့် လုပ်ငန်းလမ်းညွှန်ကို လေ့လာကြည့်တဲ့အခါ မှန်ကန်တဲ့ကုန်ကျစရိတ်ဖြစ်စေဖို့၊ လုပ်ငန်းတွေအရည်အသွေးပြည့်ဝစေဖို့၊ မလိုလားအပ်တဲ့ မသမာမှုများမှကာကွယ်ဖို့ ရေးသားဖော်ပြထားတာ တွေ့ရပါတယ်။ အဆိုပါရည်ရွယ်ချက်များပြည့်မြောက်ရန်လည်း တိကျသေချာတဲ့တင်ဒါခေါ်ယူခြင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ပွင့်လင်းမြင်သာစွာဆောင်ရွက်ခြင်း၊ ကြီးကြပ်မှု၊ စစ်ဆေးမှုများအား သေချာဆောင်ရွက်ခြင်းနှင့် မသမာသော၊ အရည်အသွေးမပြည့်မီသော ပစ္စည်းပေးသွင်းသူများ၊ ကုမ္ပဏီများအား လုပ်ငန်းဆောင်ရွက်ခွင့်မပြုခြင်း စသဖြင့် ဖော်ပြထားပါတယ်။ လက်တွေ့မြေပြင်မှာ ဆောင်ရွက်နေမှုကတော့ ဖော်ပြချက်များနှင့် ကွဲလွဲနေတာကို မိမိတို့မဲဆန္ဒနယ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုလေ့လာတဲ့အခါ မြင်တွေ့ကြားသိနေရပါတယ်။ ဥပမာ - တင်ဒါစည်းကမ်း၊ စာချုပ်တွေမှာ Sub Contract မပေးရဘူးလို့ ဖော်ပြထားသော်လည်း ကုမ္ပဏီအချို့ဟာ လုပ်ငန်းအများအပြားတင်ဒါဆွဲပြီး မဆောင်ရွက်နိုင်တဲ့အခါကျတော့ အခြားသူတွေကို ဆောင်ရွက်စေလျက်ရှိပါတယ်။ Sub Contract ပေးလို့ မပြောဘဲ လုပ်ငန်းအပ်နှံဆောင်ရွက်စေတယ်လို့ ဥပဒေ၊ စည်းကမ်းတွေကို လက်တစ်လုံးခြားဆောင်ရွက်နေပါတယ်။ ကန်ထရိုက်လုပ်ငန်းများ တင်ဒါသွင်းတဲ့အခါ ပစ္စည်း၊ လုပ်အားခများနှင့် အခြားကုန်ကျစရိတ် အားလုံးပါဝင်ရမှာဖြစ်ပြီး လုပ်ငန်းကို တာဝန်ယူဆောင်ရွက်မယ့် Contractor သည် ဆောင်ရွက်မယ့်လုပ်ငန်းတင်သွင်းလွှာတွင် တိုက်ရိုက်ပစ္စည်းစာရင်းနှင့် တန်ဖိုး၊ တိုက်ရိုက်လုပ်အားခ ကုန်ကျစရိတ်၊ စက်ယန္တရားအသုံးပြုခြင်းကုန်ကျစရိတ်၊ အထွေထွေအသေးအဖွဲ့ကုန်ကျစရိတ်၊ ကန်ထရိုက်အမြတ် ၁၀ ရာခိုင်နှုန်း စသည်တို့ စုပေါင်းထားတဲ့ ကုန်ကျစရိတ်စုစုပေါင်းဈေးနှုန်းကို ရေးဆွဲတင်သွင်းရမှာဖြစ်ပါတယ်။ ပစ္စည်းလိုအပ်ချက်နဲ့ လုပ်အားပမာဏများကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားတဲ့ အခြေခံဈေးနှုန်း (Analysis of Rate) စာအုပ်တိုင်းဖြစ်ရမှာဖြစ်ပြီး ဒေသအခြေအနေတွေနဲ့ကိုက်ညီတဲ့ ဈေးနှုန်းဖြစ်စေရန်အတွက် ပစ္စည်းဈေးနှုန်းများ၊ သယ်ယူပို့ဆောင်ခစရိတ်များ၊ လုပ်အားခများကို အမှန်တကယ်ဒေသပေါက်ဈေး (Market Price)နဲ့ ကွာဟမှုနည်းနိုင်သမျှနည်းအောင် နည်းလမ်းများရှာဖွေသတ်မှတ်ရပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိ ပြည်သူ့ဘဏ္ဍာနဲ့ဆောင်ရွက်နေတဲ့ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းတွေကို လေ့လာကြည့်ရင် လုပ်ငန်းတွေဆောင်ရွက်ရာမှာ တင်ဒါခေါ်ဆိုမှုမရှိခြင်း၊ လုပ်ငန်းခန့်မှန်းခြေစာရင်းများ ရေးဆွဲရန်နှင့် တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီရဲ့ စိစစ်ခွင့်ပြုချက်ရယူရန် လိုအပ်ခြင်း၊ လုပ်ငန်းဆောင်ရွက်မှုသဘောတူစာချုပ်များ ချုပ်ဆိုထားမှုမရှိခြင်း၊ ခန့်မှန်းခြေစာရင်းဦ အမှန်ဆောင်ရွက်မှုများကွာဟနေခြင်း၊ လုပ်ငန်းပြောင်းလဲဆောင်ရွက်ခြင်းများနှင့် ခန့်မှန်းခြေစာရင်းမှာ မပါဝင်တဲ့လုပ်ငန်းများအတွက် ခွင့်ပြုမိန့်ရယူထားမှုမရှိခြင်း၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအစီရင်ခံစာတင်ပြမှုမရှိခြင်း၊ ဘဏ္ဍာရေးနှစ်ကုန်ခါနီးအထိ လုပ်ငန်းများ မစတင်သေးခြင်း၊ လုပ်ငန်းများ အချိန်မီပြီးစီးရန် ကသုတ်ရိုက်ဆောင်ရွက်ခြင်းတို့ကြောင့် လုပ်ငန်းအရည်အသွေးကျဆင်းခြင်း၊ ဆောင်ရွက်မှုအချို့သည် တည်ဆဲဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ညီညွတ်မှုမရှိခြင်း စတဲ့ အားနည်းချက်များ ဖြစ်ပေါ်လျက်ရှိတာကို တွေ့ရှိရပါတယ်။ လုပ်ငန်းများကို အပ်နှံဆောင်ရွက်ကြတဲ့ သက်ဆိုင်ရာဌာနအချို့က လုပ်ငန်းခွင်သို့ ကွင်းဆင်းကြီးကြပ်ရန် ပျက်ကွက်နေတာကြောင့်လည်း လိုအပ်ချက်၊ ချို့ယွင်းချက်၊ အားနည်းချက်များဖြစ်ပေါ်နေတာကို တွေ့ရှိရပါတယ်။

**မူကြမ်း**

နိဂုံးချုပ်အနေနဲ့ တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေး၊ နိုင်ငံ့ဘဏ္ဍာငွေများ အလေအလွင့်မရှိသုံးစွဲနိုင်ရေး၊ ပြည်သူ့လိုအပ်ချက်နှင့်အညီ ဖြစ်စေရေး၊ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်း ဖောက်ဖျက်မှုများ လျော့နည်းစေရေးအတွက် ပြည်သူ့ဘဏ္ဍာငွေဆိုင်ရာဥပဒေ (Public Finance Act) ရေးဆွဲပြဋ္ဌာန်းဆောင်ရွက်သင့်ပါကြောင်း တင်ပြရင်း နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး တင်သွင်းတဲ့အဆိုကို အတည်ပြုသင့်ပါကြောင်း ထောက်ခံဆွေးနွေးလိုက်ရပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ဝင့်ဝါထွန်း(ရှားတောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မကတော့ ကယားပြည်နယ်၊ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်းဖြစ်ပါတယ်ရှင့်။ ဥက္ကဋ္ဌကြီးရှင့်။ နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေးရဲ့အဆိုကို အပိုင်းသုံးပိုင်းနဲ့ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင့်။ ပထမပိုင်းအနေနဲ့ အဆိုရှင်ရဲ့အဆိုမှာပါတဲ့ ညွှန်ကြားချက်များ၊ လုပ်ငန်းလမ်းညွှန်ချက်များနှင့် ကွဲလွဲစွာဆောင်ရွက်နေခြင်းတို့ကို အမြန်ဆုံးလိုက်နာဆောင်ရွက်ရန်ဆိုတဲ့အပိုင်းဖြစ်ပါတယ်ရှင်။ ကျွန်မတို့နိုင်ငံဟာ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်တာနှင့်အညီ အခြေခံအဆောက်အဦလိုအပ်ချက် အင်မတန်မြင့်မားလျက်ရှိနေတယ်ဆိုတာနဲ့ ဘဏ္ဍာရေးနှစ်အလိုက်လည်း လျာထားဆောင်ရွက်ချက်များရှိနေတယ်ဆိုတာကို အားလုံးအသိပဲဖြစ်ပါတယ်ရှင်။ ကျွန်မတို့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ရဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ ငွေလုံးငွေရင်းအသုံးစရိတ်ထဲမှာ ၃၇၄၇၇၉.၁၅ သန်းကို လျာထားခဲ့တာ လေ့လာခဲ့ရပြီးတော့မှ ကျွန်မတို့ ဝန်ကြီးဌာနအားလုံးရဲ့ ဘတ်ဂျက်အားလုံးရဲ့ ၄၀ ရာခိုင်နှုန်းကျော်ဟာ တည်ဆောက်ရေးလုပ်ငန်းတွေဖြစ်တယ်ဆိုတာကို လေ့လာသိရှိခဲ့ရပါတယ်ရှင်။ ဒီအခါမှာ ကျွန်မတို့နိုင်ငံရဲ့ အရေးကြီးဆုံးဖြစ်တဲ့ ဘဏ္ဍာရေးနှစ်ကို ပြီးခဲ့တဲ့ ဆဋ္ဌမပုံမှန်ပြည်ထောင်စုလွှတ်တော်ကြီးမှ အတည်ပြုပြောင်းလဲသတ်မှတ်ခဲ့ပြီးဖြစ်ပါတယ်။ ပြောင်းလဲရခြင်းရဲ့အားနည်းချက်တွေကို လေ့လာကြည့်တဲ့အခါမှာ ဘဏ္ဍာရေးနှစ်အဟောင်းက တင်ဒါကာလအပြီး မိုးရာသီကာလဖြစ်ခြင်း၊ တည်ဆောက်ရေးလုပ်ငန်းတွေ၊ အရည်အသွေးပြည့်မီစေရန်နှင့် အချိန်မီပြီးစီးရန် လိုအပ်ချက်ရှိတဲ့အတွက်ဖြစ်တယ်လို့ သိရှိရခဲ့သလို ပြောင်းလဲလိုက်ခြင်းရဲ့ အားသာချက်ကတော့ တည်ဆောက်ရေး၊ ဝယ်ယူရေး စတဲ့လုပ်ငန်းတွေမှာ တစ်ဆက်တည်း ရှစ်လခန့် ပွင့်လင်းရာသီရရှိနိုင်ခြင်း၊ ဘဏ္ဍာရေးနှစ် စတင်ချိန်နှင့် နှစ်သစ်ကူးရုံးပိတ်ရက်များ တိုက်ဆိုင်မှုမရှိတော့ခြင်း၊ ပွင့်လင်းရာသီအစမှာ လုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ပြီး ဘတ်ဂျက်ကုန်ဆုံးကာနီး မိုးရာသီမှာ လုပ်ငန်းများ အပြီးသတ်ဆောင်ရွက်နိုင်ခြင်း၊ သုံးလပတ်အလိုက် ဘဏ္ဍာငွေသုံးစွဲမှုများကို ပိုမိုညီညွတ်မျှတစွာ သုံးစွဲနိုင်ခြင်းတို့ကြောင့် ဖြစ်တယ်လို့ ရှင်းလင်းခဲ့တဲ့အတွက် ကျွန်မတို့ အင်မတန်မှ အရေးကြီးတဲ့ ဘတ်ဂျက်လုပ်ငန်းစဉ်ကြီးကိုတောင် ပြောင်းလဲပြစ်ရခြင်းအကြောင်းအရင်းတွေကို လေ့လာသုံးသပ်ကြည့်မယ်ဆိုရင် ကျွန်မတို့နိုင်ငံရဲ့ တည်ဆောက်ရေးအခန်းကဏ္ဍအတွက်ကို အဓိကထားတယ်ဆိုတာကို လေ့လာတွေ့ရှိရမှာဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ဟာ တည်ဆဲပြဋ္ဌာန်းချက်များကို လိုက်နာရမှာက နိုင်ငံသားတစ်ဦးစီရဲ့တာဝန်ဖြစ်သလို ပြည်သူများထဲက ပြည်သူ့ဝန်ထမ်းတွေက ပိုမိုလေးစားလိုက်နာဖို့ လိုအပ်ပါတယ်ရှင်။ ကျွန်မကို Power Point အသုံးပြုခွင့်ပေးပါရှင်။ အရှေ့က ကိုယ်စားလှယ်ကြီး

တွေက ကျွန်မတို့မြန်မာနိုင်ငံရဲ့ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းတွေ၊ တင်ဒါဆိုင်ရာစည်းမျဉ်းစည်းကမ်းတွေ၊ ညွှန်ကြားချက်တွေကို အကျယ်တဝင့်ဆွေးနွေးခဲ့ပြီးသားဖြစ်ပါတယ်။

ဒုတိယအပိုင်းအနေနဲ့ ကျွန်မတို့ လုပ်ငန်းတွေနဲ့ ပတ်သက်တဲ့ Drawing ၊ Estimate များကို သက်ဆိုင်ရာဌာနမှ တာဝန်ယူရေးဆွဲရခြင်းဆိုတဲ့အချက်ကို ကျွန်မရဲ့ မဲဆန္ဒနယ်အခြေအနေနဲ့ ထောက်ခံလိုပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ ရွာတော ပြည်သူ့ဆေးရုံကြီးကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ အသစ်တည်ဆောက်ခဲ့တာ ခွဲစိတ်ခန်းများတည်ဆောက်ပုံနှင့် ပါဝင်ပစ္စည်းများဟာ ခွဲစိတ်ခန်းရဲ့အင်္ဂါရပ်နဲ့မညီတာကို လေ့လာသိရှိရပါတယ်။ သို့ပါသော်လည်း ကုမ္ပဏီရဲ့လုပ်ငန်း Drawing ကို လေ့လာတဲ့အခါမှာတော့ Drawing အတိုင်း တည်ဆောက်ခဲ့တယ်ဆိုတာကို လေ့လာသိရှိခဲ့ရပါတယ်။ ဒီအခါမှာ ကျွန်မတို့နိုင်ငံမှာ သက်ဆိုင်ရာအဆောက်အဦများအတွက် စံချိန်စံညွှန်း သတ်မှတ်ချက်အနေနဲ့ Myanmar National Building Code ရှိပြီးဖြစ်တဲ့အတွက်ကြောင့်မို့လို့ သက်ဆိုင်ရာဝန်ကြီးဌာနများမှသာ တာဝန်ယူဆောင်ရွက်ပေးခြင်းအားဖြင့် တင်ဒါတွေရေးဆွဲတဲ့အခါမှာ ကျွန်မတို့ ဈေးနှုန်းကိုသာ တင်ဒါရေးဆွဲခြင်းအားဖြင့် မြေပြင်ရဲ့အမှန်တကယ်လိုအပ်ချက်နှင့် ကိုက်ညီမှု၊ လျော်ညီမှုဖြစ်မယ်ဆိုတာကို ကျွန်မအနေနဲ့ အကြံပြုထောက်ခံဆွေးနွေးလိုပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင့်။ တတိယအပိုင်းအနေဖြင့် နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေစီးဆင်းမှုအရ အခွန်ကိုသာ အားထားနေရတယ်လို့ သိရှိရတာဖြစ်တဲ့အတွက် ကျွန်မတို့ အခွန်တွေကို ချဲ့ထွင်ဖို့ကြိုးစားနေတဲ့ ကာလမှာ အမှန်တကယ်ရသင့်ရထိုက်တဲ့ အခွန်ဘဏ္ဍာတွေကို မလစ်လပ်သွားဖို့လိုပါတယ်ရှင်။ ကျွန်မတို့ တည်ဆောက်ရေးနည်းပညာတွေကို ဘယ်လိုပဲခေတ်မီတိုးတက်နေပါစေဦးတော့ ကျွန်မတို့ နိုင်ငံမှာတော့ အုတ်၊ ထုံး၊ သဲ၊ ကျောက်ကိုတော့ လက်ရှိအစားထိုးနိုင်ခြင်းမရှိသေးပါဘူးရှင့်။ ဒါ ကျွန်မ မြို့နယ်ရဲ့ ဒေသပေါက်ဈေးမှာ ဖော်ပြထားတဲ့ Estimate ဘတ်ဂျက်မှာပါတဲ့ အုတ်၊ ထုံး၊ သဲ၊ ကျောက် တွေရဲ့ ဈေးနှုန်းတွေဖြစ်ပါတယ်ရှင်။ ကျွန်မတို့ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနနှင့် သစ်တောဦးစီးဌာနတို့က ကောက်ခံခွင့်ရှိတဲ့ ဓာတ်၊ သတ္တုခွန်တွေကို အပြည့်အဝရရှိစေရန် အတွက် တည်ဆောက်ရေးလုပ်ငန်းတွေရဲ့ Drawing ၊ Estimate တွေမှာပါဝင်တဲ့ ပမာဏအတိုင်း သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းများမှာ တိုက်ရိုက် တစ်လုံးတစ်ခဲတည်းဖြတ်တောက်ပြီးတော့မှ အခွန်တွေကို ပေးဆောင်ဖို့ အကြံပြုလိုပါတယ်ရှင်။ ကျွန်မတို့ ဒီအခါမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဒုတိယပတ် ခြောက်လအစီရင်ခံစာကို လေ့လာတဲ့အခါမှာ ဓာတ်၊ သတ္တုခွန်အတွက် လျာထားချက်ဟာ ၂.၁၅၀ ဖြစ်ပြီးတော့မှ ရရှိတာက ၅၆.၉၆၇ သန်းဖြစ်တယ်လို့ သိရှိရပါတယ်။ ဒါ အင်မတန်ကိုမှ နည်းတဲ့ပမာဏဖြစ်ပါတယ်ရှင့်။ ဘာကြောင့်မို့လို့ အင်မတန်ကိုမှ နည်းတဲ့ပမာဏဖြစ်တယ်လို့ ပြောရသလဲဆိုလို့ရှိရင် ပြည်ထဲရေးဝန်ကြီးဌာနရဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို တင်သွင်းရတဲ့ ကျောက်တစ်ကျင်းရဲ့အခွန်ဟာ ၂၅၀၀ ကျပ်ဖြစ်ပါတယ်။ သဲတစ်စီးရဲ့အခွန်ဟာ ၅၀၀ ကျပ်ဖြစ်ပါတယ် ရှင့်။ အခုနက ကျွန်မပြတဲ့ Estimate ထဲမှာဆိုလို့ရှိရင် ကျောက်ကျင်းပမာဏတွေ၊ သဲကျင်းပမာဏ တွေ အကုန်လုံးပါပြီးသားဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်မတို့ ကယားပြည်နယ်တစ်ပြည်နယ်လုံးရဲ့ ဘတ်ဂျက်နဲ့စာလိုက်လို့ရှိရင်တောင် အင်မတန်နည်းတဲ့ပမာဏဖြစ်တဲ့အတွက်ကြောင့်မို့လို့ ထောက်ပြ ရခြင်းဖြစ်ပါတယ်ရှင်။

ကျွန်မ နိဂုံးချုပ်အနေနဲ့ တင်ပြဆွေးနွေးလိုတာကတော့ (၁/၂၀၁၈) အမျိုးသားစီမံကိန်းကော်မရှင်အစည်းအဝေးမှာ ကျွန်မတို့ရဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင်ကိုယ်က တင်ဒါခေါ်တဲ့အချိန်မှာဆိုရင် အရင်တုန်းကထက်စာရင် ပွင့်လင်းမြင်သာမှုတွေရှိလာတယ်။ မှန်ကန်မှုတွေရှိလာတယ်ဆိုပြီး ပြည်သူက ဒါကို လက်ခံပါတယ်။ သို့သော်ငြားလည်း ၁၀၀ ရာခိုင်နှုန်းကျေနပ်လားဆိုတော့ ၁၀၀ ရာခိုင်နှုန်းမကျေနပ်ပါဘူး။ အခုအထိကို တင်ဒါခေါ်တဲ့ကိစ္စတွေနဲ့ပတ်သက်လို့ ပြည်သူတွေ ဝေဖန်စရာကိစ္စတွေရှိနေပါသေးတယ်။ ဒါတွေကို ပြည်ထောင်စုအစိုးရဝန်ကြီးဌာနတွေသာမက တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရတွေကပါ အထူးသတိထားဖို့လိုပါတယ်လို့ ပြောကြားခဲ့တာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်မတို့အားလုံး ညီညွတ်စွာပူးပေါင်းဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းရင်းနဲ့ အဆိုရှင်ရဲ့အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်ရှင်။ ကျေးဇူးအများကြီးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဖြိုးဇေယျာသော်(ဇမ္ဗူသီရိမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော့်အနေနဲ့ ဒေါ်နန်းခမ်းအေး တင်သွင်းသွားတဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ Power Point တင်ပြခွင့်ပြုပါခင်ဗျား။ အဆိုရှင်ရဲ့အဆိုအပေါ်မှာ အဓိက အချက်သုံးချက်ကို ဆွေးနွေးသွားတာကို တွေ့ရှိရပါတယ်။ ဝယ်ယူရေးမှာ အထိုင်စနစ်ကနေပြီးတော့ အရောက်စနစ်ကိုပြောင်းရန်၊ ဌာနတွေကနေပြီးကိုယ်တိုင်ဆောင်ရွက်နေခြင်းအစားတင်ဒါခေါ်ယူပြီးတော့တည်ဆောက်ရန်၊ Drawing တွေကို လုပ်ငန်းအပ်နှံသူကနေပြီးတော့မှ ရေးဆွဲပြီးသွားတော့မှ တင်ဒါအောင်သူထံကနေပြီးတော့ ကုန်ကျစရိတ်တွေကို ခုနှိမ်ရန်ဆိုပြီးတော့ ဒီလိုအချက်တွေကို တင်ပြထားတာတွေ့ရပါတယ်။ ပထမဦးဆုံးအချက်ကို ကျွန်တော်ဆွေးနွေးပါ့မယ်။ အထိုင်ကနေ အရောက်ကိုပါ။ တင်ဒါအောင်မြင်ချင်တာနဲ့တင်ပဲ အထိုင်ဈေးနှင့် အရောက်ဈေးတွေကွာခြားမှုတွေမှာ ဈေးကစားမှုတွေ ဖြစ်ပေါ်ပါတယ်။ သယ်ယူပို့ဆောင်ရေးမှာလည်း စရိတ်စကတွေထပ်မံကုန်ကျတဲ့အပြင် သယ်ယူပို့ဆောင်ရေးစရိတ်စကဆိုပြီးတော့မှ ဈေးလုပ်ကိုင်ဆောင်ရွက်မှုတွေအပေါ်မှာ မသမာမှုတွေဖြစ်ပေါ်စေပါတယ်။ အဲဒီအတွက်ကြောင့်မို့လို့ ဒီအချက်ကိုလည်းထောက်ခံတယ်လို့တင်ပြလိုပါတယ်။ အဆိုရှင်ရဲ့ ဒုတိယအချက်ကို ဆက်လက်တင်ပြပါ့မယ်။ ဌာနတွေကိုယ်တိုင်ဆောင်ရွက်နေခြင်းကိစ္စဖြစ်ပါတယ်။ ကိုယ်တိုင်တည်ဆောက်နေတဲ့ဌာနကတော့ ဖော်ပြပါပါတဲ့အတိုင်း ဆောက်လုပ်ရေး၊ ပို့/ဆက်၊ နယ်စပ်၊ လယ်/ဆည်/မွေး၊ စည်ပင်အစရှိသဖြင့် ဒီဌာနတွေကတော့ကိုယ်တိုင်တည်ဆောက်နေတာပါ။ ဆက်လက်ပြီးတော့ ကိုယ်တိုင်တည်ဆောက်တဲ့ဌာနများနှင့်စပ်လျဉ်းပြီးတော့ တွေ့ရှိတဲ့တွေ့ရှိချက်တွေကို တင်ပြပါရစေ။ ဌာနတွင်းပဲဆောင်ရွက်တာဖြစ်တဲ့အတွက်ကြောင့်မို့လို့ QC၊ QA ကို ဌာနတွင်းကနေပဲစစ်ဆေးပါတယ်။ အဲဒီလိုပဲစစ်ဆေးတဲ့အတွက်ကြောင့်မို့လို့ ဒီဌာနကဆောက်လုပ်တဲ့ကိစ္စရပ်တွေက အရည်အသွေးပြည့်မီခြင်းရှိ/မရှိဆိုတာလည်း သံသယပွားစရာပါ။ Third Party တွေကနေပြီးတော့ စစ်ဆေးပိုင်ခွင့်ကို ပိတ်ပင်ထားတာတွေလည်း တွေ့ရပါတယ်။ တတိယအချက်ကိုတော့ ကျွန်တော် အကျယ်တဝင့်ဆွေးနွေးချင်ပါတယ်။ အဲဒါက ဘာလဲဆိုတော့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ပညာရေး၊ ကျန်းမာရေး တည်ဆောက်ရေးလုပ်ငန်းတွေကို ပ.ဆ.င ကနေပြီးတော့မှ သုံးပုံတစ်ပုံတာဝန်ယူလုပ်ဆောင်ပေးခြင်းကိစ္စပါ။ ဖော်ပြပါအချက်(၃)မှာပါတဲ့အတိုင်းပဲ အမှန်တကယ်လုပ်ဆောင်ရမှာကတော့ ဝေးလံခက်ခဲတဲ့ဒေသတွေကို

အစိုးရအနေနဲ့ အကုန်အကျခံတည်ဆောက်ရမှာဖြစ်သော်လည်းပဲ လက်တွေ့မှာတော့ လမ်းသာတဲ့ နေရာတွေကိုပဲ ရယူတည်ဆောက်နေတဲ့အတွက်ကြောင့်မို့လို့ ဝေဖန်မှုတွေမြင့်တက်နေရခြင်းဖြစ်ပါ တယ်။ ပညာရေး၊ ကျန်းမာရေးမှာ အင်ဂျင်နီယာမရှိတဲ့အတွက်ကြောင့်မို့လို့ လုပ်ကိုင်ဆောင်ရွက်ပေးရ ပါတယ်လို့ ဌာနတွေကနေအကြောင်းပြန်ပါတယ်။ ဒါပေမဲ့ ဒီကိစ္စက အဆိုရှင်ရဲ့ တတိယအချက်နှင့် ချိတ်ဆက်နေပါတယ်။ ဒါကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် အခြားဝန်ကြီးဌာနတွေ ဆွေးနွေး ညှိနှိုင်းသဘောတူညီထားတဲ့ သဘောတူညီချက်ရဲ့အကျဉ်းချုပ်ကောက်နုတ်ချက်ဖြစ်ပါတယ်။ လုပ်ငန်း အပ်နှံမှုနှစ်မျိုးရှိတဲ့အထဲက ဖော်ပြပါ Engineering Procturement Cival Work EPC 2 အတိုင်းပဲ လုပ်ကိုင်ဆောင်ရွက်မယ်ဆိုလို့ရှိရင် Drawing အပြည့်နဲ့လုပ်ငန်းတင်ဒါတွေကို ခေါ်ယူနိုင်ခွင့်ရှိ တယ်။ ဒီလို EPC 2 နဲ့သာ ဆောင်ရွက်မယ်ဆိုရင် ပွင့်လင်းမြင်သာပြီးတော့ ပိုမိုအကျိုးရှိမယ်ဆိုတာ ပါရှိပြီးဖြစ်ပါတယ်။ ညွှန်ကြားချက်အတိုင်း အတိအကျလိုက်နာမယ်ဆိုလို့ရှိရင်တော့ ပြည်သူအပေါ်မှာ အကျိုးရှိတဲ့လုပ်ငန်းတွေ ဖြစ်ပေါ်လာမှာပါ။ တင်ဒါလုပ်ငန်းတွေနဲ့ပတ်သက်ပြီးတော့ ထုတ်ပြန်ထားတဲ့ လမ်းညွှန်ချက်တွေအများအပြားရှိပါတယ်။ ပထမဦးဆုံးတစ်ခုကတော့ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့က ထုတ်ပြန်ထားတာပါ။ နောက်တစ်ခုကတော့ စက်တင်ဘာလ ၆ ရက်နေ့မှာ ထပ်ပြီးတော့ ထုတ်ပြန်တာပါ။ နောက်တစ်ခုကတော့ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့မှာ ထုတ်ပြန်ထားတဲ့ အခု အများပြောနေတဲ့ နိုင်ငံတော်သမ္မတရုံးကကြေညာချက်(၁/၂၀၁၇)ပဲ ဖြစ်ပါတယ်။ ဒီလိုညွှန်ကြားချက် တွေထုတ်ပြန်ထားပေမဲ့လည်း လိုက်နာမှုအားနည်းတဲ့အတွက်ကြောင့်မို့လို့ နောက်ထပ်ညွှန်ကြားချက် တွေ ထပ်ပြီးတော့ထုတ်ရပါသေးတယ်။

ဆောက်လုပ်ရေးဝန်ကြီးဌာနကထုတ်တာပါ။ အောက်တိုဘာလ ၁၉ ရက်နေ့ရက်စွဲပါ။ စာမျက်နှာနှစ်မျက်နှာပါပါတယ်။ အဲဒီအတွက်ကြောင့်မို့လို့ ဘာကိုညွှန်ပြထားလဲဆိုတော့ တိကျစွာ လိုက်နာဆောင်ရွက်ရန် အကြောင်းကြားပါတယ်ဆိုပြီးတော့ ထပ်ပြီးတော့ ထုတ်ပြန်ရပါတယ်။ ဒါတင် မကသေးပါဘူး ဒီဇင်ဘာလ ၁၄ ရက်နေ့မှာ နောက်ထပ်ညွှန်ကြားချက် ထပ်ပြီးတော့ထုတ်ရပါသေး တယ်။ နိုင်ငံတော်သမ္မတရုံးကနေပြီးတော့ကို ထပ်ထုတ်ရတာပါ။ ဒီဇင်ဘာလ ၁၄ ရက်နေ့ပါ။ ဖော်ပြပါ ပါတဲ့အတိုင်းပဲ ပြည်ထောင်စုဝန်ကြီးဌာနအချို့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အချို့က တင်ဒါ ခေါ်ယူရမယ့်လုပ်ငန်းများ ဆောင်ရွက်ရာမှာ ထုတ်ပြန်ထားတဲ့ တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းမပြုကြသဖြင့် မလိုလားအပ်သောကိစ္စရပ်များဖြစ်ပေါ်နေကြောင်း တွေ့ရှိရ တယ်။ ဒါကြောင့်မို့လို့ ထုတ်ပြန်ထားတဲ့လုပ်ထုံးလုပ်နည်းတွေနဲ့အညီ တိကျစွာဆောင်ရွက်သွားရန် ထပ်မံအသိပေးအကြောင်းကြားရပါတယ်ဆိုပြီးတော့ နိုင်ငံတော်သမ္မတရုံးကနေ ထပ်ပြီးတော့ ထုတ်ပြန် ရတာပါ။ အဲဒီတော့ အဆိုရှင်တင်ပြသွားတဲ့အချက်တွေကို အကောင်အထည်ဖော်နိုင်ဖို့အတွက်ဆိုရင် ကျွန်တော်တို့ဘာတွေပြင်ကြမလဲ။ ပထမဦးဆုံးအချက်အနေနဲ့ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန အနေနဲ့ ၂၀၂၀ ခုနှစ် ဒီဇင်ဘာလမှာ လုပ်မယ်ဆိုတဲ့ Regulatory Body အဖြစ်ကို အဲဒီထက်စော ပြီးတော့ အမြန်ဆုံးပြောင်းလဲဖို့လိုပါတယ်။ အခုအချိန်ကနေစပြီးတော့ အကောင်အထည်ဖော်လို့ရ တယ်ဆိုတာကိုလည်း ရှေ့ကကိုယ်စားလှယ်တော်တွေဆွေးနွေးပြီးသား ဖြစ်ပါတယ်။ Third Party တွေ အတွက်တိကျခိုင်မာတဲ့ မူဝါဒတွေချမှတ်ပေးဖို့ လိုပါတယ်။ အခုအနေအထားမှာတော့ Third Party တွေအနေနဲ့က စစ်သာစစ်ရတယ် သူတို့ရဲ့တာဝန်ယူမှု၊ တာဝန်ခံမှုက ဘယ်လောက်လဲ။ အချို့ အချို့

သောကုမ္ပဏီတွေကနေပြီးသွားတော့မှ သူတို့တွေအပေါ်မှာ ပူးပေါင်းဆောင်ရွက်မှုမရှိဘူးဆိုလို့ရှိရင် ဘာတွေလုပ်ကိုင်ဆောင်ရွက်ရမလဲ။ အခက်အခဲတွေတွေ့နေပါတယ်။ အဲဒီအတွက်ကြောင့်မို့လို့ မူဝါဒတွေချမှတ်ဖို့လိုပါတယ်။ ဌာနဆိုင်ရာတွေကနေပြီးတော့ ကိုယ်တိုင်အကောင်အထည်ဖော်နေတဲ့ နေရာမှာ Third Party ကဲ့သို့သော သီးခြားလွတ်လပ်တဲ့အဖွဲ့အစည်းတွေရဲ့ စစ်ဆေးခြင်းတွေကို လိုက်နာဆောင်ရွက်ဖို့လိုပါတယ်။ ဒီနေရာမှာ ကျွန်တော်ပြောချင်တာက ဆောက်လုပ်ရေးတစ်ခုတည်း မဟုတ်ပါဘူး။ ဌာနတွေက ကိုယ်တိုင်ဆောက်လုပ်နေတဲ့ ဌာနတိုင်းကို ကျွန်တော်ဆိုလိုချင်တာပါ။ ဆည်မြောင်း၊ စည်ပင်အစရှိသဖြင့် ဌာနပေါင်းစုံကို ကျွန်တော်ဆိုလိုချင်တာပါ။ နောက်ဆုံးအနေနဲ့ တင်ပြလိုတာကတော့ အစောပိုင်းမှာကျွန်တော်ဆွေးနွေးသွားသလို ညွှန်ကြားချက်တွေ အကြိမ်ကြိမ် ထုတ်နေရတဲ့အဖြစ်ကနေ လွတ်ကင်းအောင် အဂတိလိုက်စားမှုနည်းတဲ့နိုင်ငံတွေမှာတောင်မှ ဥပဒေပြဋ္ဌာန်းပြီးသွားတော့မှ တင်ဒါကိစ္စတွေကို လုပ်ကိုင်ဆောင်ရွက်နေကြတယ်ဆိုရင် ကျွန်တော်တို့ နိုင်ငံလိုမျိုးဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုအနေနဲ့ ရှင်းလင်းတယ်၊ ပြတ်သားတယ်၊ တာဝန်ယူမှု၊ တာဝန်ခံမှုတွေ ပါဝင်တဲ့ Proctuerement Law ကို အမြန်ဆုံးရေးဆွဲပြဋ္ဌာန်းနိုင်ဖို့ လိုအပ်နေပြီဆိုတာကို ကျွန်တော့်အနေနဲ့ တင်ပြရင်း အဆိုရှင် ဒေါ်နန်းခမ်းအေးရဲ့အဆိုကို ထောက်ခံဆွေးနွေးလိုက်ရပါတယ်။ ကျေးဇူးတင်ပါ တယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးတင်ကိုကိုဦး(ဘီးလင်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ ဘီးလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်ကိုကိုဦး ဖြစ်ပါတယ်။ နမ္မတူမဲဆန္ဒနယ်က ဒေါ်နန်းခမ်းအေးရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ အဆိုရှင်ဆွေးနွေးသွားတဲ့ဆီမှာ အပိုင်းသုံးပိုင်းနဲ့ဆွေးနွေးမှာ ဖြစ်ပါတယ်။ ပထမတစ်ခုကတော့ လုပ်ငန်းနဲ့သက်ဆိုင်တဲ့ပစ္စည်းတွေရယ်၊ အထိုင်ဈေးအစားကို အရောက်ဈေးအဖြစ်နဲ့သတ်မှတ်ဖို့၊ နောက်တစ်ခုက ဝန်ကြီးဌာနကနည်းပညာအရလုပ်ဆောင်ရန် မလိုအပ်တဲ့လုပ်ငန်း တွေ တင်ဒါမခေါ်တာတွေဟာ ညွှန်ကြားချက်တွေနဲ့ ကွဲလွဲစွာဆောင်ရွက်ခြင်းဆိုတဲ့ အချက်တစ်ချက်၊ နောက်ဆုံးတစ်ခုကတော့ Drawing လုပ်ငန်းပုံစံနဲ့ ပစ္စည်းအရည်အသွေးကို သက်ဆိုင်ရာဝန်ကြီးဌာနကသာ တစ်ခါတည်းသတ်မှတ်ရေးဆွဲပေးဖို့ဆိုတဲ့အချက်သုံးချက်ကို ကျွန်တော် အဓိကထားဆွေးနွေး သွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေသအလိုက်ဈေးနှုန်းသတ်မှတ်တဲ့ နေရာမှာ ကျွန်တော်တို့က အဆောက်အအုံဆောက်တဲ့နေရာတွေရဲ့ လမ်းပန်းဆက်သွယ်ရေး၊ ရေရရှိမှု၊ နယ်မြေငြိမ်းချမ်းရေး၊ ရာသီဥတုနဲ့ မြေပြင်အနေအထားတွေကို ထည့်သွင်းပြီးတော့ အရောက်စနစ်ကို တွက်ချက်တာဟာ တကယ်ကိုလက်တွေ့ကျတဲ့ကိစ္စ ဖြစ်ပါတယ်။ အဲဒီလိုမဟုတ်ဘဲနဲ့ ကျွန်တော်တို့ လက်ရှိအခြေအနေမှာ အကွာအဝေးမိုင်နဲ့တွက်ချက်တဲ့အခါကျတော့ အကွာအဝေးမိုင်နီးပေမဲ့ လမ်းမသာတဲ့နေရာတွေရှိတယ်။ အကွာအဝေးမိုင်ဝေးပေမဲ့ လမ်းသာတဲ့နေရာတွေရှိတာဖြစ်တဲ့အတွက် ကြောင့် ကျွန်တော်တို့အဓိကအားဖြင့်ကတော့ ပစ္စည်းတွေရဲ့ဈေးနှုန်းကို အရောက်စနစ်ကို အဓိက အားဖြင့်တွက်ချက်မယ်ဆိုရင် ဒါဟာ လက်တွေ့ကျတဲ့အချက်ဖြစ်တဲ့အတွက်ကြောင့် ဒီအချက်ကို ထောက်ခံဆွေးနွေးရခြင်းဖြစ်ပါတယ်။

**မူကြမ်း**

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့က နိုင်ငံတော်သမ္မတရုံးက ညွှန်ကြားချက်အမှတ်(၁/၂၀၁၇)ကို ထုတ်ပြန်ခဲ့ပါတယ်။ ဒီထုတ်ပြန်တဲ့နေ့ရက်ကိုကြည့်ခြင်းအားဖြင့် ကျွန်တော်တို့ ပြီးခဲ့တဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ဒီညွှန်ကြားချက်က လိုက်နာရမှာဖြစ်ပါတယ်။ ဒီညွှန်ကြားချက်မှာလိုက်နာဖို့အတွက်ကိုလည်း တင်ဒါကော်မတီတွေအနေနဲ့ ကျပ် ၁၀ သန်းအောက်ကို တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေအတွက် တင်ဒါခေါ်ရမယ့် လမ်းညွှန်ချက် ကျပ် ၁၀ သန်းကနေ ကျပ်သန်း ၁၀၀ အထိကို တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေ လုပ်ဆောင်ခြင်းအတွက် လမ်းညွှန်ချက် ကျပ်သန်း ၁၀၀ အထက်ကို တည်ဆောက်ခြင်း၊ ဝယ်ယူခြင်းနဲ့ ဝန်ဆောင်မှုရယူခြင်း လုပ်ငန်းတွေအတွက် လမ်းညွှန်ချက်တွေကို တိတိကျကျဖော်ပြထားပြီးဖြစ်ပါတယ်။

ဒီနေရာမှာ တင်ဒါကော်မတီတွေအနေနဲ့ အကောင်အထည်ဖော်ရမယ်ဆိုတဲ့အခါကျတော့ တင်ဒါကော်မတီတွေကို ဘယ်သူတွေနဲ့ဖွဲ့စည်းထားလဲလို့ ကြည့်တဲ့အခါကျတော့ ပြည်ထောင်စုအဆင့် ဌာနအဖွဲ့အစည်းများအနေနဲ့ကတော့ ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန်က တင်ဒါကော်မတီရဲ့ဥက္ကဋ္ဌဖြစ်ပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်များမှ ခေါ်ယူမယ့်တင်ဒါများအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးများကတော့ တင်ဒါကော်မတီရဲ့ဥက္ကဋ္ဌဖြစ်ပါတယ်။ အဲဒီတော့ တင်ဒါရဲ့လမ်းညွှန်ချက်တွေကို လိုက်နာဆောင်ရွက်ဖို့ဆိုတာ တင်ဒါကော်မတီမှာ တင်ဒါဥက္ကဋ္ဌတွေက တာဝန်ရှိပါတယ်။ အဲဒီတော့ တင်ဒါဥက္ကဋ္ဌတွေက လိုက်နာမှုဘယ်လောက်လဲဆိုတာက လက်ရှိဆောက်လုပ်ရေးလုပ်ငန်းတွေမှာ ဖြစ်ပေါ်နေတဲ့အရည်အသွေးတွေ၊ ချစားမှုတွေက သက်သေခံနေတာဖြစ်ပါတယ်။ တင်ဒါကော်မတီဥက္ကဋ္ဌတွေ၊ ပြီးတဲ့အခါကျတော့ ကျွန်တော်တို့ သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အဖွဲ့အကြီးအကဲ သို့မဟုတ် တိုင်းဒေသကြီး ပြည်နယ်ဝန်ကြီးချုပ်အား တင်ပြအတည်ပြုချက်ရယူရမည်ဆိုတဲ့အချက် ပါပါတယ်။ ဒါကြောင့် ပြည်ထောင်စုတင်ဒါကော်မတီဆိုရင် ပြည်ထောင်စုဝန်ကြီးဌာန အဖွဲ့အကြီးအကဲကို အတည်ပြုချက်ရယူထားပြီးဖြစ်ပါတယ်။ တိုင်းဒေသကြီးရဲ့ တင်ဒါကော်မတီဟာလည်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ရဲ့ အတည်ပြုချက်ကို ရယူထားပြီးဖြစ်ပါတယ်။ ဒါကြောင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနရဲ့အဖွဲ့အကြီးအကဲတွေ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်တွေအနေနဲ့ကလည်း အတည်ပြုချက်ရယူထားတဲ့အတိုင်း သက်ဆိုင်ရာတင်ဒါကော်မတီတွေကနေ အကောင်အထည်ဖော်နေသလားဆိုတဲ့ဟာကို ပြန်ပြီးတော့ ကြီးကြပ်ဖို့လိုပါတယ်။ လမ်းညွှန်ဖို့လိုပါတယ်။ ဒီအချက်က အဆိုရှင်ရဲ့ညွှန်ကြားချက်နဲ့ ကွဲလွဲစွာဆောင်ရွက်နေခြင်းဆိုတဲ့အချက်ကို ကျွန်တော်ထောက်ခံဆွေးနွေးရခြင်းဖြစ်ပါတယ်။ နောက်ဆုံးတစ်ချက်ကတော့ Drawing သက်ဆိုင်ရာဝန်ကြီးဌာနတွေက လုပ်ငန်းပုံစံ မိမိဌာနအတွက် လိုချင်တဲ့အဆောက်အဦ၊ လမ်း၊ တံတား၊ ပုံစံတွေ၊ အရည်အသွေးတွေကို မိမိဌာနကသာပိုပြီးတော့သိပါတယ်။ ဒါကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနတွေက Drawing ကို ကိုယ့်ဟာကိုစိတ်ကြိုက်ဆွဲ၊ အရည်အသွေးကိုသတ်မှတ်ပြီးတော့မှ တင်ဒါခေါ်မယ်ဆိုရင်တော့ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့လည်း စိတ်ကြိုက်ဖြစ်မယ်၊ တင်ဒါဝင်ဆွဲတဲ့ကုမ္ပဏီတွေ အနေနဲ့လည်း Drawing တွေကို တစ်ယောက်တစ်မျိုးမဆွဲနေရတော့ဘူး။ လိုချင်တဲ့လူက ကိုယ်လိုချင်တဲ့အတိုင်း ခေါ်လိုက်ပြီဖြစ်တဲ့အတွက်ကြောင့် သူတို့အနေနဲ့လည်း Drawing တွေထပ်ဆွဲစရာမလိုတဲ့အတွက်ကြောင့် Drawing ဟာတစ်ခါပဲဆွဲရပါမယ်။ အဲဒီအတွက်ကြောင့်

ဝန်ထုပ်ဝန်ပိုးမဖြစ်စေပါဘူး။ တင်ဒါရဲ့ကုန်ကျစရိတ်ကိုတော့ တင်ဒါအောင်မြင်တဲ့ကုမ္ပဏီကို ကျခံစေခြင်းဖြင့် လုပ်အားနဲ့ကုန်ကျစရိတ်ကိုလည်း ဆုံးရှုံးသက်သာစေမှာဖြစ်တယ်။ မအောင်မြင်တဲ့ ကုမ္ပဏီတွေအတွက်ကိုလည်း ဝန်ထုပ်ဝန်ပိုးမဖြစ်တဲ့အတွက်ကြောင့် ဒီအဆိုကို ထောက်ခံဆွေးနွေးရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ဒေါ်နန်းခမ်းအေး၊ နမ္မတူမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန်ဖြစ်ပါတယ်။

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ရှမ်းပြည်နယ်၊ နမ္မတူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေးမှ တင်သွင်းထားတဲ့ ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရဌာနအဖွဲ့အစည်းများအနေဖြင့် တင်ဒါများအား ခေါ်ယူဆောင်ရွက်ရာတွင် လုပ်ငန်းနှင့်သက်ဆိုင်သောပစ္စည်းများ၏ သယ်ယူပို့ဆောင်ခစရိတ်များနှင့် နည်းပညာအရ ဝန်ကြီးဌာနမှ လုပ်ဆောင်ရန်မလိုသော လုပ်ငန်းတစ်ခုလုံး အပြီးဆောင်ရွက်ရသည့်လုပ်ငန်းများကို တင်ဒါမခေါ်ဘဲ ကန်ထရိုက်ရတင်ဒါအောင်မြင်သူတစ်ဦးကဲ့သို့ လုပ်ကိုင်ဆောင်ရွက်နေခြင်း၊ ညွှန်ကြားချက်များ၊ လုပ်ငန်းလမ်းညွှန်ချက်များနှင့် ကွဲလွဲစွာဆောင်ရွက်နေခြင်းတို့ကို အမြန်ဆုံးလိုက်နာဆောင်ရွက်ရန်နှင့် တင်ဒါပေးရာတွင် ဒေသနှင့်ကိုက်ညီသော ပြီးပြည့်စုံသည့်လုပ်ငန်းပုံစံ(Drawing)များနှင့်တွက်ချက်မှု(Estimate)များကို သက်ဆိုင်ရာဝန်ကြီးဌာနမှသာ တာဝန်ယူရေးဆွဲဆောင်ရွက်ပေးပြီး ဈေးနှုန်း(Rate)များကို တင်ဒါဆွဲမည့်ကုမ္ပဏီများကို ထည့်သွင်းရေးဆွဲစေခြင်းဖြင့် မျှတစွာယှဉ်ပြိုင်မှုကို ဖော်ဆောင်ပေးရန် အဆိုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေး တင်သွင်းတဲ့အဆိုမှာ အဓိပ္ပာယ်သုံးမျိုးပါဝင်ပြီးတော့ အပိုင်းသုံးပိုင်းပါဝင်ပါတယ်။ အပိုင်း(၁)အနေနဲ့ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား အထိုင်ဈေးခေါ်ယူပြီး သယ်ယူပို့ဆောင်ခကို ဌာနမှပေးချေခြင်း၊ အပိုင်း(၂)အနေနဲ့ ဆောက်လုပ်ရေးလုပ်ငန်းများကို ဝန်ထမ်းများမှ လုံးဝမဆောင်ရွက်တော့ဘဲ တင်ဒါသာလျှင် ခေါ်ယူဆောင်ရွက်စေခြင်းနှင့် အပိုင်း(၃)အနေနဲ့ တင်ဒါခေါ်ယူရာမှာ Drawing များ၊ Estimate များပြည့်စုံအောင်ရေးဆွဲပြီး ပွင့်လင်းမြင်သာမှုရှိအောင် ချပြပြီးမှ ယှဉ်ပြိုင်စေခြင်းတို့ဖြစ်ပါတယ်။ အပိုင်း(၃)ဖြစ်တဲ့ တင်ဒါခေါ်ယူခြင်းနှင့်ပတ်သက်ပြီးတော့ Drawing များ၊ Estimate များ ပြည့်စုံရေးအတွက် ၁၄-၁၁-၂၀၁၇ ရက်နေ့မှာ ကျင်းပတဲ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးမှာ ကျွန်တော့်အနေနဲ့ ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ဘဏ္ဍာရေးနှစ်တစ်နှစ်အတွင်းမှာဆောင်ရွက်မယ့်လုပ်ငန်းများ၏ ပထမခြောက်လအတွင်းလုပ်ငန်းစတင်မှု၊ ပြီးစီးမှု၊ ဘဏ္ဍာငွေသုံးစွဲမှု

နှေးကွေးရခြင်းမှာ တင်ဒါခေါ်ဆိုခြင်းဆိုင်ရာလုပ်ငန်းစဉ်များ မပြီးပြတ်သေးခြင်းတို့ကြောင့် ဖြစ်ပါတယ်။ တချို့ဝန်ကြီးဌာနများမှာ လျာထားရန်ပုံငွေတင်ပြစဉ်က လုပ်ငန်းအချို့မှာ ခန့်မှန်းပုံစံဖြင့် တွက်ချက်တင်ပြခဲ့ပြီးတော့ ခွင့်ပြုရန်ပုံငွေရရှိချိန်မှသာ အသေးစိတ်ပုံစံထုတ်၍လည်းကောင်း၊ အချို့ ဌာနများတွင် အင်ဂျင်နီယာမရှိသည့်အတွက် တင်ဒါခေါ်ယူတဲ့အခါမှာ တင်ဒါယှဉ်ပြိုင်မည့်ကုမ္ပဏီများအား ပုံစံတစ်ပါတည်းရေးဆွဲတင်ပြခိုင်းခြင်း စတဲ့ အမျိုးမျိုးကွဲပြားမှုတွေကြောင့် နှောင့်နှေးမှုတွေ၊ မညီမျှမှုတွေရှိနေနိုင်ပါတယ်။

ဘတ်ဂျက်ရေးဆွဲတင်ပြတဲ့အခါမှာ ပုံစံရေးဆွဲတင်ပြပြီးမှသာ တင်ပြရန်၊ ပုံစံများကိုလည်းပဲ Architectural Drawings, Structrual Drawings များ အပြည့်အစုံတင်ပြပြီးမှသာ ရေးဆွဲကြရန်နှင့် လွှတ်တော်အတည်ပြုချက်ရရှိပြီးပြီးချင်း ကြိုတင်၍ တင်ဒါခေါ်ဆိုထားကြရန်နှင့် အဲဒီအချိန်မှာ တင်ဒါရွေးချယ်ပြီးပါက ဘဏ္ဍာရေးနှစ်စတင်တဲ့အချိန်မှာပင် လုပ်ငန်းများစတင်ဆောင်ရွက်နိုင်မှာဖြစ်လို့ ဘဏ္ဍာရေးနှစ်တစ်နှစ်အတွင်း လုပ်ငန်းများပြီးစီးနိုင်မည်ဖြစ်ကြောင်း ကျွန်တော့်အနေနဲ့ တိုက်တွန်းခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လုပ်ငန်းများတင်ဒါခေါ်ယူရာမှာ လုပ်ငန်းများနှင့်ပတ်သက်ပြီးတော့ Architectural Drawings များ၊ Structrual Drawings များ အပြည့်အစုံရေးဆွဲပြီးတော့မှ ကုမ္ပဏီများကို တွက်ချက်ယှဉ်ပြိုင်စေခြင်းဖြင့် မျှတတဲ့ယှဉ်ပြိုင်မှုကို ဖြစ်စေမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဆိုရဲ့အပိုင်းတစ်ပိုင်းဖြစ်တဲ့ တင်ဒါခေါ်ယူရာမှာ Drawing များ၊ Estimate များ ပြည့်စုံအောင်ရေးဆွဲပြီးတော့ ပွင့်လင်းမြင်သာမှုရှိအောင်ချပြပြီးမှ ယှဉ်ပြိုင်စေခြင်းနဲ့ပတ်သက်တဲ့ အဆိုကတော့ လက်တွေ့မှာလည်း အမှန်တကယ်လိုအပ်နေတဲ့အတွက် ဒီအပိုင်းကို ထောက်ခံကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရဲ့နောက်အပိုင်းတစ်ပိုင်းဖြစ်တဲ့ အပိုင်း(၁)မှာ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို အထိုင်ဈေးဖြင့် တင်ဒါခေါ်ယူနေပြီးတော့ သယ်ယူပို့ဆောင်တဲ့နေရာမှာ သက်ဆိုင်ရာဌာနမှ တင်ဒါမခေါ်ဘဲနဲ့ တိုင်းဒေသကြီး/ပြည်နယ်ဈေးနှုန်းများဖြင့် သယ်ယူပို့ဆောင်နေခြင်းနှင့်ပတ်သက်ပြီး ဆောင်ရွက်နေခြင်းကို ရပ်ဆိုင်းပြီးတော့ သယ်ယူပို့ဆောင်ခြင်းအပါအဝင် ပစ္စည်းသယ်ပို့ခအားလုံးကို တင်ဒါခေါ်ယူရန်ဆိုတဲ့အပိုင်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ ဆက်လက်ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ဒီနေရာမှာလည်းပဲ ဒီလိုရှင်းလင်းတင်ပြဖို့က မသမာမှုလုပ်တဲ့၊ အလွဲသုံးစားလုပ်တဲ့ဝန်ထမ်းတွေဘက်နေပြီးတော့ ရှင်းလင်းတင်ပြတာမဟုတ်ပါဘူး။ မသမာမှုလုပ်တဲ့ဝန်ထမ်းတွေ၊ အလွဲသုံးစားမှုလုပ်တဲ့ဝန်ထမ်းတွေဟာ တည်ဆဲဥပဒေတွေနဲ့တိကျစွာ အရေးယူသွားရမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ရှင်းလင်းတင်ပြလိုတာက လက်တွေ့လုပ်ရန်ခက်ခဲနေတဲ့ တချို့အပိုင်းလေးတွေကို ရှင်းလင်းတင်ပြခြင်းဖြစ်ပါတယ်။ လုပ်ငန်းခွင်သုံးပစ္စည်းများ တင်ဒါခေါ်ယူရာမှာ လုပ်ငန်းခွင်နေရာအရောက်ဝယ်ယူခြင်း၊ သတ်မှတ်သိုလှောင်ရုံအရောက်ဝယ်ယူခြင်းနှင့် Quarry တွင် စုဆောင်းဝယ်ယူခြင်းဆိုပြီး အပိုင်းသုံးပိုင်းရှိပါတယ်။ ဥပမာအနေနဲ့တင်ပြရမယ်ဆိုရင် တံတားကြီးတွေ တည်ဆောက်တဲ့နေရာမှာ တံတားတည်ဆောက်မယ့် Batching Plant အရောက် ကျောက်တွေ၊ သဲတွေကို တင်ဒါခေါ်ယူမယ်။ ဘိလပ်မြေတွေ၊ သံချောင်းတွေကို တံတား Site အရောက် တင်ဒါခေါ်ယူမယ်။ ဒါတွေက ရှင်းရှင်းလင်းလင်းရှိပါတယ်။ နေရာအရောက်တင်ဒါခေါ်ယူခြင်းဖြစ်ပါတယ်။ ငြိမ်းချမ်းတဲ့ တိုင်းဒေသကြီး/ပြည်နယ်တွေမှာ ကျောက်၊ သဲ၊ လုပ်ငန်းတွေကို လုပ်ငန်းခွင်

အရောက် တင်ဒါခေါ်ယူရမှာ ဖြစ်ပါတယ်။ လမ်းဘေးအရောက်၊ သက်ဆိုင်ရာနေရာအရောက် တင်ဒါခေါ်ယူရမှာဖြစ်ပါတယ်။ သို့သော်လည်းပဲ ဘီလပ်မြေလိုကိစ္စမျိုးကျတဲ့အခါကျတော့ သိုလှောင်ရုံ အရောက် အရင်ဆုံးတင်ဒါခေါ်ယူပြီး သိုလှောင်ထားရမှာ ဖြစ်ပါတယ်။ ပြီးတော့မှ အသုံးပြုမယ့် လုပ်ငန်းခွင်ဟာ တကယ်လို့နှစ်မိုင်မှာရှိတဲ့ Box Culvert လေးတွေသွားဆောက်မယ်ဆိုလို့ရှိရင်၊ သို့မဟုတ်ရင် ငါးမိုင်မှာရှိတဲ့တံတားငယ်လေးတွေဆောက်မယ်ဆိုရင် မိုးလေဝသအခြေအနေကောင်း တဲ့အချိန်၊ လုပ်သားတွေ အဆင်သင့်ဖြစ်တဲ့အချိန်မှာ သွားရောက်ဆောင်ရွက်ကြတာမျိုး ဖြစ်ပါတယ်။ လုပ်ငန်းခွင်လိုအပ်သလောက် ဘီလပ်မြေအိတ် ၂၀ သယ်သွားမယ်၊ အိတ် ၃၀ သယ်သွားမယ်စသဖြင့် ဆောင်ရွက်ရခြင်းဖြစ်တဲ့အတွက် ဒါတွေကတော့ တင်ဒါခေါ်ယူရန်မလိုဘဲနဲ့ (၁/၂၀၁၇)မှာပါတဲ့ ကျပ် ၁၀ သန်းအောက် လုပ်ငန်းတွေသည် ဘုတ်အဖွဲ့နဲ့သာလျှင် ဆောင်ရွက်ရန်ဆိုတဲ့အတွက် တိုင်းဒေသ ကြီး/ပြည်နယ်အစိုးရအဖွဲ့များက သတ်မှတ်ထားတဲ့ဈေးနှုန်းတွေနဲ့ လုပ်ငန်းခွင်သို့ရောက်ရှိစေရန် အတွက် ယာဉ်ငယ်များငှားရမ်းပြီးတော့ ဆောင်ရွက်ကြရတာဖြစ်ပါတယ်။ ဒီနေရာမှာ အဲဒီလုပ်ငန်းတွေ အတွက် တင်ဒါခေါ်မယ်ဆိုရင် မလိုအပ်ဘဲနဲ့ အချိန်ကုန်၊ လုပ်ငန်းကြန့်ကြာမှုဖြစ်စေနိုင်တဲ့အတွက် (၁/၂၀၁၇)မှာကိုက ကျပ် ၁၀ သန်းအောက်တွေကို တင်ဒါခေါ်ယူရန်မလိုအပ်သေးဘူးလို့ သတ်မှတ် ထားခြင်းဖြစ်ပါတယ်။ ဒီလိုလုပ်ငန်းသေးတွေ၊ မငြိမ်းချမ်းတဲ့နေရာတွေမှာ လုံခြုံရေးအစောင့်အရှောက် နဲ့သွားလာလုပ်ရတဲ့အလုပ်တွေဟာလည်း သွားလို့ရပြီလို့ သတင်းပို့တာနဲ့တစ်ပြိုင်နက် ချက်ချင်း ပစ္စည်းတွေ၊ လုပ်သားတွေ ကားပေါ်တင်ပြီး သွားရောက်ဆောင်ရွက်ရတာတွေရှိပါတယ်။ ဒါကြောင့် မို့လို့ အဲဒီနေရာတွေမှာလည်း ပစ္စည်းတွေကြိုတင်ပုံထားလို့မရဘဲ သိုလှောင်ရုံကနေပြီးတော့ တစ်ပါတည်းထုတ်ယူသွားရတဲ့ လုပ်ငန်းမျိုးတွေလည်းရှိပါတယ်။ ဒါတွေကတော့ ကျပ် ၁၀ သန်း အောက်လုပ်ငန်းလေးတွေဖြစ်ပြီးတော့ တင်ဒါခေါ်ယူရန်မလိုအပ်ဘဲနဲ့ သက်ဆိုင်ရာဘုတ်အဖွဲ့နဲ့ လုပ်ပါဆိုပြီးတော့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရဲ့ညွှန်ကြားချက်နဲ့ ဆောင်ရွက်ပေးထားရတာ မျိုးဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေရာမှာ တစ်ပါတည်း ရှင်းပြလိုတာက ကျွန်တော် တို့ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ Decentralized လုပ်တဲ့နေရာမှာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ကို နောင်လည်း Federal ပေါ်လာလို့ရှိရင် အဆင်သင့်ဖြစ်အောင်ဆိုပြီးတော့ တင်ဒါ ခေါ်ယူခြင်း လုပ်ငန်းအဆင့်အားလုံးကို ကျွန်တော်တို့ဆောက်လုပ်ရေးဝန်ကြီးဌာနက မဆောင်ရွက် တော့ဘဲနဲ့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များရဲ့အစီအစဉ်နဲ့ တင်ဒါကော်မတီများကို သက်ဆိုင် ရာဝန်ကြီးများကဦးဆောင်ပြီးတော့ လုပ်ငန်းအတွက် ဒေသထွက် ကျောက်၊ သဲ ဝယ်ယူခြင်းတွေကို သက်ဆိုင်ရာကော်မတီများက ခေါ်ယူကြရမှာဖြစ်ပါတယ်။ ဒီနေရာမှာ တင်ဒါကော်မတီဥက္ကဋ္ဌဖြစ်တဲ့ သက်ဆိုင်ရာလမ်းပန်းဆက်သွယ်ရေးဝန်ကြီးများက အခြေအနေပေါ်မူတည်ပြီးတော့ ဒါတွေကတော့ Quarry မှာ ဝယ်မယ်။ ဒါတွေကတော့ အရောက်သယ်မယ်ဆိုတာ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များရဲ့ဆုံးဖြတ်ချက်နဲ့ ဆောင်ရွက်သွားရမယ့်ကိစ္စများဖြစ်ပါတယ်။ ပြည်ထောင်စု ကတော့ ဒီအဆင့်ထိမဆောင်ရွက်ပါဘူး။ ကျွန်တော်တို့အနေနဲ့ အားလုံးကို Decentralized ပြုလုပ် ထားပြီး ဖြစ်ပါတယ်။ ဒီနေရာမှာ (၁/၂၀၁၇)အရ ကျပ် ၁၀ သန်းအောက်ဆိုရင် တင်ဒါခေါ်ယူရန် မလို ဘူးဆိုပြီး ညွှန်ကြားထားပြီးဖြစ်တဲ့အတွက် ဒီလိုဆောင်ရွက်ခြင်းကလည်း သမ္မတရုံးရဲ့ဆုံးဖြတ်ချက်

ဖြစ်တဲ့(၁/၂၀၁၇)ကို သွေဖြည်ခြင်းမရှိကြောင်းကို တင်ပြအပ်ပါတယ်။ တင်ဒါခေါ်ယူရန်မလိုအပ်တဲ့ ကျပ် ၁၀ သန်းအောက်ကိစ္စရပ်များကို ဆောင်ရွက်ရာမှာ ကိုယ်ကျိုးရှာခြင်း၊ အလွဲသုံးစားမှုပြုခြင်းစတဲ့ ကိစ္စမျိုးရှိတယ်ဆိုရင်တော့ တိတိကျကျတိုင်ကြားမှုရှိလာမယ်ဆိုရင် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းအရ သော်လည်းကောင်း၊ တည်ဆဲဥပဒေအရသော်လည်းကောင်း ပြတ်ပြတ်သားသား အရေးယူရမှာ ဖြစ်ပါတယ်။ ညွှန်ကြားချက်၊ လမ်းညွှန်ချက်များနဲ့ကွဲလွဲပြီးတော့ကျမှ တည်ဆဲစည်းမျဉ်းဥပဒေတွေနဲ့ ကွဲလွဲပြီး ဆောင်ရွက်တယ်ဆိုရင်လည်း တိကျစွာအရေးယူရမှာဖြစ်ပါတယ်။ ဥပမာအားဖြင့်ပြောလို့ရှိရင် ၁၀ သန်းအောက်ကို တင်ဒါခေါ်ယူရန်မလိုဘူးဆိုတဲ့ဟာမှာ လုပ်ငန်းတစ်မျိုးတည်းကို ၁၀ သန်းအောက် လေးတွေ ခွဲပြီးတော့ကျမှ၊ ဆောင်ရွက်ပြီးတော့ကျမှ တကယ်တမ်းကျတော့ ဒါသည် ၁၀ သန်းအထက် လုပ်ငန်းကို ၁၀ သန်းအောက်လေးတွေခွဲပြီးတော့ကျမှ လတ်တလုံးခြားဆောင်ရွက်နေတယ်ဆိုရင် လည်း ကျွန်တော်တို့ ပြတ်ပြတ်သားသားအရေးယူသွားရမှာ ဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ Quarry မှာသာလျှင် တင်ဒါခေါ်ယူပြီး တစ်ခေါက်ချင်း တစ်ခေါက် ချင်းသယ်နေတာကို ထပ်ပြီးတော့ သယ်ယူပို့ဆောင်ခကို တင်ဒါခေါ်မယ်ဆိုရင်တော့ မလိုလားအပ်တဲ့ နှောင့်နှေးကြန့်ကြာမှုတွေ ဖြစ်လာနိုင်ပါတယ်။ တင်ဒါခေါ်တာနဲ့ပတ်သက်ပြီးတော့လည်း ဒီ(၁/၂၀၁၇) ဖြစ်လာဖို့အတွက်ကိုလည်း ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာ ဆန်းစစ်သုံးသပ်ရေးကော်မရှင်မှာ အသေးစိတ်ဆွေးနွေးခဲ့ကြပါတယ်။ ဒီဆွေးနွေးမှုမှာလည်း ကျပ် ၁၀ သန်းအောက်လုပ်ငန်းဆိုရင် မလိုလားအပ်တဲ့အခက်အခဲလေးတွေဖြစ်မှာစိုးတဲ့အတွက် ဖြေလျှော့ထား ပြီးတော့ ကျပ် ၁၀ သန်းအထက်ကို တင်ဒါခေါ်ယူဖို့ ဆောင်ရွက်ထားခြင်း ဖြစ်ပါတယ်။ အထက်ပါ တင်ပြရှင်းလင်းခဲ့တဲ့အချက်တွေအရ အဆိုရဲ့အပိုင်းတစ်ပိုင်းဖြစ်တဲ့ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအား အထိုင်ဈေးခေါ်ယူပြီး သယ်ယူပို့ဆောင်ခကို သက်ဆိုင်ရာဌာနမှ ပေးချေခြင်းအပိုင်း အဆိုကို မှတ်တမ်းသာတင်ထားသင့်ပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ အဆိုရဲ့နောက်အပိုင်းတစ်ပိုင်း ဖြစ်တဲ့ အပိုင်း(၃)မှာ ဆောက်လုပ်ရေးလုပ်ငန်းများကို ဝန်ထမ်းများမှ လုံးဝမဆောင်ရွက်တော့ဘဲ တင်ဒါသာလျှင်ခေါ်ယူဆောင်ရွက်စေခြင်းဆိုတဲ့အပိုင်းက ကျွန်တော့်အနေနဲ့ ၁၄-၁၁-၂၀၁၇ ရက်နေ့က ပြည်ထောင်စုလွှတ်တော်အစည်းအဝေးမှာလည်း တင်ပြပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာန အနေနဲ့ ၂၀၁၆ ခုနှစ် ဧပြီလကတည်းကစပြီးတော့ Regulatory Body အဖြစ် ပြောင်းဖို့ဆောင်ရွက် လျက်ရှိပါတယ်။ World Bank မှ Mr. Zuntu အကြံပြုချက်အရ ကျွန်တော်တို့ ချက်ချင်းကြီးပြောင်းလဲ လို့မရပါဘူး။ အဆင့်လိုက်၊ အဆင့်လိုက်သွားရမှာဖြစ်တဲ့အတွက် အခုဆိုရင် ADB က Mr. Andrew တို့ရဲ့ကူညီမှုနဲ့ တစ်ဆင့်ပြီးတစ်ဆင့်ပြောင်းလဲဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီနေရာမှာ Rules and Regulations တွေ ရေးဆွဲနေပါတယ်။ ပြီးတော့မှ Standard၊ Spec; နဲ့ Standard Operation Procedure တွေအားလုံး တစ်ဆင့်ပြီးတစ်ဆင့်ရေးဆွဲလျက်ရှိပါတယ်။ ဒါတွေအားလုံးရေးဆွဲပြီးရင် ကျွန်တော်တို့တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဒါနဲ့ ပတ်သက်ပြီးတော့ လွန်ခဲ့တဲ့နှစ်နှစ်လောက်ကတည်းက UECC လို့ခေါ်တဲ့ Framework မူကြမ်းရေးဆွဲပြီး ဖြစ်ပါတယ်။ နောင်နှစ်ဆိုရင် ဘာလုပ်မလဲ၊ နောက်တစ်နှစ်ဆို ဘာလုပ်မလဲ စသဖြင့် တစ်ဆင့်ချင်းပြောင်းလဲ

ဆောင်ရွက်လျက်ရှိပါတယ်။ အခုက World Bank ပြောင်းချင်တဲ့အကြောင်းက World Bank က ပြောထားတဲ့အကြောင်းက ကျွန်တော်တို့နိုင်ငံက အခြားနိုင်ငံတွေနဲ့ မတူတဲ့အချက်တွေရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုဆောင်ရွက်နေတဲ့ တချို့မငြိမ်းချမ်းတဲ့နေရာက လုပ်ငန်းတွေနဲ့ပတ်သက်ပြီးတော့ Power Point ဖြင့် ရှင်းလင်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ဖော်ပြပါပုံတွေမှာပါတဲ့နေရာဟာ လွန်ခဲ့တဲ့နှစ်ပတ်၊ သုံးပတ်ကပဲ မီးရှို့ဖျက်ဆီးခြင်းခံရတဲ့တံတားနဲ့ စက်ယာဉ်ယန္တရားတွေဖြစ်ပါတယ်။ ဒါဆိုလို့ရှိရင်တော့ ရခိုင်ပြည်နယ်မှာ ကျွန်တော်တို့နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရန်အတွက် ဌာနကပဲ ဝန်ထမ်းပေါင်း ၂၀၀ ကျော်နဲ့ အရေးပေါ် သွားဆောက်ခဲ့ရတဲ့ အဆောက်အဦတွေဖြစ်ပါတယ်။ ဆောက်နေတုန်းမှာပဲ အဲဒီလုပ်ငန်းခွင်မှာသုံးတဲ့ Backhole ပုံပါအတိုင်း မီးရှို့ဖျက်ဆီးခြင်းခံခဲ့ရပါတယ်။ ဒီနေရာမှာဆိုရင်လည်း လမ်းကြိတ်စက်နှစ်စီး မီးရှို့ဖျက်ဆီးခံထားရသလို ကျွန်တော်တို့ ဝန်ထမ်းသုံးဦး အသတ်ခံရကြောင်း၊ မြို့နယ်အင်ဂျင်နီယာ တစ်ဦး ဖမ်းဆီးခံရကြောင်း အကြောင်းကြားလာတဲ့ ကြေးနန်းစာများဖြစ်ပါတယ်။ ဖော်ပြပါပုံများ ကတော့ မြောက်ပိုင်းဒေသနေရာတစ်ခုမှာ တံတားလေးတစ်စင်း ဖျက်ဆီးခံရတဲ့အချိန်မှာ လမ်းပန်း ဆက်သွယ်ရေးမပြတ်တောက်စေရေးအတွက် ၂၄ နာရီအတွင်းမှာ လုံခြုံရေးအစောင့်အရှောက်တွေနဲ့ ချက်ချင်းပြုပြင်ဆောင်ရွက်ခဲ့ရတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ထမ်း များက အဲဒီအချိန်မှာ အန္တရာယ်ရှိမှန်းသိပေမဲ့ ဆောက်လုပ်ရေးအထူးအဖွဲ့များသည် စေလွှတ်တဲ့နေရာ ကို မူလတာဝန်များအပြင် ဝန်ထမ်းဖြစ်တဲ့အတွက် ဝန်ထမ်းစည်းမျဉ်းတာဝန်များအရ ချက်ချင်း သွားရောက်ဆောင်ရွက်ရပါတယ်။ ဝန်ထမ်းဆိုတာ ကျရာတာဝန်ကို ငြင်းပယ်ခွင့်မရှိပါဘူး။ အဲဒီအချိန် မှာ အသတ်ခံရပြီး အသက်ဆုံးရှုံးသွားတဲ့ ဝန်ထမ်းတွေလည်းရှိပါတယ်။ တချို့ဝန်ထမ်းတွေဆို ဖမ်းခေါ် သွားပြီးတော့ အခုအချိန်ထိ သေသလား၊ ရှင်သလားမသိတာတွေလည်းရှိပါတယ်။ ဒါတွေဟာ ဝန်ထမ်းမို့လို့ဒီလိုဆောင်ရွက်ပေးကြတာ ဖြစ်ပါတယ်။ တကယ်လို့များ ကျွန်တော်တို့ ဝန်ကြီးဌာနမှ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်မှုမရှိတော့ဘူးဆိုရင် ဒီလိုကိစ္စမျိုးတွေ အရေးပေါ်နဲ့ သဘာဝဘေးလုပ်ငန်းတွေပေါ်လာလို့ရှိရင် ဒါတွေကို ဘယ်လိုဆောင်ရွက်မလဲ၊ ဘယ်လိုလုပ်မလဲ၊ ဘယ်လိုပုံစံမျိုးလုပ်မလဲ၊ ဘယ်လောက်ဈေးနှုန်းနဲ့လုပ်မလဲ အဲဒါတွေအားလုံးကို ဒါတွေအားလုံးက စဉ်းစားဆောင်ရွက်သွားကြရမှာပါ။ ဒီအတွက် ဒီလိုဆောင်ရွက်ဖို့ကိုလည်းပဲ ကျွန်တော်တို့ Standard Operation Procedure တွေရေးဆွဲနေတာဖြစ်ပါတယ်။

ခုနကပဲ ကျွန်တော်တို့ တနိုင်းမဲဆန္ဒနယ်က ဦးလင်းလင်းဦး တင်ပြသွားတဲ့ ကုမ္ပဏီက ဆောင်ရွက်မှုမပြုတော့မယ့်လမ်းပိုင်းကို ဝန်ကြီးဌာနအနေနဲ့ ချက်ချင်းပဲဝင်ရောက်ဆောင်ရွက်တော့ မယ်ဆိုပြီး ခုနပဲ ကျွန်တော်ဖြေကြားခဲ့ပြီးဖြစ်ပါတယ်။ အဲဒီလိုအခြေအနေမျိုးတွေရှိနေလို့ရှိရင် ဖြေရှင်း နိုင်ဖို့ကိစ္စအတွက်ကို ADB ကနေပြီးတော့ Peace and Development Team စနစ်တကျ Standard Operation Procedure ဆိုကို ရေးဆွဲအကူအညီပေးနေတာဖြစ်ပါတယ်။ ဒါတွေဟာ ကျွန်တော်တို့က ရုတ်တရက်ကြီး တိခနဲဖြတ်ချလို့မရတဲ့အနေအထားကို တင်ပြခြင်းဖြစ်ပါတယ်။ ဒါကိုလည်းပဲ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်မှာ ကျွန်တော့်အနေနဲ့ တင်ပြခြင်းဖြစ်ပါတယ်။ ဒါတွေဟာ တစ်ဆင့်ချင်းသွားရမှာဖြစ်တဲ့အတွက် ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ အခုလိုတစ်ဆင့်ချင်း ဆောင်ရွက်နေတဲ့ကိစ္စတွေကို အခုလို အကျိုးအကြောင်းစုံလင်စွာ တင်ပြခွင့်ရတဲ့အတွက် အဆို

တင်သွင်းတဲ့ ကိုယ်စားလှယ်ကြီးကိုလည်း ကျေးဇူးတင်ပါတယ်။ ၂၀၂၀ ခုနှစ်နောက်ပိုင်းဆိုရင် ကျွန်တော်တို့ဌာနက Regulatory Body ဖြစ်ပါပြီ။ ဒီနေရာမှာ ၂၀၂၀ ခုနှစ်နောက်ပိုင်းဆိုလို့ ဇမ္ဗူသီရိ မဲဆန္ဒနယ်၊ ဦးဖြိုးဇေယျာသော် အပြုသဘောထောက်ပြသွားတဲ့အချက်လေးတွေလည်း ရှိပါတယ်။ ကျွန်တော်တို့ ၂၀၂၀ ခုနှစ် ဒီဇင်ဘာနောက်ပိုင်းအစား ဒီထက်စောပြီးတော့ကျမှ Regulatory Body ဖြစ်နိုင်အောင် ကြိုးစားပေးပါဆိုတာ အင်မတန်ကောင်းမွန်ပါတယ်။ အပြုသဘောထောက်ပြချက် ကျွန်တော်တို့အနေနဲ့ ADB ကိုလည်း အမြန်ဆုံးညှိနှိုင်းပြီး အမြန်ဆုံးဖြစ်အောင် ဆောင်ရွက်သွားဖို့ လည်း ကျွန်တော် တိုက်တွန်းပါ့မယ်။ နောက်တစ်ချက်က ဦးဖြိုးဇေယျာသော်ရဲ့ အပြုသဘော ထောက်ပြချက်က အစိုးရဌာနဆောင်ရွက်ချက်တွေကို Third Party နဲ့စစ်ဆေးဖို့ဆိုပြီးတော့ ထောက်ပြ သွားတာလေးတွေ လည်း ချက်ချင်းဒါကိုဆောင်ရွက်ဖို့လည်း အခုလည်း ညွှန်ကြားထားပြီးဖြစ်ပါတယ်။ ဒါကိုလည်း Third Party ကျွန်တော်တို့ဆောင်ရွက်နေတာကိုလည်း Third Party နဲ့စစ်ဆေးဖို့ကို လည်း တစ်နိုင်ငံလုံးကို ထပ်မံပြီးတိတိကျကျဖြစ်အောင် ညွှန်ကြားပါတယ်။ အဲဒီအပြင် ဦးဖြိုးဇေယျာသော်ရဲ့ အပြုသဘောထောက်ပြချက်မှာ ညွှန်ကြားချက်တွေအားလုံးကိုလည်း တိကျစွာ လိုက်နာမယ်ဆိုရင် ဒီပြဿနာဟာ မဖြစ်ဘူးဆိုတဲ့ကိစ္စလေးပြောတာပါ။ မှန်ပါတယ်။ ညွှန်ကြားချက်တွေ တိကျစွာလိုက်နာဖို့အတွက်ကို ထပ်မံပြီးတော့ ဖိအားပေးဆွဲပေးသွားပါမယ်။ နောက်တစ်ချက်က Third Party မူဝါဒနဲ့ပတ်သက်ပြီး တော့လည်း တိကျစွာရေးဆွဲပေးဖို့ Check List ရေးဆွဲပေးဖို့လည်း ထောက်ပြသွားတာ ကျွန်တော်တို့အနေနဲ့ ဒါကိုမှတ်သားပြီးတော့ ဆောင်ရွက်သွားပါမယ်။ နောက်ဆုံး အရေးကြီးဆုံးအချက်ကို ထောက်ပြ သွားတာရှိပါတယ်။ Produrement Law ကိုရေးဆွဲပြီးရင်တော့ ဒီပြဿနာတွေမရှိတော့ဘူးဆိုတာ မှန်ပါတယ်။ Produrement Law ကို World Bank က ဦးဆောင်ပြီးတော့၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ဦးဆောင်ပြီးတော့ ဆောက်လုပ်ရေးဝန်ကြီး ဌာနမှာ ပါဝင်ပြီး ရေးဆွဲလျက်ရှိပါတယ်။ ဒါလည်းပဲ အခုက အကြမ်းထည်ရေးဆွဲပြီးပါပြီ။ အမြန်ဆုံး ဒီကိစ္စသည် Cabinet အတည်ပြုပြီးရင်တော့ ပြည်ထောင်စုလွှတ်တော် တင်ပြပြီးတော့ အတည်ပြု သွားမှာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဒီအဆိုရဲ့အပိုင်းတစ်ပိုင်းဖြစ်တဲ့ ဆောက်လုပ်ရေးလုပ်ငန်းများကို ဝန်ထမ်းများမှ လုံးဝမဆောင်ရွက်တော့ဘဲ တင်ဒါသာလျှင် ခေါ်ယူဆောင်ရွက်စေခြင်းဆိုတဲ့အပိုင်းသည် ၂၀၂၀ ခုနှစ် နောက်ပိုင်းဆိုရင်တော့ ပေါ်လာမှာပါ။ ဒီထက်လည်းစောပြီးပေါ်လာအောင် ကျွန်တော်တို့ဆောင်ရွက် သွားပါမယ်။ ဒါကြောင့်မို့လို့ လတ်တလောဆောင်ရွက်၍ မရနိုင်သေးပါသဖြင့် မှတ်တမ်းသာတင်ထား သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ နမ့်တူမြို့နယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဒေါ်နန်းခမ်းအေး တင်သွင်းထားရှိသော အဆိုမှာပါဝင်တဲ့အပိုင်းများကို တစ်ပိုင်းခြင်း အလိုက် ကျွန်တော်ရှင်းလင်းတင်ပြသွားခဲ့ပြီးဖြစ်ပါတယ်။ တင်ပြချက်များမှာ အပိုင်း(၃)သည် လက်တွေ့မှာလည်း အမှန်တကယ်ဆောင်ရွက်ရန် လိုအပ်နေတဲ့အတွက် ထောက်ခံရမှာဖြစ်ပါတယ်။ သို့သော်လည်းပဲ ကျန်အပိုင်း(၁)နှင့်(၂)တို့သည် လတ်တလောဆောင်ရွက်၍ မရနိုင်သေးပါသဖြင့် မှတ်တမ်းတင်ထားရှိသင့်ပါကြောင်းနှင့် အဆိုတစ်ခုလုံးကိုခြုံငုံပြီးတော့ မှတ်တမ်းတင်ထားရှိသင့်ပါ ကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့်ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဒေါ်နန်းခမ်းအေး(နမ္မတူမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါ။ နိုင်ငံတော်အချုပ်အခြာအာဏာရဲ့ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ခွဲခြားကျင့်သုံးပြီး အချင်းချင်းအပြန်အလှန်ထိန်းကျောင်းရမယ်ဆိုပြီး ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁ ပုဒ်မခွဲ(က)မှာပါရှိထားပါတယ်။ အဲဒါကြောင့် ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာနအဖွဲ့စည်း၊ တစ်နည်းအားဖြင့် အုပ်ချုပ်ရေးအာဏာကို အပြု သဘောဆောင်ပြီး ထိန်းကျောင်းတဲ့အဆိုဖြစ်ပါတယ်။ ဒီအဆိုအတွက် မိမိတို့ရဲ့မဲဆန္ဒနယ်မြေမှာရှိနေတဲ့ အချက်တွေကို အခြေခံပြီး ဆွေးနွေးပေးကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များကို လေးစားပါကြောင်း ဦးစွာပြောကြားလိုပါတယ်။ ကျွန်မဒီအဆိုဟာ အုပ်ချုပ်ရေးအာဏာကို ထိန်းကျောင်းတဲ့ အပြုသဘော ဆောင်တဲ့ထိန်းကျောင်းတဲ့အဆိုဖြစ်တဲ့အတွက်ကြောင့် လာရောက်ဖြေဆိုတဲ့ဒုတိယဝန်ကြီးဟာ အုပ်ချုပ်ရေး အာဏာကို ကိုယ်စားပြုတယ်လို့ သတ်မှတ်ရမှာဖြစ်ပါတယ်။ ဝန်ကြီးဖြေဆိုသွားတဲ့အထဲမှာ အချက်(၁) နှင့်(၂)မှာဆိုလို့ရှိရင် ဝန်ကြီးနှိုင်းယှဉ်ပြသွားတာက ၁၀ သန်းအောက်ကိုပဲ နှိုင်းယှဉ်ပြသွားပါတယ်။ တကယ့်တင်ဒါစည်းမျဉ်းစည်းကမ်းမှာပါနေတဲ့ ၁၀ သန်းအထက်ကို လုံးဝဆွေးနွေးသွားခြင်းမရှိသလို ကျွန်မဒေသမှာသော်လည်းကောင်း၊ တခြားသောဒေသမှာသော်လည်းကောင်း ၁၀ သန်းအထက်နှင့် ပတ်သက်တာကို တင်ဒါလုံးဝမခေါ်ဘဲနဲ့ ဆောက်လုပ်ရေးက ဆောင်ရွက်နေတာတွေ သက်သေ အထောက်အထားအများကြီးရှိနေပါတယ်။ ဥပမာ မြေသားလမ်းချဲ့ခြင်းမှာဆိုလို့ရှိရင် တစ်မိုင်ကို ဆောက်လုပ်ရေးကနေပြီးတော့ သန်း ၄၀ နဲ့ဆောင်ရွက်နေတဲ့အချိန်မှာ လုပ်ငန်းမဆောင်ရွက်နိုင်သေး တဲ့အတွက်ကြောင့် တခြားသောကုမ္ပဏီတွေကို ၂၅ သန်းနဲ့ ငှားရမ်းပြီးဆောင်ရွက်နေတာတွေလည်း ကျွန်မ သက်သေရှိနေပါတယ်။ ဒါပေမဲ့ ကျွန်မက အပြုသဘောဆောင်ပြီး ထိန်းကျောင်းခြင်းဖြစ်တဲ့ အတွက်ကြောင့် ကျွန်မ ရရှိတဲ့အချိန်အတွင်းမှာ ပထမဆုံးနေ့က ကျွန်မတင်သွင်းတာက အပြုသဘော ဆောင်ပြီးအထောက်အပံ့တွေကို ဥပမာအနေနဲ့ ကျွန်မတင်ပြခြင်းဖြစ်ပါတယ်။ အကယ်၍ ဝန်ကြီးက နေပြီးတော့ ဒါကိုအတည်ပြုဖို့၊ ဆောင်ရွက်ဖို့ ခက်ခဲနေပါသေးတယ်။ တည်ဆဲဥပဒေအရ အရေးယူပါ ဆိုပြီးတော့ ဒုတိယဝန်ကြီးဖြေဆိုသွားတာ ရှိပါတယ်။ အဲဒီလို တည်ဆဲဥပဒေတွေအရ အရေးယူမယ်ဆို လို့ရှိရင် အခုလည်ပတ်နေတဲ့ တည်ဆောက်ရေးနှင့်ပတ်သက်တဲ့ ယန္တရားကြီးက တန့်သွားနိုင်တဲ့ အခြေ အနေရှိပါတယ်။ နယ်မြေအခက်အခဲနဲ့ပတ်သက်ပြီး ကျွန်မအနည်းငယ်ပြောချင်ပါတယ်။ နယ်မြေ အခက်အခဲရှိတဲ့ဒေသတွေမှာဆိုလို့ရှိရင် တည်ဆောက်ရေးလုပ်ငန်းအတွက် သက်ဆိုင်ရာဌာနကသော် လည်းကောင်း၊ ကုမ္ပဏီကသော်လည်းကောင်း၊ ဒေသခံပြည်သူတွေရဲ့အကူအညီနဲ့အောင်မြင်စွာ ဆောင်ရွက်နေရတဲ့အချိန် ဖြစ်ပါတယ်။ နောက် တင်ဒါနဲ့ပတ်သက်တဲ့ကွဲလွဲတဲ့ ညွှန်ကြားချက်လုပ်ငန်း လမ်းညွှန်ထဲမှာဆိုလို့ရှိရင် ဓာတ်သတ္တုခွန်က အရမ်းအရေးကြီးပါတယ်။ ဒီဓာတ်သတ္တုခွန်လိုပုံမျိုးကို တောင်မှ မလိုက်နာနိုင်ဘူးဆိုလို့ရှိရင် ဓာတ်သတ္တုခွန်နဲ့ပတ်သက်ပြီးတော့ ရှားတောမဲဆန္ဒနယ်က ဒေါ်ဝင့်ဝါထွန်းကလည်း အချက်အလက်အတိအကျနဲ့ တင်ပြသွားခြင်းပဲ ဖြစ်ပါတယ်။ အဲဒါကြောင့် ဒီအုပ်ချုပ်ရေးအာဏာအနေနဲ့ အပြုသဘောဆောင်တဲ့ထိန်းကျောင်းမှုကို လိုက်နာကျင့်သုံးဖို့ လိုအပ် နေပါပြီ။ ညွှန်ကြားချက်တွေနဲ့ ကွဲလွဲစွာဆောင်ရွက်နေတဲ့အချက်တွေဟာ မြေပြင်မှာ ဆင်သွားသလို ထင်ရှားနေတဲ့အချက်တွေ အများကြီးရှိနေပါတယ်။ အဲဒါကြောင့် သက်ဆိုင်တဲ့ဌာနအားလုံးတွေနဲ့

အပြုသဘောဆောင်ပြီးတော့ ထိန်းကျောင်းမှုကို လက်ခံဖို့ ကျွန်မတိုက်တွန်းချင်ပါတယ်။ ကျွန်မရဲ့ သဘောကတော့ ဒီအဆိုကို အတည်ပြုဖို့ပဲ ဆန္ဒရှိပါကြောင်း ပြောကြားလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်နန်းခမ်းအေး၊ နမ့်တူမဲဆန္ဒနယ်က တင်သွင်းတဲ့အဆိုကို ကိုယ်စားလှယ် ၁၁ ဦးက ထောက်ခံအကြံပြုဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနက အဆိုအား ပြန်လည်ရှင်းတဲ့အခါမှာ အပိုင်းသုံးပိုင်းခွဲပြီး ရှင်းလင်းပါတယ်။ အပိုင်သုံးပိုင်းနဲ့ နှစ်ပိုင်းကိုတော့ မှတ်တမ်းတင်ထားရှိကြောင်း ပြောလိုပြီးတော့ တစ်ပိုင်းကိုတော့ ထောက်ခံကြောင်းပြောပါတယ်။ ကျွန်တော်တို့ လွှတ်တော်အနေနဲ့ အပိုင်းလိုက်မဲခွဲလို့မရပါဘူး။ အဆိုတစ်ခုလုံးကိုပဲ မဲခွဲမှာဖြစ်ပါတယ်။ ဒါ ဟိုအပိုင်းကိုတော့ ထောက်ခံမယ်။ ဒီအပိုင်းကို မထောက်ခံဘူး မရပါဘူး။ အဆိုတစ်ခုလုံးကိုပဲ ကျွန်တော်တို့မဲခွဲမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဆိုရှင်ကလည်း အတည်ပြုပေးရန် ၎င်းရဲ့အဆိုကို အတည်ပြုပေးဖို့ ရှင်းလင်းပြောကြားတာဖြစ်ပါတယ်။ ဒါကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့သဘောထားရယူရန် စက်ခလုတ်အသုံးပြုတဲ့ဆန္ဒမဲပေးတဲ့ နည်းလမ်းနဲ့ ဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ အဆိုရှင်ရဲ့တင်ပြချက်အပေါ် မူတည်ပြီးတော့ မဲခွဲဆုံးဖြတ်ပါမယ်။ ထောက်ခံမဲများလျှင် အဆိုရှင်ရဲ့အတည်ပြုရန်တင်ပြချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ဝန်ကြီးဌာနက မှတ်တမ်းတင်ရန် တင်ပြချက်က အတည်ဖြစ်ပါမယ်။ ကျွန်တော်ထပ်ပြောပါမယ်။ စက်ခလုတ်အသုံးပြုတဲ့နည်းလမ်းနဲ့ ဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ အဆိုရှင်ရဲ့တင်ပြချက်အပေါ် မူတည်ပြီး မဲခွဲဆုံးဖြတ်ပါမယ်။ ထောက်ခံမဲများလျှင် အဆိုရှင်ရဲ့အတည်ပြုရန်တင်ပြချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ဝန်ကြီးဌာနရဲ့မှတ်တမ်းတင်ရန် တင်ပြချက်က အတည်ဖြစ်ပါမယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲပေါင်း ၁၀၁ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၂၅၄ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၈ မဲ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကန့်ကွက်တဲ့ကိုယ်စားလှယ်ဦးရေက များတဲ့အတွက် ဒေါ်နန်းခမ်းအေးတင်သွင်းတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနကိုတော့ ကျွန်တော်တို့ လွှတ်တော်အနေနဲ့ ပြောကြားလိုပါတယ်။ ဒီအဆိုဟာ တကယ်လည်းလိုအပ်တဲ့အဆိုတစ်ခု ဖြစ်ပါတယ်။ အရေးလည်းကြီးပါတယ်။ အဆိုမှာအပိုင်းသုံးပိုင်းပါလို့ ရောထွေးနေလို့သာ ဒီလိုမဲခွဲရတဲ့အဆင့်ရောက်တယ်။ တကယ်လို့ တစ်ချက်ချင်းသာဆိုရင် အတည်ပြုရမယ့်အဆင့်ရောက်ချင်လည်း ရောက်နိုင်မယ်။ သို့သော် အခု ကိုယ်စားလှယ်တွေအားလုံးဆွေးနွေးတယ်။ အဆိုရှင်ကလည်း ဆွေးနွေးတယ်။ အဆိုရှင်ကို ထောက်ခံတဲ့ကိုယ်စားလှယ်လည်း ဆွေးနွေးတယ်။ ကိုယ်စားလှယ်တွေအားလုံးဆွေးနွေးတာ သက်ဆိုင်ရာဝန်ကြီးဌာန ကြားမှာပါ။ ဒါတကယ် မြေပြင်အခြေအနေမှာ ပကတိဖြစ်ပျက်နေတာပါ။ မြေပြင်အခြေအနေမှာ ပကတိဖြစ်ပျက်နေတဲ့အခါကျတော့ ၂၀၂၀ ခုနှစ်အထိ အခုနက ဖွဲ့စည်းမယ့် Body၊ အခုနက ပြဋ္ဌာန်းမယ့်ဥပဒေ။ အဲဒီအထိအချိန်ယူနေမယ့်အစား တကယ်လို့ မပြောင်းလဲဘဲနဲ့ အဲဒီအထိ အချိန်ယူနေမယ်ဆိုရင်လည်း ကျွန်တော်ပြောပါမယ်။ ကျွန်တော်တို့ကိုယ်စားလှယ်တွေ အခုဒီမှာဆွေးနွေးတာ စေတနာ

ပါတယ်။ တိုင်းပြည်အတွက်။ ကျေးဇူးလည်းတင်တယ်။ ဒီလိုဆွေးနွေးရုံနဲ့မပြီးဘူး။ ကိုယ့်ဒေသမှာ တစ်ခုချင်းဖြစ်ပျက်နေတာကို ကျွန်တော်အမြဲပြောတယ်။ စာရွက်စာတမ်းအထောက်အထား၊ ဓာတ်ပုံအထောက်အထား၊ စာရင်းဇယားအထောက်အထား စသည့်အချက်အလက်အထောက်အထားနဲ့ ပြည်သူ့ဘဏ္ဍာအပေါ်မှာ အလွဲသုံးစားလုပ်တယ်ဆိုရင် နိုင်ငံတော်အကြီးအကဲတွေဆီ တိုင်ပါ။ တကယ်လို့ အဂတိနဲ့ငြိစွန်းတယ်ဆိုရင်လည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဆီ တိုင်ပါ။ တိတိကျကျတိုင်ပါ။ အဆိုလေးပေါ်လာပါမှ ကျွန်တော်တို့က ဆွေးနွေးကြတယ်၊ ဆွေးနွေးကြတယ်။ ပြီးရင် အခုလိုပဲ မှတ်တမ်းတင်တယ်။ မှတ်တမ်းတင်စောင့်ကြည့်တွေနဲ့ပြီးနေမယ့်အစား ထိရောက်တဲ့အလုပ်တစ်ခုကို လုပ်စေချင်တယ်။ လုပ်ပြလိုက်စေချင်တယ်။ ဘယ်သူတွေပါသွားသွား။ ပြည်သူ့ဘဏ္ဍာကို အလွဲသုံးစားလုပ်တာ အဲဒီလုပ်တဲ့သူတွေ ဘယ်သူပါသွားသွား။ လုပ်ပြလိုက်စေချင်တယ်။ အခုနက သံဖြူဇရပ်ကိုယ်စားလှယ် ဦးဉာဏ်ဟိန်းက ဆွေးနွေးပါတယ်။ ဝန်ကြီးချုပ်ဆီပို့ထားတယ်။ ကျွန်တော့်ဆီမိတ္တူပေးတယ်။ မှန်ပါတယ်။ မိတ္တူပေးရင် မိတ္တူရဲ့သဘာဝအတိုင်းပဲ ကျွန်တော့်မှာ လုပ်ပိုင်ခွင့်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေက ကျွန်တော့်ဆီပို့တဲ့ ဒီလိုပြဿနာစာတွေ၊ တိုင်စာ မှန်သမျှဆိုရင်တော့ ကျွန်တော်သေသေချာချာစိစစ်လေ့လာပြီး သက်ဆိုင်ရာပြည်ထောင်စုအစိုးရ တာဝန်ရှိတဲ့ပုဂ္ဂိုလ်၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ သက်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ကျွန်တော့်အနေနဲ့ ဆင့်ပြီးတော့ ဆင့်ကဲပြီးတော့ ပို့ပါတယ်။ ကျွန်တော်ပြောချင်တာက ကိုယ်စားလှယ်တွေကလည်း အခုလို ဒီလိုအဆိုကောင်းတစ်ခုပေါ်လာမှ ဆွေးနွေးမယ့်အစား အဲဒီလိုဖြစ်ပျက်နေတာ ကိုယ့်မဲဆန္ဒနယ်၊ ကိုယ့်ဒေသမှာ ဖြစ်ပျက်နေတာကို အချက်အလက်၊ အထောက်အထားလေးတွေနဲ့ တိတိကျကျဖော်ထုတ်စေချင်တယ်။ တိတိကျကျလုပ်စေချင်တယ်။ အဲဒီတော့ ၂၀၂၀ ခုနှစ်မှာ အခုနက ဥပဒေတွေပေါ်မှာတွေ၊ Body တွေပေါ်မှာတွေ ဘေးဖယ်ထား။ ၂၀၂၀ ခုနှစ်မပေါ်ခင် အဲဒီအထိ ကျွန်တော်တို့ကိုယ်စားလှယ်တွေက အချိန်မယူနဲ့။ ၂၀၂၀ ခုနှစ်မတိုင်ခင်အထိ ကျွန်တော်တို့ဒီမှာ လုပ်စရာရှိတာကို ပြတ်ပြတ်သားသားလုပ်စေချင်တယ်။ တိတိကျကျလုပ်စေချင်တယ်။ မှန်မှန်ကန်ကန် လုပ်စေချင်တယ်။ ဝန်ကြီးဌာနအနေနဲ့လည်း အခုအားလုံးကြားပြီ။ ကျွန်တော်တို့ပြောနေတာသည် နိုင်ငံတော်သမ္မတရုံးကညွှန်ကြားချက်အမှတ်(၁/၂၀၁၇) တင်ဒါစည်းမျဉ်းစည်းကမ်းကို တိတိကျကျ၊ မှန်မှန်ကန်ကန်လေးစားလိုက်နာဖို့ ပြောနေတာ။ ကျန်တဲ့ဟာမပါဘူး။ နိုင်ငံတော်သမ္မတရုံးရဲ့ ညွှန်ကြားချက် တင်ဒါခေါ်ယူရေးစည်းမျဉ်းစည်းကမ်းကို အခုမလိုက်နာလို့ ကိုယ်စားလှယ်တွေ ဆွေးနွေးနေတာ။ မလိုက်နာလို့ အောက်ခြေမှာ တွေ့ရှိနေလို့ ဆွေးနွေးနေတာ။ မလိုက်နာကြောင်းသိလို့လည်း နိုင်ငံတော်သမ္မတရုံးကလည်း နောက်ထပ်နှစ်ကြိမ်လောက် ထပ်မံ၊ ထပ်မံပြီးညွှန်ကြားနေရတယ်။ အဲဒါကြောင့် ကျွန်တော်တို့ ဒါကိုတော့ အခုနက အဆိုရှင်ပြောသလို Check and Balance သဘောတရားအရ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ အားထည့်ပြီးတော့ ထိထိရောက်ရောက်လေး လုပ်ပေးကြပါ။ လုပ်ပေးဖို့လည်း လွှတ်တော်အနေနဲ့ ကျွန်တော်တို့အားလုံးကို မေတ္တာရပ်ခံပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၈)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်(ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ၁၂း၃၀ နာရီအချိန်တွင် ရပ်နားပါသည်။]

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ (၁၄.၂.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ

pyithu.hluttaw.mm



U Kyaw Linn



U Sai Ngaung Seng Hein

pyithu.hluttaw.mm



U Kyaw Linn



U Maung Myint

pyithu.hluttaw.mm



U Kyaw Linn



U Ar Moe SI

pyithu.hluttaw.mm



U Kyaw Linn



U Linn Linn Oo

pyithu.hluttaw.mm



U Kyaw Linn



U Kyaw Tin

pyithu.hluttaw.mm



U Kyaw Linn



U Tun Tun Naing

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်